ဓမ္မစကြာ သာသနာပြုအဖွဲ့ကြီးမှ

ထုတ်ဝေသည်

အနတ္တလက္ခဏာသုတ်လုပ်ငန်းစဉ်အခြေခံ

ခေါ်

# အနတ္တဝိပဿနာအဖွင့်

ကျမ်း

ဓမ္မစကြာ ဖြန့်ချီးရေးဌာန

မူပိုင်

ဓမ္မစကြာသာသနာပြုအဖွဲ့ချုပ်

အမှတ်(၂၀) ကမ္ဘာ့ဧ — ဘုရားလမ်း — ရန်ကုန်မြို့

၂၉၁၆၀

ဂမ္ဘီရကျော် သာသနာပြုအဖွဲ့ကြီးမှ

အနုတ္တရ လက္ခဏာသုတ် အခြေခံကို

ရှင်းလင်းဘော်ပြအပ်သော

# အနတ္တဝိပဿနာ အဖွင့်ကျမ်း

---

ရတနာ သီရိ

ရတနာသီရိ စာပုံနှိပ်တိုက်၊

၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

# နိဒါန်း

မာ ဝေါ ခဏံ ဝိရာဓေထ၊
ခဏာတီတာ ဟိ သောစရေ။
သဒတ္ထေ ဝါယာမေယျာထ၊
ခဏော ဝေါ ပဋိပါဒိတော။

အပဒါန် ပါဠိတော်

ဝေါ၊သံသရာဝဋ်မှ လွတ်မြောက်လိုငြား အိုချစ်သားတို့။ ခဏံ၊ ဝိမုတ္တိဓမ္မ မြတ်ခဏကို။မာ ဝိရာဓေထ၊ မကျော်လွန်ကြ စေကုန်လင့်။ ဟိ၊ ထိုစကားသည် မှန်၏။ ခဏာတီတာ၊ ဝိမုတ္တိဓမ္မ မြတ်ခဏကို ကျော်လွန်ကြကုန်သော သူတို့သည်။ သောစရေ သောစန္တိ၊ နောင်တ တဖန် ပူပန်ကြလေကုန်၏။

သဒတ္ထေ၊ မဂ်ဖိုလ်ဓမ္မ တည်းဟူသော ကိုယ်ကျိုး ကိုယ်စီးပွားဌ်။ဝါယာမေယျာထ၊ လုံ့လကြိုးကုတ် အားထုတ်ကြကုန်လော့။

ဝေါ၊ သံသရာဝဋ်မှ လွတ်မြောက်လိုငြား သင်ချစ်သားတို့အား။ ခဏော၊ ဝိမုတ္တိဓမ္မ မြတ်ခဏသည်။ ပဋိပါဒိတော၊ အစဉ်မကြာ ဆိုက်ရောက်၍ လာလေပြီ။

အထက်ပါ ဆုံးမချက် ဒေသနာတော် အလာကို ဝေဘန်ထောက်ရှု ဆင်ခြင်သည်ရှိသော် မြတ်စွာဘုရား၏ သာသနာ

တော်သည် ခေတ် ၅-မျိုးရှိရာ ယခုအခါ သာသနာတော်၏ ခေတ်သည် ဒါနယုဂခေတ် ကုန်ဆုံး၍ ဝိမုတ္တိယုဂခေတ်ကြီးသို့ ပြန်လည် ထွန်းပေါ်တက်မည် ဖြစ်သောကြောင့် သာသနာ့နေဝန်းကြီး ပြန်လည် ထွန်းပေါ်ခိုက်တွင် မိမိတို့၏ နှလုံးအိမ်၌ အစဉ် စွဲဝင်နေသော အတ္တဒိဋ္ဌိ, အဘာနုဒိဋ္ဌိ သက္ကာယဒိဋ္ဌိ တရားဆိုးကြီးတို့ကို ရေသောက်မြစ်နှင့် တကွ ပယ်နှုတ်ကြလျက် ဝိမုတ္တိဓမ္မ မြိုက်ရသ တည်းဟူသော မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ကိုယ်ကျိုး ကိုယ်စီးပွားကို လက်ရ သိမ်းပိုက်နိုင်ရန် အထူးကြိုးစားသင့်လှပေ၏။

သဒ္ဒတ္တေဝါယာမေယျာထ-ဟူသော အထူးဆုံးမချက်ကို ဝေဘန်ပြန်လျှင် မိမိ၏ အရေးသည် သူတပါးတို့၏ အရေးထက် သာလွန်၍ အရေးကြီးကြောင်း ပုဂ္ဂိုလ်တိုင်း ဝန်ခံနိုင်ရသော်လည်း တရားရှာဖွေသော လုပ်ငန်းစဉ်၌ ကား မိမိ၏အရေးကို နောက်ထား၍ သူတပါးတို့၏ အရေးကို ရှေ့ထားပြီးလျှင် ရှာဖွေဘတ်လေသည်၊ တရားအလုပ်ကို အားထုတ်ကြရာ၌ မိမိ၏ကိစ္စ ပြီးစီးထမြောက်ရန်ကို ရှေးမရှုကြဘဲ သူတပါးအပေါ်၌ ဟောပြောရေးကို အားထုတ်တတ်ကြလေသည်။

ငါတို့သည်ပင်လျှင် ဝိပဿနာ လိုက်ခါစ၌ ရှေ့ဦးစွာ အဟော အပြောကိုသာ ဦးစိုက်၍ ဝိပဿနာ တရားကို လေ့

လာ ဆည်းပူးခဲ့ရာ မိမိကိုစွကို အရေးမပြုဘဲ ၃-နှစ်တိတိ ပြောဟောရေးနှင့်ပင် အချိန်ကုန်ခဲ့လေသည်။

ထို့ကြောင့် ယခုအခါ တရားအားထုတ်ကြကုန်သော ပါရမီရှင်တို့သည် သူဝါပါးအား ဟောပြောရေးကို မိမိကဲ့သို့ အားထုတ်နေမည်ကို သတိပြုစေလိုသောကြောင့် ဘော်ပြရခြင်းဖြစ်ပေသည်။

ဟောပြောခြင်း၌ မွေ့လျော်သော ပုဂ္ဂိုလ်သည် အလုပ်တရား၌ မွေ့လျော်ခြင်း ကင်းတတ်လေသည်၊ အလုပ်တရားမရှိသော ပုဂ္ဂိုလ်အား အဘယ်မှာလျှင် တရားအရသာကို ကိုယ်တွေ့ ခံစားရပါမည်နည်း။

ဟောပြောခြင်းသည်လည်း ၂-မျိုးရှိ၏၊ ၁။ မိမိကိစ္စပြည့်စုံ၍ သူတပါး ကိစ္စအတွက် ဟောပြောခြင်း၊ ၂။ မိမိကိစ္စ မပြည့်စုံဘဲနှင့် ဟောပြောခြင်းအားဖြင့် ၂-မျိုး ရှိရာ ဘုရား-ရဟန္တာ-အရိယာ အရှင်မြတ်တို့သည်ကား မိမိကိစ္စပြည့်စုံကြသဖြင့် သူတပါးတို့အားလည်း ပြည့်စုံကြစေရန် ရည်သန်တော်မူ၍ ဟောပြောကြလေသည်။

မိမိကိစ္စ မပြည့်စုံဘဲနှင့် ဟောပြောခြင်းတို့ မှာကား ပါရမီဆုတောင်းကို လိုက်၍ ဆုကြီးပန်ပုဂ္ဂိုလ်များ ဆောင်ရွက်ကြသော လုပ်ငန်းစဉ် ဖြစ်လေလည်း။

ဆုကြီးပန် မဟုတ်သော ပုဂ္ဂိုလ်တို့၏ အဘို့မှာကား ဝါသနာ စရိုက်အား လျော်စွာ အထုံဘာဝ ဆက်တိုင်း ၂-ဟူ

သော စကားကဲ့သို့ ဘဝ-အဆက်ဆက်က အားထုတ်လာသော ပါရမီအားလျော်စွာ ဟောပြောခြင်းကိစ္စကို အလွန်မွေ့လျော်ခြင်းဖြစ်ပေသည်။

ခဏ္ဍာခဝါ ပဋိပါဒိတော-ဟူသော ဆုံးမချက်၌လည်း ခဏသည် ၂-မျိုးရှိ၏၊ ၁-အဋ္ဌက္ခဏ ဟူသော ခေတ် တပါး၊ ၂-နဝမက္ခဏ ဟူသော ခေတ် တပါးအားဖြင့် ၂-ပါးရှိရာ မြတ်စွာဘုရား ပွင့်တော်မမူသော အခါတွင် ဤကမ္ဘာ စကြဝဠာကြီး၌ ၈-ပါးသော အဋ္ဌက္ခဏ ခေတ်သည် အစဉ်အားဖြင့် တည်ရှိနေလေသည်၊ ထိုအဋ္ဌက္ခဏ ခေတ်ကိုပင် လျှင် သတ္တဝါ အပေါင်းတို့သည် အမြတ်တနိုးနှင့် အားကိုးတခု စွဲယူပြုလျက် အားထုတ် လုပ်ဆောင်ကြရလေသည်။

ထို ၈-ပါးသော ခဏတို့၌ကား နိဗ္ဗာန်ရောက်ကြောင်းတည်းဟူသော တရားစစ် တရားမှန် မရှိနိုင်သောကြောင့် ထိုအဋ္ဌက္ခဏ ခေတ်ကို အမှီပြု၍ မှီတင်းနေကြသော သတ္တဝါ အပေါင်းတို့သည် အလင်းရောင်ကို လုံး၀ မရရှိကြဘဲ အမိုက်မှောင်အတိ ဖုံးအုပ်ခြင်းကို ခံစားနေကြရသဖြင့် လောကီကုသိုလ် အကုသိုလ် အားထုတ်ခြင်းမျှနှင့်ပင် ရောင့်ရဲ တင်းတိမ်၍ နေကြရသော ခေတ်ဖြစ်လေသည်။

နဝမက္ခဏ ခေတ်ဆိုသည်မှာ မြတ်စွာဘုရား ပွင့်တော်မူသော ဗုဒ္ဓုပ္ပါဒ ခေတ်ကို ဆိုလိုသည်၊ ထိုဗုဒ္ဓုပ္ပါဒ ခေတ်သည် ၈-ပါးသော အဋ္ဌက္ခဏခေတ်မှ ထွက်ပေါ်လာသော

ခေတ်ကြီးဖြစ်သောကြောင့် ၉-ခုမြောက် ဖြစ်ပေါ်လာသော ခေတ်ဟု ဆိုလိုသည်။

ထို ၉-ခုမြောက် နဝမက္ခဏ ခေတ်ကြီးမှ သာလျှင် အမိုက်မှောင် လွင့်ပျောက်၍ အလင်းရောင် ထွက်ပေါ် ဆိုက်ရောက်လာသော ခေတ်ကောင်းကြီး ဖြစ်သောကြောင့် သတ္တဝါ အပေါင်းတို့သည် ဤခေတ်ကြီးနှင့် ကြုံကြိုက်နိုင် ဖေအာင် အထူး တောင့်တကြရလေသည်။

ဤ ခေတ်ကြီးနှင့် ကြုံကြိုက်မှ သာလျှင် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားစစ် တရားမှန်တို့ကို ခံယူ သောက်ချိုး ကြရသဖြင့် သုံးဆယ်တဘုံ တည်းဟူသော နှောင်အိမ်ကြီး အတွင်းမှ လွတ်မြောက်နိုင်ခွင့် ရကြလေ သည်။

ယခုအခါ ဤကမ္ဘာ လောကကြီးသည် အထက်ပါ ၁၈ ၂-မျိုးနှင့် ဝေဘန်လျှင် ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ ထွက်ပေါ်နေ သော ကမ္ဘာလောကကြီး ဖြစ်သောကြောင့် သံသရာဝဋ္ဋ ဆင်းရဲကို အမှန် ကြောက်လန့်ကြသော ပါရမီရှင်တို့သည် ထို-ခဏကို မလွန်စေမူ၍ ''အချိန်ရှိခိုက် လုလ္လစိုက်'' ဟူသော စကားကဲ့သို့ လူ့ဘဝတွင် အရကြုံခိုက် ဝိပဿနာ လုပ်ငန်း စဉ် တရားများကို အထူး ပွားများ ဆည်းပူး အားထုတ် သင့်လှပေသည်။

ထို-ဗုဒ္ဓပူဇ ါဒ နဝမက္ခဏ ခေတ်ကြီးကို အဋ္ဌကထာ ဆရာ အရှင် မြတ်တို့က ၅၀၀၀-ဝေဘန်၍ မိန့်တော်မူချက်အရ ယခုအခါ ထို ခေတ်ကြီးသည် တဝက်လဲတော့မည်မှာ ၄-နှစ် သာ လိုတော့၏၊ ထို ခေတ် တဝက်သဲလျှင် အရှင် ဖုဿ ရဟန္တာ မထေရ်မြတ်၏ မိန့်တော်မူချက် ဖြစ်သော ခေတ် ၅-ချက်နှင့် ပေဘန်ဆင်ခြင်လျှင် ဝိမုတ္တိယုဂ ခေါ် အရိယာ ခေတ်ကြီး တဘန်ပြန်လည် ထွန်းပေါ်မည် အမှန် ဖြစ်သော ကြောင့် ထို ခေတ်ကြီးနှင့် ရင်ဆိုင် တွေ့ကြုံနေကြရသော ပါရမီရှင်တို့သည် အပြောနှင့် ရောင့်ရဲ တင်းတိမ်မနေကြဘဲ (ဝါ) နိဗ္ဗာန်ရပါလို၏-ဟူသော ဆုတောင်းနှင့် တင်းတိမ် မနေကြဘဲ နှလုံးအိမ်၌ ဝိမုတ္တိမမှ တည်းဟူသော တရား ခေတ်ကြီး ကိန်းဝပ်တည်နေအောင် အလွန် အရေးကြီး လေသည်။

ထို ဝိမုတ္တိယုဂ ခေတ်ကြီးသည်ကား ဤကမ္ဘာ လောက ကြီးတွင် တနေရာတည်း၌ အစဉ် ထွန်းပြောင် နေမည်ကား မဟုတ်နိုင်ပေ၊ ငါတို့၏ မြန်မာနိုင်ငံတော်၌ ဤဝိမုတ္တိယုဂ ခေတ်ကြီးသည် သာသနာတော် တဝက်တွင် ခာတ်အားရှိ သမျှ အစွမ်းကုန် ထွန်းပေါ်၍ တိုင်းနိုင်ငံ အသီးသီးသို့ လှည့်လည်တော်မူလိမ့်မည်။

အို....သူတော်ကောင်း အပေါင်းတို့ ထို ဝိမုတ္တိယုဂ ခေတ်ကြီးသည် ငါတို့၏ မြန်မာနိုင်ငံတော်၌ အစွမ်းကုန်

ထွန်းပေါ်ခိုက်တွင် မိမိတို့၏ နှလုံးအိမ်၌ အစဉ်ကိန်းနေသော အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ တည်းဟူသော အယုတ်တရားကြီးကို အမြန် ရှင်းထုတ်ကြလော့၊

ဝိမုတ္တိယုဂ ခေတ်ကြီး ထွန်းပေါ်ခိုက်တွင် အမြန်ရှင်းထုတ်နိုင်ကြစေရန် ရည်သန်တော်မူပြီးလျှင် ဓမ္မစကြာ အရိယာသာသနာပြု အဖွဲ့ကြီးမှ ရှေးဦးစွာ ပထဝီဓာတ်နှင့် ဉာဏ် ၉-လွှာ ခေါ် ဝိပဿနာလုပ်ထုံးနည်းကျမ်းကို ပညာရှိများ ဆင်ခြင်သုံးသပ်တော်မူရန်နှင့် ဝိပဿနာ လုပ်ငန်းစဉ်ကို အားထုတ်ကြသော ပါရမီရှင်များ အတွက် တိုင်းပြည်သို့ တင်ဆက်တော် မူခဲ့လေသည်။

ထိုနောက်တဘန် ဝိပဿနာဉာဏ် ၉-ဆင့် စခန်းသို့ အသိဉာဏ် ဆိုက်ရောက်ကြသော ပါရမီရှင်များ အတွက် သန္တတိ အရပ်ရပ်ကို ဖြတ်တောက်၍ အိမ်ယာထောင် အရိယာ မဂ် စခန်းသို့ တက်လှမ်းနိုင်ကြစေရန် ရည်သန်တော်မူ၍ ဓမ္မစကြာ ပဋိပတ် အဖွင့်ကျမ်းကို တိုင်းပြည်သို့ တင်ဆက်ပြန်လေသည်။

ယခုတဘန် အနတ္တလက္ခဏသုတ် လုပ်ငန်းစဉ်ကို တက်လှမ်းနိုင်ရန် အတွက် အသိဉာဏ် ရရှိပြီးဖြစ်သော ဓမ္မစကြာနှင့် ဝိပဿနာဉာဏ် ၉-ဆင့် လုပ်ငန်းစဉ်တို့ကို အကြိမ်ကြိမ် ဝေဘန်ဆင်ခြင်တော်မူပြန်ရာ အလွန်သိမ်မွေ့ နက်နဲလှစွာ

သော အနတ္တဓမ္မတို့ကို သဘာဝတွေ့အားဖြင့် အသိဉာဏ်မှာ ထွက်ပေါ်လာပြန်လေသည်။

ထိုသဘာဝ အတွေ့ အနတ္တဓမ္မတို့ကို အသိဉာဏ် ပိုင်မှ သာလျှင် အနတ္တ လက္ခဏာသုတ် လုပ်ငန်းစဉ်ကို သက်ဝင် နိုင်မည် အမှန်ဖြစ်လေရကား၊ ထိုသဘာဝတွေ့ အနတ္တဓမ္မ တို့ကိုလည်း မိမိတွေ့သိသလို ဝိပဿနာ ယောဂီပုဂ္ဂိုလ်များ လည်း တွေ့သိနိုင်စေရန် ရည်သန်ရိုးယွင်း နှလုံးသွင်း ရှိ သည့်တချက်၊ ဝိပဿနာဉာဏ် ၉-ဆင့်နှင့် ဓမ္မစကြာ တရား တို့၌ အသိဉာဏ် မပေါက်ရောက်ကြသေးသော ပါရမီရှင် တို့မှာလည်း ဤ သဘာဝတွေ့ အနတ္တဓမ္မကို သက်ဝင် ဆင် ခြင်အားထုတ်သော် အသိဉာဏ်အလင်းဓာတ်ပေါက်ပြီးလျှင် ဝိပဿနာဉာဏ် ၉-ဆင့်နှင့် ဓမ္မစကြာတရားတို့၌ အသိဉာဏ် အပိုင် ဆိုက်ရောက်နိုင်မည် ဖြစ်ပါသောကြောင့် ဤအနတ္တ ဝိပဿနာ အဖွင့်ကျမ်းကို တဖန်ရေးသားစီရင်၍ တိုင်းပြည် သို့ တင်ဆက်ရခြင်း ဖြစ်ပေ၏။

## အထူးသတိပြုရန်

ဤ အနတ္တ ဝိပဿနာ အဖွင့်ကျမ်းသည် ဝိပဿနာဉာဏ် ၉-ဆင့်နှင့် ဓမ္မစကြာ လုပ်ထုံးနည်းတို့ကို အကျဉ်းချုံး၍ သဘာဝနည်းဖြင့် ဘော်ပြရေးသား ထားပါသောကြောင့် ဒေသနာ မျက်စိ သက်သက်နှင့် ဝေဘန် သိမ်းဆည်း ပါက အခက်အခဲနှင့် တွေ့ကြုံ ရဘတ်ပါလိမ့်မည်။

ဒေသနာနည်းခေါ် ဉာဏ်မျက်စိ, လက်တွေ့နည်းခေါ် ဉာဏ်မျက်စိ, သဘာဝနည်း ဉာဏ်မျက်စိခေါ် မျက်လုံး ၃-လုံးနှင့် ကြည့်ရှုဝေဘန်နိုင်မှသာလျှင် ဤကျမ်း၏ သဘာဝ အနတ္တဓမ္မတို့ကို မိမိကိုယ်တိုင် ကျေနပ်စွာဖြင့် ဝန်ခံနိုင်ကြပေမည်။

သို့ပါ၍ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် အမှန်လိုလားကြကုန်သော ပါရမီရှင် အပေါင်းတို့သည် မိမိတို့၏ ကိုယ်ပိုင် အသိဉာဏ်နှင့် မဝေဘန် နိုင်ခဲ့သော် ကျမ်းပြုပုဂ္ဂိုလ်နှင့် ဆွေးနွေးတော် မူကြပါ။

ထိုမှ တပါး ပါရမီရှင်များအတွက် အလွယ် တကူနှင့် အသိဉာဏ် ရကြစေရန် ရည်သန်ပြီးလျှင် ရန်ကုန်မြို့ ရွှေဂုံတိုင်ကွက်သစ်၊ ၄-လမ်း၊ အမှတ် ၉- ရပ်ကွက်တွင် တရားပြ ဌာနတခု ဖွင့်၍ ဤ ဝိပဿနာ နည်းတို့ကို သင်တန်းပေးနေပါသဖြင့် မည်သည့် ပါရမီရှင်မဆို ကြွရောက်၍ သင်တန်းနည်းကို ခံယူနိုင်ပါကြောင်း အထူးတိုက်တွန်း အပ်ပေသတည်း။

မဗ္ဗစကြာ သာသနာပြုအဖွဲ့
ရန်ကုန်မြို့။

၁၃၁၄-ခု၊ နယုန်လဆန်း ၇-ရက်နေ့။



# အနတ္တ ဝိပဿနာ အမှတ်ကျမ်း

---

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

မြတ်စွာဘုရားသခင်၏ သာသနာ့ နေဝန်းကြီးသည် အိမ်ယာထောင် အရိယာ မဂ်စခန်းသို့ တက်လှမ်းတော်မူလျက် ကျွတ်ထိုက်သော ဝေနေယျတို့အား အလင်းရောင် ခြတ်ရောင်ခြည်ကြီးကို ဖွင့်ပေးလျက် နေချေပြီ။

အတ္တ နှင့် အနတ္တ ကွဲပြား၍ အသိဉာဏ်စခန်း ပိုင်လျှင် သောဘာပန် ဖြစ်နိုင်သည်- ဟူသော ကမ္မဋ္ဌာန်းဆရာကြီးတို့၏ဆုံးမတော်မူချက်အရ အနတ္တာ သဘောကို အပိုင် သိနိုင်ရန် မလွယ်ကူလှချေ။

ယခုအခါ သူငါကစ အားထုတ်နေကြသော အတ္တ အနတ္တ တို့မှာ ငါမဟုတ်, သူမဟုတ်, မိန်းမ မဟုတ်,

ယောကျ်ား မဟုတ်, ပုဂ္ဂိုလ် သတ္တဝါ မဟုတ်, ခတ်ကြီး လေးပါး သာ ဟုတ်သည်၊ ခန္ဓာ ငါးပါးသာ ဟုတ်သည်ဟု ယူမှတ် ပွားများ ဆင်ခြင်နေကြသော အတ္တ-အနတ္တ တရား တို့သည်ကား ပညတ် ပရမတ် ခွဲခြားကြသော သာမန် တရားမျှ ဖြစ်သေး၏၊ သို့ရာတွင် ဤ ခွဲခြားမှုကို ပင်လျှင် ငါတို့သည် ရှေးဦးစွာ အားထုတ်ကြရလေသည်။

ဤ ခွဲခြားမှု ကလေးနှင့် အနတ္တ တရား အစစ်အမှန်ကို တွေ့ပြီဟု မဆိုနိုင်ရာ၊ အနတ္တ တရားအစစ်အမှန်ကို တွေ့လို သော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ဓာတ်ကြီး ၄-ပါး ဓာတ်ကြီး ၈-ပါးတို့၏ သဘာဝ လက္ခဏာကို ဝေဘန် သိမ်းဆည်း ကြရလေသည်။

ဒေသနာတော်များ၌ ဝိပဿနာ ဉာဏ်စဉ် ၁၀-ပါးနှင့် တကွ အခြေခံ ဉာဏ် ၂-ပါးတို့ကို ထုတ်ဘော် ထားခဲ့သည် မှာ အစစ်အမှန် အနတ္တ တရားကို တွေ့ရန် အတွက် ထုတ် ဘော်ပြထားသော ဉာဏ်စဉ်များ ဖြစ်ကြလေသည်။

ယခုအခါ မြတ်စွာဘုရား၏ သာသနာတော်၌ နေယျ ပုဂ္ဂိုလ်များသာလျှင် ယေဘုယျ အားဖြင့် များပြားလေ သောကြောင့် ထိုနေယျပုဂ္ဂိုလ်တို့သည် ဉာဏ်စဉ် ၁၀-ပါး နှင့်တကွ အခြေခံ ဉာဏ် ၂-ပါးတို့၏ လုပ်ထုံးနည်းကို ကျန စွာ ဝေဘန် သိမ်းဆည်းနိုင်ရန် အလွန် အရေးကြီးပေ၏။

ဓမ္မစကြာ အရိယာ သာသနာပြု အဖွဲ့ကြီးမှ အနတ္တ အစစ်အမှန်ကို ဝေဘန် သိမ်းဆည်း နိုင်ရန် ရှေဦးစွာ ဒေသနာနည်းကို အခြေခံထား၍ (ပထဝီဓာတ် နှင့် ဉာဏ် ဒု-လွှာ) ခေါ် ဝိပဿနာ လုပ်ထုံးနည်း ကျမ်းကို နေယျ ပုဂ္ဂိုလ်များအတွက် ဝေဘန် သိမ်းဆည်းနိုင်ရန် တိုင်းပြည် သို့ ဝင်ဆက်ခဲ့ပါပြီ။

ယခုတဖန် ဒေသနာနည်း နှင့် လက်တွေ့နည်း ပေါက် ရောက်တော်မူကြသော ပါရမီရှင်များ အတွက် သဘာဝ နည်းကို ဝေဘန်နိုင်ကြစေရန် ဓမ္မစကြာ နည်းကို အခြေခံ ထား၍ ထို ပထဝီဓာတ် တလုံးကိုပင်လျှင် ဝေဘန် သိမ်း ဆည်းလျက် သဘာဝဓမ္မ အနတ္တ အစစ်အမှန်ကို ထုတ်ဘော် ပြပေအံ့။

ယခုအခါ ဝိပဿနာကရား အားထုတ်ကြသော ယောဂီ ပုဂ္ဂိုလ်တို့ ဟောပြော ယူဆ နေကြသည့် မာမှု, ပြော့မှု, သဘောတရားကို ရှေဦးစွာ လက်တွေ့နည်းဖြင့် ဝေဘန် သုံးသပ် ဆင်ခြင်ရမည်။

## အဘယ်သို့ ဆင်ခြင် ကြပါမည်နည်း

မာမှု သဘော, ပြော့မှု သဘောသည် မည်သည့် သဘောတရားတို့၏ ပေါင်းဆုံမှုကို မာသည် ဟူ၍ရင်း၊ ပြော့သည်ဟူ၍ရင်း ခေါ်ဆိုသနည်း၊ ဤသို့ ဝေဘန်ဆင်ခြင် ရမည်။

ကျမ်းဂန်တတ် ပုဂ္ဂိုလ်များ ရေးသား စီရင်ကြသော စာအုပ်ကို ဘတ်၍ မာသည်, ပြော့သည်ဟု ပြောဆိုယူအံ့ လျှင် စာဘတ်၍ သိသော အသိဖြစ်၍ လက်တွေ့သိ မဟုတ် နိုင်ရာ၊ ဒေသနာသိသာ ဖြစ်နိုင်ရာ၏။

ဆေးကျမ်း ဗိန္ဒော ကျမ်းတို့ကို ကြည့်ရှု၍ ပြော့,မာ ပထဝီဟု သိပြန်လျှင်လည်း ဒေသနာသိပင် ဖြစ်၏၊ လက် တွေ့သိကား မဟုတ်နိုင်ရာ၊ လက်တွေ့သိ အစစ် အမှန်ကို အလိုရှိလျှင် အောက်ပါအတိုင်း သဘောတရားကို ဝေဘန် သိမ်းဆည်းရမည်။

ပြော့, မာ-ဟူသော သဘော တရားအရ လက်တွေ့ နည်းကို ဝေဘန် သိမ်းဆည်းလျှင် သဘာဝ ၄-ပါး ပေါင်းဆုံမှုကို ပြော့,မာ သည်ဟု သမုတ်ကြခြင်းဖြစ်ပေ၏။

---

## သဘာဝ ၄-ပါး ဆိုသည်မှာ

ပြော့,မာ မှုကို လက်တွေ့နည်းဖြင့် ဆင်ခြင် သုံးသပ် လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ မိမိ၏ မျက်မှောက်တွင် လဘက်ရည် ပန်းကန်ခေါ် အရာငွေ့ တခုကို ရှေ့တည့်တည့် ၌ ချထားရမည်။

မျက်မှောက်တွင် ချထားသော လဘက်ရည် ပန်းကန် ကို မိမိ၏ လက်ညှိုးဖြင့် ထိတွေ့၍ စမ်းသင်ကြည့်ပါ၊ ထိုအခါ

မိမိ၏ စိတ်ထဲ၌ မာမှု ဟူသော အသိကလေး ထွက်ပေါ်ကွန့်မြူး လာလိမ့်မည်။

ဤမာမှု မျိုးကား လက်တွေ့သိ မာမှု ဟူ၍ ခေါ်နိုင်သည်၊ ထိုလက်တွေ့သိ မာမှု ကိုပင် ပညာရှိများက ကျမ်းစာတွင် မှတ်တမ်းတင်၍ မာမှု သဘောတရားကို ပထဝီဟု မိန့်ဆိုရေးသား ကြလေသည်၊ စာထဲ၌ ရေးသား ကြသော ပထဝီသည်ကား ဒေသနာသိ ပထဝီ ဟူ၍ မှတ်၊ ထိုဒေသနာသိ ပထဝီ နှင့် လက်တွေ့သိ ပထဝီ တို့သည်ကား သညာ ဝိညာဏ်သိ ပထဝီ မျိုးဖြစ်၍ ဤ ပထဝီမျိုးကို သိရုံနှင့် မည်သည့် ဒိဋ္ဌိ မှ မကျွတ်နိုင်သေးပေ၊ အနတ္တဉာဏ် စခန်းသို့ ဆိုက်ရောက်သော အသိမျိုးလည်း မဟုတ်သေးပေ။

အဘယ်ကြောင့် ဆိုသော် ထိုအသိမျိုး သည်ကား ဝိပဿနာ တရား အားထုတ် ကြသော ပုဂ္ဂိုလ်မှသာလျှင် သိနိုင်သော အရာမဟုတ်ပေ၊ ဝိညာဏ်ရှိသော ပုဂ္ဂိုလ်တိုင်း သိနိုင်သော အသိမျိုး ဖြစ်ချေသည်။

ဥပမာ– အရွယ် မရောက်သေးသော ကလေး တယောက်ကို ခေါ်၍ လဘက်ရည် ပန်းကန်တခုကို လက်ညှိုးနှင့် စမ်းသပ် အကြည့်ခိုင်းပါ၊ ၎င်းကလေးက လူကြီး သိသလို မာသည်ဟု သိပေလိမ့်မည်။

၎င်း လက်တွေ့သိ ပထဝီ ခေါ် မာမှု သဘော တရားကိုပင် သဘာဝ တွေ့သိဖြစ်အောင် ဆောန် သိမ်းဆည်း

ရဦးမည်၊ ဝေဘန် သိမ်းဆည်းနိုင်မှ သညာသိ ဝိညာဏ်သိ ၂-ပါး ကို လွန်မြောက်နိုင်ပါသည်။

သညာသိ ဆိုသည်မှာ လက်တွေ့သိ သဘောတရားကို ခွဲစိပ် ဝေဘန်၍ သဘာဝတွေ့ အသိစခန်းသို့ ဆိုက်ရောက်ခြင်းကို ပညာသိ ဟူ၍ ခေါ်သည်၊ ထိုပညာသိသည်လည်း ၃-မျိုးပြား၏။

၁။ ယထာဘူတ ခေါ် ဖြစ်ရှိခြင်း သဘောတရားကို ဖြစ်သည့်အတိုင်း သိခြင်းတပါး။

၂။ အနုဗောဓ ခေါ် သဘောတရားအမှန်ကို မင်္ဂဖိုလ် အသိနှင့် လျော်စွာမှန်းဆ သိခြင်းတပါး၊

၃။ ပဋိဝေဝ ခေါ် မဘောက်မပြန် အမှန် ဝေကန် ထိုးကွင်း၍ သိမြင်း တပါး၊ ဤသို့အားဖြင့် ၃-ပါး ရှိပြန်လေသည်။

ထို ၃-ပါးတို့တွင် ရှေဦးစွာ ဖြစ်ရှိခြင်းသဘောတရားကို ဖြစ်ရှိသည့်အတိုင်း သိခြင်းဟူသော ယထာဘူတ အသိနှင့် သဘာဝတွေ့ သဘောတရားကို ဝေဘန်၍ သိမ်းဆည်းပြဦးမည်။

လက်တွေ့သိ မာမှုသဘော ခေါ် မနော ဝိညာဏ်သိ ပထဝီကို သဘာဝတွေ့ ပညာသိ ပထဝီ ဖြစ်အောင် ဝေဘန် သိမ်းဆည်းသော် မာမှု ဟူသော ခေါ်ဝေါ်ခြင်းသည် သဘာဝလေးပါး ပေါင်းဆုံမှုကို ခေါ်ဝေါ်ခြင်းဖြစ်ပေ၏။

## သဘာဝလေးပါး ဆိုသည်မှာ

၁။ ဖောဋ္ဌဗ္ဗ-ပထဝီခေါ် သဘောတရား၊
၂။ ကာယပသာဒ ခေါ် သဘောတရား၊
၃။ ကာယဝိညာဏ် ခေါ် သဘောတရား၊
၄။ မနောဝိညာဏ် ခေါ် သဘောတရား၊

ဤ လေးပါး ပေါင်းဆုံခြင်းကို လောက၌ မာသည် ဟု ခေါ်ဝေါ်သမုတ်ကြခြင်း ဖြစ်ပေ၏။

---

## ပေါင်းဆုံပုံမှာ

ရှေဦးစွာ လဘက်ရည် ပန်းကန်တွင် ရှိသော ပထဝီ သည်ကား တွေ့ထိ၍ ရနိုင်သော သဘောတရား ဖြစ်သော ကြောင့် ၎င်း ပထဝီကို ဖောဋ္ဌဗ္ဗ ပထဝီဟုခေါ်သည်။

ကာယပသာဒ-ပထဝီ ဆိုသည်မှာ ခန္ဓာကိုယ်တခုလုံး၌ ပြန့်နှံ့၍ တည်နေသော ပထဝီဓာတ်ကို ခေါ်သည်၊ ထိုပထဝီ ဓာတ် မပြန့်နှံ့နိုင်သော အရပ်မှာကား ဆံ, အမွေး, ခြေ သည်း, လက်သည်း, သွား, အရေ ဟူသော အရပ်ငါးန များဖြစ်ချေ၏။

ထို ကာယပသာဒ - ပထဝီဓာတ် ရှိ, မရှိကို အတတ် သိ လိုပါလျှင် ခန္ဓာကိုယ်ကြီးကို လက်သဲနှင့်ဆိတ်၍ ကြည့်ပါ

နာကျင်လျှင် ကာယပသာဒ ပထဝီဓာတ် ရှိသောကြောင့် နာကျင်သည်ဟု မှတ်။

မာမှုကို စမ်းသပ်ရာ၌ လက်ညှိုး၌ရှိသော ကာယပသာဒ ပထဝီ သည် ရှေ့သွားတခု အဖြစ်ဖြင့် ကျေးဇူးပြုလျက် နေလေသည်။

ကာယဝိညာဏ် ပထဝီ ဆိုသည်မှာ ကာယပသာဒ ပထဝီ ဓာတ်ကို အမှီပြု၍ ဖြစ်ပေါ်လာသော ဝိညာဏ်သိ ပထဝီကို ခေါ်သည်၊ ထိုဝိညာဏ်သိ သည်ကား ပဉ္စဝိညာဏ်ခေါ် ဝိညာဏ်သေး အသိကို ခေါ်သည်၊ ထိုဝိညာဏ်သေး အသိ သဘောကို သညာသိဟူ၍ မှတ်။

သညာသိ ဆိုသည်မှာလည်း အမှတ်ပြုခြင်း သဘော တရားပင် ဖြစ်၏၊ ထိုအမှတ်ပြုခြင်းသည် လူတို့၏ ဦးကျောက် အိမ်မှ ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

မနောဝိညာဏ်သိ ပထဝီ ဆိုသည်မှာ နှလုံးအိမ် ခေါ် ဟဒယ ရုပ်ဝတ္ထုကို မှီ၍ ဖြစ်ပေါ် လာသော သိမှုကြီး ကို ဆိုလိုသည်၊ ထိုသိမှုကြီးကို လောကတွင် စိတ်အသိဟု ခေါ်ဝေါ် သမုတ်ကြသည်။

ဤသို့အားဖြင့် မာမှုဟူသော သဘောတရားကို သဘာဝ အားဖြင့် ခွဲဝေသော် သဘောတရား ၄-ချက် ပေါင်းဆုံ

ညီညွတ်ခြင်းပင် ဖြစ်သည်၊ ထိုညီညွတ်ခြင်းကို လောကဩ မာသည်ဟု ပြောဆိုသပုတ် နေကြလေသည်။

ထို သဘာဝ လေးပါးကို ရုပ် နာမ် ၂-ပါးအရ ခွဲဝေ လျှင် ဖောဋ္ဌဗ္ဗ ပထဝီနှင့် ကာယပသာဒ ပထဝီ ၂-ပါး တို့ သည် ရုပ်သဘော ပထဝီ မည်၏။

ကာယ ဝိညာဏ်သိ ပထဝီနှင့် မနောဝိညာဏ်သိ ပထဝီ ၂-ပါးတို့သည်ကား နာမ်သဘော ပထဝီ မည်၏၊ ဤသို့ အားဖြင့် ရုပ် နာမ် ၂-ပါး ပေါင်းစပ် နေပုံကိုလည်း သိရှိ နားလည်အပ်ပေသည်။

အဋ္ဌ, အနတ္တ ၂-ပါး အရ ဝေဘန်ပြန်သော် ဤ သဘာဝ ၄-ပါး သုဉ်းဆိတ် မှုသာလျှင် အစစ်အမှန် အနတ္တ သဘောသို့ ဆိုက်ရောက်နိုင်သည်၊ သုဉ်း, ဆိတ် ဆိုသော စကားအရ အချို့သော ယောဂီ ပုဂ္ဂိုလ်တို့က ဘာမျှမရှိ သော သဘောဟု ယူဆ တတ်ကြလေသည်။

ဤသို့ အယူရှိလျှင် နတ္ထိက ဒိဋ္ဌိ အယူသို့ ကျရောက် လိမ့်မည်။

သုဉ်း ဆိတ် ဆိုသော သဘောတရားသည်ကား ငြိမ်း အေးသော သန္တိဓာတ်သို့ ဦးခေါင်း ကျသော သဘော တရား ဖြစ်၍ သင်္ခတ လောကခေါ် ပြုပြင်ခြင်း သဘော

တရား ချုပ်ငြိမ်းခြင်းကို ယူဆကြရပေမည်၊ဝါ,ပညတ်တရား ပေါ်ထွက်နိုင်ခြင်းကို ဆိုလိုသည်။

အတ္တ ဆိုသည်မှာလည်း ဤ သဘာဝ ၄-ပါးပေါင်းဆုံ ညီညွတ် ဖြစ်ပေါ်နေခြင်းကြောင့် မာမူ ဟူသော သဘော တရား ထွက်ပေါ်လာခြင်းသည် ပင်လျှင် အတ္တ မည်၏။

အဘယ်ကြောင့် ဆိုသော် မာမူ ဟူသော သဘောတရား တို့သည် ပင်လျှင် စုပေါင်းကြသဖြင့် အဆိုင် အခဲ ဖြစ်ပေါ် လာကြပြီးလျှင် ပညတ် နယ်ကြီး ထွက်ပေါ်၍ ယောကျ်ား, မိန်းမ ဟူသော အစွဲသောက ထွက်ပေါ်ခြင်းအမှန် ဖြစ် လေရကား “အရင်းစစ်သော် အမြစ်မြေက” ဟူသော စကားကဲ့သို့သဏ္ဍာယ ဒိဋ္ဌိ စွဲယူကြခြင်းသည်မာမူဟူသောသ ဘောတရားသဒ်ဘနယ်ကြီး ရှိသောကြောင့်သာ ဖြစ်ပေ၏။

ထို့ကြောင့် အစစ်အမှန် အနတ္တကို အလိုရှိတော်မူကြ သော ယောဂီ ပုဂ္ဂိုလ် သူတော်ကောင်းတို့သည် အပေါ် ယံသတ် အနေကလေးလောက်ကို ဉာဏ် တင်မနေကြဘဲ သဘာဝ အတ္တကို အနတ္တ ဖြစ်အောင် အသိဉာဏ်နှင့်ဝေဘန် သိမ်းဆည်းနိုင်မှ တရားအစစ်ကို အမှန် တွေ့ကြပေမည်၊ ဤ ကား သတိပြုဘွယ်။

ငါတို့သည်လည်း ဝိပဿနာ တရား လိုက်ခါစတွင် အပေါ်ရံသတ်ခေါ် ပညတ် အနတ္တ လောက်နှင့် တင်းတိမ် ၍ တရားဟော ဆရာကြီး ပြုလုပ်၍ နေခဲ့ဘူးလေသည်။

ဝိပဿနာဉာဏ် ရင့်သန်လာသော အခါတွင် မိမိ၏ အသိဉာဏ်ကို ဝေဘန်စီစစ် ကြည့်ရှုသော် . အပေါ်ရှိသတ်ပညတ် အနုတ္တ လောကိသာ တွေ့မြင်ကြောင်း ဝန်ခံနိုင်မှ တဆင့်တက်၍ သဘာဝ အနုတ္တကို အသိဉာဏ် ဆိုက်နိုင်အောင် မနေမနား ကြိုးစားအားထုတ်၍ ဆရာကောင်းများကို စုံစမ်းလေသည်။

သဘာဝ အနုတ္တကို အမှန် တွေ့လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဤသဘာဝ ၄-ပါးကို သဥ်းဆိတ်အောင် အသိဉာဏ်နှင့် ဆင်ခြင် သုံးသပ်တော်မူပါ။

---

## ဆင်ခြင်သုံးသပ်ရန်မှာ

ယခု ဖော်ပြထားသော သဘာဝ လေးပါးတို့တွင် မည်သည့် သဘောတရားကို ရှေဦးစွာ ဝေဘန်သိမ်းဆည်းရမည်နည်း၊ ပထဝီ လေးမျိုးတို့တွင် မည်သည့် ပထဝီကို လက်တွေ့နည်းဖြင့် သဘာဝ အနုတ္တ ဉာဏ်ပိုင်အောင် တရားခံ အဖြစ် စွဲချက် တင်ရမည်နည်း၊ ဤသို့အားဖြင့် ရှေဦးစွာ ဝေဘန် သိမ်းဆည်းရမည်၊ တရားခံကို မိအောင် ဘမ်းယူနိုင်စေရမည်။

ပထဝီ လေးမျိုးတို့တွင် ဖောဋ္ဌဗ္ဗ ပထဝီဓာတ်ကို စွဲချက်တင်၍ ရှေဦးစွာ ဝေဘန် သိမ်းဆည်းရမည်၊ အဘယ်ကြောင့်

ဆိုသော် ဖောဋ္ဌဗ္ဗ ပထဝီဓာတ်သည် ရုပ်သဘော ပထဝီဓာတ် ဖြစ်၍ မူလ ရောတည် ဓာတ်ရင်း ဖြစ်သောကြောင့် သာသနာတော် ကျမ်းများ၌ ရုပ်သဘောကို ရှေဦးစွာ မူလေးပါးနှင့် ခွဲစိပ်ဝေဘန်၍ ပြတော်မူကြလေသည်။

ထို့ကြောင့် ဖောဋ္ဌဗ္ဗ ပထဝီဓာတ် ခေါ် လဘက်ရည် ပန်းကန်ကို မူလေးပါးနှင့် ခွဲစိပ်ရန်မှာ ဿံဆုံ ကာခုထဲတွင် ရင်း လဘက်ရည် ပန်းကန်ကို ထည့်၍ ထောင်းထု ချေမှုန့်ပါ၊ ၎င်းအမှုန့်သည် မြင်းလှည်း, နွားလှည်း, မော်တော်ကား စသော ယာဉ် ရထားတို့၏ လှည်းဘီးတွင် ကပ်ငြိနေသော မြေမှုန့် ပမာဏ ရှိသော မူနှင့် အကြီးအငယ် အရွယ်ချင်း တူမျှသည် ရှိသော် ၎င်းမူမှုန့် တခုကို ရထရေမူဟူ၍ ခေါ်သည်။

၎င်း ရထရေမူကို ၃၆-စိပ် ခွဲစိပ်သော် တစိပ်စာ ပမာဏသည် တဇ္ဇာရီမူ မည်၏၊ ထို တဇ္ဇာရီမူကို အဋ္ဌကထာကျမ်းများ၌ ပြဆိုကားသည်မှာ ယာဉ် ရထား အမျိုးမျိုးတို့သွားလာသော အခါ အထက်သို့ ပျံတက် ကြွလာသော မူအနုစား အမှုန့် ကလေးကို တဇ္ဇာရေ မူဟု မိန့်ဆိုကော်မူသည်။

၎င်း တဇ္ဇာရေ မူကို ၃၆-စိပ် ခွဲစိပ် ပြန်သော် တစိပ်စာ ပမာဏကို အဏုမြူဟူ၍ ခေါ်သည်၊ ထိုအဏုမြူသည်ကား နံငုံပေါက် စသည်တို့၌ ထွက်ပေါ်နေသော မီး

ရောင်တွင် လှိုင်းထ၍ နေသော မြူမှုန့်ကလေးကို ယူဆနိုင်လေသည်။

ဧင်း အဏုမြူကို တဖန် မှုဘည်၍ ၃၆–စိပ် စိပ်ပြန်သော် တစိပ်စာ ပမာဏကို ပရမာအဏုမြူဟု ခေါ်သည်၊ ပရမာ အရ မြန်မာလို အနက် ပြန်ဆိုလျှင် အလွန်သေးငယ်ဆုံးသော မြူဟု အနက် ပြန်နိုင်သည်၊ ဧင်း ပရမာ အဏုမြူကိုကား ပကတိ မျက်စိဖြင့် မမြင်နိုင်တော့ပေ၊ ဒိဗ္ဗစက္ခုဖြင့်သာ မြင်စွမ်းနိုင်သည်၊ ဧင်း ပရမာ အဏုမြူတခုမှာပင် အဘိဓမ္မာနည်း အရ ဝေဘန်လျှင် အဋ္ဌကလာပ်ခေါ် ရုပ် ၈–ပါး ရှိလေသည်၊ ရုပ် ၈–ပါး ဆိုသည်မှာ ဓာတ်ကြီး လေးပါးနှင့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ၏ ၈–ပါး ကို ဆိုလိုသည်။

ထို ရုပ် ၈–ပါး၏ ပမာဏကိုထပ်၍ ဝေဘန်လျှင် မည်ရွေ့မည်မျှ ရှိ၏ဟု မဝေဘန်နိုင်ပေ၊ သဘောတရားမျှသာ ရှိ၏ဟု ဝေဘန်ရမည်၊ သဘော တရား အရ လက်တွေ့ ဝေဘန်သော် သညာသိ ဝိညာဏ်သိ သဘော တရားကို ကောက်ယူရမည်။

ထို့ကြောင့် ပရမာအဏုမြူကို ပကတိ မျက်စိဖြင့် မမြင်နိုင်၊ မနော ဝိညာဏ်ဖြင့်သာ သိစွမ်းနိုင်သော အရာဌာနဟု ယူဆနိုင်သည်။

## ယောဂီပုဂ္ဂိုလ်များ နှလုံးသွင်းရန်

ထို ပရမာ အဏုမြူ တခုမှာပင် အဘိဓမ္မာနည်း အရ ရုပ် ၈-ပါး အတင်အရှား ရှိနေကြောင်းကို ဝေဘန် ထား သောကြောင့် အတ္တ အနတ္တနှင့် ဝေဘန် သိမ်းဆည်းလျှင် အစစ်အမှန် အနတ္တသို့ အဘယ်မှာလျှင် ဆိုက်ရောက်ပြီဟု မဆိုနိုင်သေးပေ၊သို့ရာတွင် ၈ါးပါးသော ပသာဒ တို့ဖြင့် ထိ တွေ့လို့မရစကောင်း သောကြောင့် ပညတ် သဘောတရား ကား မထွက်ပေါ်နိုင်ပြီ၊ပညတ် သဘောတရား မထွက်ပေါ် နိုင်သောကြောင့် (သုညတ)ခေါ် သုဉ်းဆိတ်ခြင်း သဘော အရ ဝေဘန်လျှင် ပညတ်သဘော တရားသာ ဆိတ်သုဉ်း သေး၏၊ မနော ဝိညာဏ်စွဲ အတ္တမှာကား အဘယ်မှာလျှင် သုဉ်းဆိတ် သေးသနည်း မိမိ၏ ကိုယ်ပိုင်ဉာဏ်နှင့် ဝေ ဘန်ပါ။

မနောဝိညာဏ်စွဲ သဘောတရား အတ္တ သုဉ်းဆိတ်မှ သာ လျှင် ပညာသိ သဘော တရား ထွက်ပေါ်၍ အနတ္တ အစစ် အမှန် စခန်းသို့ အပိုင် ဆိုက်ရောက်နိုင်ပေမည်။

ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တို့သည် ထို ရုပ် ၈-ပါးခေါ် ဝိညာဏ်သိ သဘောတရား ရှိနေသမျှ ကာလပတ်လုံး ပညာ သိ သဘောတရားသို့ မဆိုက်ရောက်သေး သဖြင့် သင်္ခတ လောကကြီး ဇာတ်မသိမ်းနိုင်သေးပေ။

ဇာတ်မသိမ်းနိုင်သမျှ သဘာဝ တရားတို့သည် စုပေါင်းကြပြီးလျှင် ဃန ခေါ် အဆိုင်အခဲ အဖြစ်သို့ ရောက်ကြကုန်၍ ဖြပ် သဏ္ဍာန် ပုံဟန် အမျိုးမျိုး ဘန်ဆင်းလျက် ပညတ် လောကကြီးကို တဘန်ပြန်လည် တည်ထောင် ကြမည်မှာ မလွဲနိုင်ပေ။

ပညတ် လောကကြီး ဖန်ဆင်းပြန်လျှင် သက္ကာယဒိဋ္ဌိ ခေါ် အစွဲတရားသည် စွဲယူပြန်လျက် ယောကျ်ား မိမ္မ ပုဂ္ဂိုလ် သတ္တဝါ ဟူသော အတ္တစွဲသည် ထွက်ပေါ်မည်ကား အမှန် ဖြစ်သောကြောင့် ပရမာ အဏုမြူခေါ် မနောဝိညာဏ် သိ သဘောတရားကိုပင် ပညာသိ ခုံရုံးတော်သို့ တင်၍ အနတ္တဉာဏ် စခန်းသို့ ဆိုက်အောင် သဘာဝနည်းဖြင့် ဝေဘန်နိုင်ရန် အားထုတ်တော်မူနိုင်ကြပါစေသတည်း။

ဤသို့လျှင် မာမှုဟုသော သဘောတရား အရ သဘာဝကို ဝေဘန်ပြသဖြင့် ယောဂီပုဂ္ဂိုလ်တို့ ဝေဘန်သိမ်းဆည်းနိုင်လောက်ပေပြီ၊ ယခုတဖန် သဘာဝ ၄-ပါးကို သုဉ်းသိတ်အောင် ဝေဘန် သိမ်းဆည်းနိုင်ရန် နည်းကို ဘော်ပြပေအံ့၊

ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ပရမာ အဏုမြူခေါ် အဋ္ဌကလာပ်ရုပ် တခုမှာပင် အစိတ်သေးပေါင်း တထောင် နှစ်ရာ ကိုးဆယ် ခြောက်ဗိဘ် (၁၂၉၆) ရှိကြောင်း မိန့်ဆိုတော်မူသည်။

သမ္မောအဋ္ဌကထာ၌ မူလေးပါးကို ဝေဘန်ရာတွင် ၃၆ ကို မူထား၍ ခွဲစိတ်ပြခြင်းသည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရား လေးပါးတို့၏ သဘောဘရား အရ ၃၆-ကို မူထား၍ ခွဲပြခြင်းဖြစ်ပေသည်။

အသက်ရှိသော သဝိညာဏက လောက၊ အသက်မရှိ သော အဝိညာဏက လောကတို့၌ ရုပ် ၉-ပါးသည် မူလ ရောတည် ဖြစ်ကြောင်းကို အဘိဓမ္မာ သဘောအရ အလွန် ထင်ရှားလေသည်။

ရုပ် ၉-ပါး ဆိုသည်မှာလည်း အဋ္ဌကလာပ်ရုပ် ၈-ပါး တွင် အာကာသဓာတ်ကို ထည့်လျှင် ရုပ် ၉-ပါး ဖြစ်၏၊ ထို ၉-ပါးကို မူတည်၍ အကြောင်းတရား ၄-ပါးနှင့် မြှောက်သော် ၃၆-ဖြစ်၏။

ရင်း ၃၆-သည်၊ အဋ္ဌကထာ အရှင်မြတ်တို့ မူထား၍ မူလေးပါးကို ဝေဘန်တော်မူသည်။

ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာ၏ နည်းမှာကား အဋ္ဌကထာ ဆရာ ဝေဘန်တော်မူသော နောက်ဆုံး ပရမာ အဏုမြူကို ၃၆-မူဘည် ကိန်းထား၍ အကြောင်းတရား ၄-ပါးနှင့် မြှောက်သော် ၁၂၄-ရ၏၊ ရင်း ၁၂၄-ကို မူဘည်ပြန်၍ ရုပ် ၉-ပါးနှင့် မြှောက်သော် ၁၂၉၆-ရ၏၊ ရင်းရလဒ် သည် ရုပ် ၉-ပါးမှာ ရှိသော ဒိဂရိ ပါဝါအားခေါ် အဏု

မြူကလေး မည်၏၊ ၎င်း အဏုမြူကလေးကို အစိတ်သေး ကလေး ဟူ၍လည်း ခေါ်နိုင်သည်။

ဤသို့အားဖြင့် ရုပ် ၉-ပါးမှာ ဒိဂရီ ပါဝါ အား ပေါင်း ၁၂၉၆-ရှိသောကြောင့် ရုပ်တပါး အတွက် ဆို လျှင် ၁၂၉၆-ကို တည်၊ ၉-နှင့် ပြန်၍ စားသော် ၁၄၄ ရလဒ်ဖြစ်၏၊ ၎င်း ၁၄၄-သည် ရုပ်တပါး၌ ရှိသော ဒိဂရီ ပါဝါအား မည်၏၊ [ဤကား ဝိသုဒ္ဓိမဂ် မဟာ ဋီကာ ဆရာ၏ နည်းကို အမှီပြု၍ ရုပ်သဘော တခု၌ ဒိဂရီ ပါဝါအား မည်မျှ ရှိပုံကို ဝေဘန် သိမ်းဆည်း နိုင်ရန် ဘော်ပြလိုက်ပေ၏။]

အဋ္ဌကထာ ဆရာမြတ်တို့၏ နည်းကို ဝေဘန်လျှင် ၃၆-ကို မူထားပြီး မြူလေးပါးကို ထုတ်ဘော် ပြသော ကြောင့် ရုပ်တပါး၌ ရှိသော ဒိဂရီ ပါဝါအားမှာ ၃၆-ပါဝါအားသာ ရှိနိုင်လေသည်၊ ဤ ပါဝါအားကား ဒိဂရီ ပါဝါအား အကြီးစား မည်၏။

မဟာဋီကာ ဆရာ၏ နည်းကား ဒိဂရီပါဝါ အသေးစား မည်၏၊ ဤသို့အားဖြင့် သဘာဝ နေပုံကို ယောဂီ ပုဂ္ဂိုလ်တို့ ဝေဖန်တော်မူကြ စေလို၏။

ဤသို့လျှင် မဟာဋီကာ ဆရာ၏ နည်းအတိုင်း ပထဝီ ဓာတ် တပါးတည်း၌ ဒိဂရီပါဝါအား ၁၄၄-ကို မူထား၍ အနတ္တဉာဏ် စခန်းကို ဖွင့်ပြပေအံ့။

မှတ်ချက်။ ဝိပဿနာ ခေတ်မျက်စိ ပေါက်ကြစေရန် ပထဝီ ၄-မျိုးကို ခွဲခြား၍ ပြဆိုခဲ့ရာ ထိုပထဝီ ၄-မျိုးကို ဓမ္မလေးချက်နှင့် ဝေဖန်လျှင် ဖောဋ္ဌဗ္ဗ ပထဝီကို ဖောဋ္ဌဗ္ဗာရုံ၌ သွင်းရမည်၊ ကာယပသာဒ ပထဝီကို ကာယပသာဒ အကြည်၌ သွင်းပါ၊ ကာယဝိညာဏ် ပထဝီကို ကာယဝိညာဏ် သိ၌ သွင်းပါ၊မနောဝိညာဏ် ပထဝီကို မနောဝိညာဏ်သိ၌ သွင်းပါ၊ ဤသို့ဝေဘန်သိမ်းဆည်းသော် အာရုံ ၆-ပါး၊ ဒွါရ၆-ပါး၊ ဝိညာဏ် ၆-ပါး၌ တရားဦးခေါင်း ဆိုက်ရောက်လာလေသည်၊ ထို တရားဦးခေါင်းကို မြင်လွယ်စေရန် ပုံစံ၌ မြင်မှုတချက်တွင် ဖြစ်ပေါ်ကြသော သဘော တရားတို့ကို ထုတ်ဘော်၍ ဓမ္မစကြာ နည်းအရ ပြခြင်းဖြစ်ပေသည်။ မြူ လေးပါး ခွဲစဥ်၌ ၃၆-စိပ် ခွဲတမ်း ထုတ်ဘော် တားခြင်းကို သဘာဝ အသိဉာဏ် ပိုင်နိုင်ရန် အလွန် အရေးကြီး၏၊ မြူ ၄-ပါးကို သဘာဝဉာဏ်ဖြင့် သိမ်းဆည်းနိုင်လျှင် ပညတ်၄-ပါး ထွက်ပေါ်လာပုံ, အကြောင်းတရား ၄-ပါး တည်နေပုံတို့ကို ဉာဏ်အမြင် ထင်လင်းလာ လိမ့်မည်။

အနုဿတိလက္ခဏာသုတ် လုပ်ငန်းစဉ်၏ အခြေခံခေါ
ပုံစံ (၁) အနုဿတိပဿနာအဖွင့်



ယခု ဖော်ပြထားသော ပုံစံကား သဘာဝ ၄-ပါး၌ ရှိသော ဒီဂရီ ပါဝါ အား ၁၄၄-ကို ယောဂီ ပုဂ္ဂိုလ်များ ဝေဘန် သိမ်းဆည်းနိုင်ရန် ဖော်ပြ ထားသော ပုံစံ ဖြစ် ပေ၏။

ထို ပုံစံ၌ ဒီဂရီပါဝါအား ၁၄၄-ကို ဝေဘန်ပြထား သည်မှာ ဥတု ဒီဂရီ ၃၆, အာဟာရ ဒီဂရီ ၃၆, စိတ် ဒီဂရီ ၃၆, ကာယ ဒီဂရီ ၃၆, အားဖြင့် ၁၄၄-ကို ဝေဘန် ပြထား လေသည်။

ထို ကာယ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း တရား ၄-ပါးတို့မှလည်း သဘာဝ ၄-မျိုး ထွက်ပေါ်နေ ပုံကို ပုံစံ၌ပင် ဖော်ပြထားသည်မှာ ဥတု ဒီဂရီ ၃၆, မှ ရုပ်ပိုင်းသဘောတရား ထွက်ပေါ်၏၊ အာဟာရ ဒီဂရီ ၃၆, မှ ဇီဝပြသာဒ သဘော ထွက်ပေါ်၏၊ စိတ် ဒီဂရီ ၃၆, မှ စေတ္တပိညာဏ်သိ သဘော ထွက်ပေါ်၏၊ ကာယ ဒီဂရီ ၃၆, မှ ပနေ့ဝိညာဏ်သိ သဘောထွက်ပေါ်၏။

သဘာဝအားဖြင့် ထွက်ပေါ်နေပုံကို ယောဂီ ပုဂ္ဂိုလ်တို့ ဉာဏ်အမြင် ပေါက်ရန် အလွန် အရေးကြီး လေသည်၊ သို့မှ သာ အတ္တနှင့် အနတ္တကို ဝေဘန် သိမ်းဆည်း နိုင်ပါသည်။

**အရေးကြီးပုံမှာ**

ဥတုသဘောနှင့် ရုပ်ပိုင်း သဘောတရား ဆက်သနေပုံကို ဉာဏ်အမြင်ပေါက်ရန် အရေးကြီးသည်၊ ဤဉာဏ် အမြင်မျိုး

ကား ရုပ်သဘောကို မဘောက်မပြန် ထွင်းဖေါက်၍ မြင်သော ဉာဏ်အမြင်မျိုး ဖြစ်၍ ကလျာဏ မျက်စိပေါက်သော အမြင်မျိုး ဖြစ်ချေသည်၊ "မသိလျှင်ရုပ်၊ သိလျှင် နာမ်" ဟူသော ရုပ်မြင် နာမ်မြင်မျိုး မဟုတ်ပေ၊ ဝိပဿနာ၏အခြေခံ ဖြစ်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်အမြင် စခန်းတွင် ဆိုက်ရောက်နိုင်သော ရုပ်မြင် နာမ်မြင်မျိုး မှသာလျှင် သဘာဝ အနတ္တ စခန်းသို့ တက်လှမ်း နိုင်ပေမည်။

---

အထူးသတိပြုပါ

ဤ၌ ယောဂီ ပုဂ္ဂိုလ်များ ရုပ်ပေါ်၌ ကလျာဏ မျက်စိပေါက်ကြစေရန် အပြုကျမှု ဘော်ပြဦးအံ့။

ပရမာ အဏုမြူခေါ် ရုပ်ကလာပ် တုံတည်း၌ ရှိသော ဖောဋ္ဌဗ္ဗာရုံ သဘောနှင့် ဃန ခေါ် အဆိုင်အခဲ၌ ရှိသော ဖောဋ္ဌဗ္ဗ သဘောတရား တို့သည် အမည်ချင်း တူသော်လည်း သဘာဝချင်းမှာ သိမ်မွေ့သော သဘောနှင့် ကြမ်းတမ်းသောသဘော အနေအားဖြင့် ဖောဋ္ဌဗ္ဗ နှင့် ဖောဋ္ဌဗ္ဗာရုံ သဘောတို့ အလွန် ကွာခြားလျက် ရှိပါ သောကြောင့် ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်၌ သိမ်မွေ့သော ဖောဋ္ဌဗ္ဗာရုံ သဘောတရားနေပုံကို ကလျာဏ မျက်စိ ပေါက်ရန် အလွန် အရေးကြီး၏၊ ကြမ်းတမ်းသော သဘော တရား၌ကား

ကလျာဏ မျက်စိ မပေါက်သော်လည်း ကြမ်းတမ်းသော ဖောဋ္ဌဗ္ဗ သဘော အရကို ထိတွေ့ခြင်း သဘောဟု ဝေဘန် သိမ်းဆည်း နိုင်ကြလေသည်။

သိမ်မွေ့သော သဘောတရားကို မည်ကဲ့သို့ ဝေဘန် သိမ်းဆည်းကြမည်နည်း၊ ကလျာဏ မျက်စိ ပေါက်သော် မည်သည့်သဘောဟု ဝေဘန်သိမ်းဆည်း နိုင်လေသည်။

သိမ်မွေ့သော သဘောတရားကို မည်သည့် သဘောဘဲ ဟု ဉာဏ်အမြင် ပေါက်သော် နာမရူပ ပရိစ္ဆေဒ ဉာဏ် စခန်း၏ အနတ္တ ဓာတ်ကို တွေ့သည်ဟု ဆိုနိုင်လေသည်။

**မှတ်ချက်။** ဖောဋ္ဌဗ္ဗနှင့် ဖောဋ္ဌဗ္ဗာရုံ သဘောတရား ရူပနှင့် ရူပါရုံ သဘောတို့၏ ခြားနားပုံကို ဝေဘန်နိုင် စေရမည်၊ ရူပ သဘောကား အဋ္ဌကလာပ ရုပ် ပေါင်းများစွာ ပေါင်းစုသဖြင့် အဆိုင်အခဲ ဝေါ ဃန သဘောဥ္စ ရှိသော ရုပ်မျိုးကို ခေါ် သည်၊ ရူပါရုံ သဘောကား နာမ်တရားတို့၏ အာရုံ အဖြစ်သို့ ရောက်သော အရိပ်အရောင် သဘောရုပ်ကို ဆိုလိုသည်၊ ထို ရုပ်မျိုးသည် ကား နာမ် တရားတို့ ကဲ့သို့ ဥဒါဟ်၊ ဌီ၊ ဘင်, သဘော တရား ရှိသောကြောင့် နာမ် တရား တို့နှင့် အတူဖြစ် အတူချုပ်နိုင်သည်၊ သို့ရာတွင် အဘိဝမ္မာနည်းနှင့် ဝေဘန်ကြည့်လျှင် နာမ်

တရားတို့ကား ခဏငယ် ၃-ချက် အသက်ရှည်၏၊ ရူပါရုံခေါ် ဥပါဒ်, ဌီ, ဘင်, ရုပ်မျိုးသည်ကား ခဏငယ် ၅၁-ချက် အသက်ရှည်၏၊ဆိုလိုရင်းမှာကား နာမ် တရားတို့ ကဲ့သို့ အသက်ရှိသော ရုပ်သဘောမျိုးဟု မှတ်၊ ဤကား သဘာဝတွေ့ကို ထုတ်ပြခြင်းပင်တည်း။

ထို သိမ်မွေ့သော ရူပါရုံခေါ် သဘောတရားကို ဌာန် ၄-ချက်ခေါ် သဘောတရား ၄-ချက်တို့တွင် (လက္ခဏ) သဘောမှ ထွက်ပေါ်လာခြင်း ဖြစ်၍ ပုံစံတွင် ထုတ်ဘော်၍ ပြထားသည့်အတိုင်း လက္ခဏ အရ ရူပါရုံ သဘော တရားကို ကောက်ပါ။

ဤနည်းအတူ (ရသ) ခေါ် သဘောတရားသည်လည်း စက္ခုပသာဒခေါ် သဘောတရားမှ ထွက်ပေါ်လာခြင်း ဖြစ်ပေသည်၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား ပုံစံတွင် ပြထားသည့်အတိုင်း စက္ခုဝိညာဏ်နှင့် မနောဝိညာဏ်တို့မှ အသီးသီး ထွက်ပေါ်နေခြင်း ဖြစ်လေသည်။

အဋ္ဌကထာ ဆရာ အရှင်မြတ်တို့သည် ကခုသော သဘောတရား၏ သဘာဝ လက္ခဏာကို ထုတ်ပြတော်မူလိုသော အခါ ဌာန် ၄-ချက်ကို မူထား၍ ဝေဘန် သိမ်းဆည်းပြီးလျှင် သဘောတရားကို ပြတော်မူကြလေသည်။

ဥပမာ- အဝိဇ္ဇာ ဟူသော သဘောတရားကို ပေါ်လွင်အောင် ဝေဘန်ပြလိုသော အခါ ဋ္ဌာန် ၄-ချက်နှင့်ပင် ဝေဘန်၍ အဋ္ဌကထာဆရာ ပြတော်မူသည်မှာ (အန္တဘာဝလက္ခဏာ) (သဘာဝစ္ဆာဒန-ရသ) (အန္ဓကာရ-ပစ္စုပဋ္ဌာန) (အာသဝပဒဋ္ဌာန) ဟု ၄-ချက် ဝေဘန် ပြသကဲ့သို့ သဘောတရား အလုံးစုံတို့၌လည်း ဋ္ဌာန် ၄-ချက်နှင့် ဝေဘန် ပြတော်မူသည်။

ဋ္ဌာန် ၄-ချက်သည် သဘောတရားကို ဝေဘန်ရာ၌ မူလ အခြေခံ တခုအနေဖြင့် အထင်အရှား ဖြစ်နေသော်လည်း ၎င်း ၄-ချက်တို့၏ အရင်းမူလ ထွက်ပေါ်ရာကို ထပ်မံ၍ ရှာဖွေရဦးမည် သို့မှသာ သဘာဝ အစစ်ကို တွေ့မည်။

ပုံစံတွင် ဖော်ပြထားသော သဘာဝ ၄-မျိုးပေါ် ရူပါရုံ စက္ခုပသာဒ စက္ခုဝိညာဏ် မနောဝိညာဏ်တို့ကား သာ၍ပင် အခြေခံ အရင်းမူလ ဖြစ်ကြောင်း အနတ္တ ဝိပဿနာ မျက်စိနှင့် ကြည့်မှ ဝန်ခံနိုင်ပေမည်။

ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တို့သည် ဝိပဿနာ အနတ္တ အစစ် အမှန်ကို တွေ့လိုကြလျှင် သဘာဝဉာဏ် အမြင်သန်ရန် အလွန် အရေးကြီးသည်၊ အပေါ်ရုံ ဉာဏ်ကလေးနှင့် အနတ္တ အစစ်ကို တွေ့နိုင်ကြမည် မဟုတ်ပေ။

အကယ်၍ တွေ့နိုင်ခဲ့သော် ပုဂ္ဂိုလ်တိုင်း အနတ္တဉာဏ် ပေါက်၍ သောတာပန် စခန်းသို့ ဆိုက်ရောက်ကြပြီးလျှင်

ကျွတ်ထိုက်သော ဝေနေယျတွေသာ ဖြစ်ကုန်လိမ့်မည်၊ ဤဘော်ပြချက်ကို သတိပြုပါ။

ဤသို့အားဖြင့် ရူပါရုံမှ လက္ခဏာ သဘောတရား ထွက်ပေါ်သည်ဟု ဝေဘန်ချက်ကိုလည်း သာမန် မစဉ်းစားဘဲ လေးလေး နက်နက် သဘာဝ ထွက်အောင် စဉ်းစားကြစေလိုပါသည်၊ ဤစာကို အမြန် မဘတ်ပါနှင့် ရပ်ဆိုင်း စဉ်းစား၍ ဘတ်ပါ။

သဘာဝ ထွက်အောင် စဉ်းစားနိုင်သော ယောဂီ ပုဂ္ဂိုလ်တို့သည် သိမ်မွေ့သော ရူပါရုံခေါ် ရုပ်သဘောကို ဉာဏ်မှာ ထင်ရှား တွေ့လာပါလိမ့်မည်။

သာမညံ ဝါ သဘာဝေါ ဝါ ဓမ္မာနံ လက္ခဏံနာမ-ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုထားသောကြောင့် အများသဘောနှင့် ဆက်ဆန်ခြင်းသည်ရင်း၊ မှတ်ကြောင်း သဘောသည်ရင်း လက္ခဏာ မည်၏ဟု ဒုဓိပ္ပါယ် ၂-ချက် ဝေဘန်ပြသဖြင့် အများသဘောနှင့် ဆက်ဆန်ခြင်းဒုရ ဝေဘန်လျှင် ရူပါရုံသည် ကျန် ၃-ပါးသော သဘော တရားတို့၏ ဧရာတည် အဖြစ်ဖြင့် အစဉ် ဆက်ဆန်လျက် ရှိနေကြောင်း အလွန်ထင်ရှားလေသည်၊ ထင်ရှားပုံမှာ အဆင်းဟု ခေါ်ဝေါ်နိုင်ခြင်းသည် အကြည်ဓာတ် အမြင် အသိတို့နှင့် ဆက်ဆန်ခြင်းကြောင့် ခေါ်ဝေါ်နိုင်သည်ဟု မှတ်ပါ။

မှတ်ကြောင်း သဘော တရား ဆိုရာ၌ သဘော တရားသည် ၂-မျိုးရှိ၏ (၁) အစစ် အမှန် ရရှိအပ်သော ယထာဘူတခေါ် သဘောတရား၊ (၂)အစစ် အမှန် မဟုတ်ဘဲ တင်စား၍ ရရှိအပ်သော သဘောတရား၊ ဤသို့အားဖြင့် ၂-မျိုးရှိရာ ယခုမှတ်ကြောင်း သဘော တရားသည်ကား အစစ်အမှန် မဟုတ်၊ တင်စား၍ ရရှိအပ်သော သဘောတရား ဖြစ်ပေသည်။

**တင်စား၍ ခေါ်ဝေါ်ထားပုံ**

မြင်သည်ဟူသော သင်္ကေတ လောက နယ်ကြီးတွင် တကယ်မြင်သည်ဟု ဝန်ခံ၍ ပြောဆိုနိုင်သော တရားခံမှာ နာမ်တရား သာလျှင် ဖြစ်နိုင်သည်၊ရုပ်တရားမှာကား အထောက်အပံ့ သဘောမျှသာ ဖြစ်နိုင်လေသည်။

ရူပါရုံ ခေါ် အဆင်းကို စွဲ၍ မြင်သည်ဟု အော်ဟစ်နေသော လက္ခဏာ သဘောသည် မူလ မြင်နိုင်သော သဘော မဟုတ်ပေ၊ မှတ်ကြောင်း သဘောမျှသာ ဖြစ်သည်၊ အဘယ်ကြောင့် ဆိုသော် အခြေခံ အုတ်မြစ်မျှဖြစ်သော ရူပါရုံသည် ရုပ်သဘော ဖြစ်သောကြောင့် အဘယ်မှာလျှင် တကယ် မြင်နိုင်ပါမည်နည်း။

နာမ်သဘော ဖြစ်သော စက္ခုဝိညာဏ် မနောဝိညာဏ် သဘော တရားတို့သာလျှင် သဘာဝအားဖြင့် တကယ်မြင်နိုင်လေသည်။

ကလျာဏ မျက်စိ မရှိကြကုန်သော အန္ဓ ပုဂ္ဂိုလ်တို့သည် သာလျှင် လက္ခဏာ၏ ကြွေးကြော်ချက် မြင်မှုသဘောကို တကယ် မြင်သည်ဟု ယူဆကြပေလိမ့်မည်၊ ကလျာဏမျက်စိ ရှိသော ပုဂ္ဂိုလ်တို့ကား ရူပါရုံကို မြင်နိုင်သည်ဟု မယူကြပေ၊ မြင်မှု ဖြစ်ပေါ်ခြင်း၌ ရောတည် သဘောမျှသာ ရှိသည်ဟု ယူကြပေလိမ့်မည်။

ဤသို့အားဖြင့် လက္ခဏာ၏ သဘောကို ယောဂီ ပုဂ္ဂိုလ် များ ဉာဏ်အမြင် ပေါက်စေရန် သဘာဝတွေ့ကို ထုတ်ဖော်၍ အမြွက်မျှ ဖော်ပြလိုက်ပေ၏၊ ဤကား ဥတုသဘောကို ခွဲ၍ စိတ် တည်နေပုံကို ပြခြင်း ဖြစ်ပေသည်။

အာဟာရ ဒီဂရီ ၃၆-မှ စက္ခုပသာဒ-ခေါ် သဘော တရား ထွက်ပေါ်လာလေသည်၊ အာဟာရဆိုသည်မှာ အာ ဟာရန္တိတိ အာဟာရာ-ဟူ၍ ဝိဂ္ဂိုဟ် ပြုကြသောကြောင့် အာရေးရှိသော ဟရ ဓာတ်သည် ဆောင်ခြင်း ဟူသော အနက်ကို ဟော၏ဟု သဒ္ဒါဆရာတို့ ဆိုကြ၏။

ဤ၌ ဆောင်ခြင်းအရ ဝေဘန်ပြန်သော် နာမ် သဘော ဖြစ်သော စက္ခု-ဝိညာဏ် မနောဝိညာဏ် တို့အား အာရုံ၏ အဖြစ်သို့ ရောက်အောင် ရှေ့ရှုဆောင်ရွက်ပေးခြင်းကို ဆိုလို ၏၊ ထိုသဘောသည် အကြည်ဓာတ်ပင်တည်း။

ရူပါရုံခေါ် သဘောတရားနှင့် စက္ခုဝိညာဏ် မနော ဝိညာဏ်ခေါ် နာမ်သဘောတရားတို့ကို အာရုံ၏ အဖြစ်သို့

ရောက်၍ ပေါင်းစပ်နိုင်ခြင်းသည် စက္ခုပသာဒ သဘော ကြောင့်ပင်ဖြစ်ပေ၏။

ထိုစက္ခုပသာဒမရှိခဲ့သော် ရူပါရုံခေါ် အာရုံသဘောနှင့် အာရမ္မဏိကခေါ် စက္ခု ဝိညာဏ် မနော ဝိညာဏ် သဘော တို့သည် အဘယ်မှာလျှင် အာရုံ၏ အဖြစ်သို့ ရောက်နိုင်ကြ ပါမည်နည်း။

ထို့ကြောင့် ပသာဒ သဘောသည် အစဉ်မပြတ် ဆောင် ရွက် ပေးခြင်းကြောင့်သာ အာရုံ အာရမ္မဏိက ဖြစ်နိုင်ကြ လေရကား ၎င်း စက္ခုပသာဒကို အာဟာရ ဒီဂရီ ၃၆-မှ ထွက်ပေါ်သည်ဟု သဘာဝအားဖြင့် ဝေဘန် ပြထားလေ သည်။

သဘာဝ အနတ္တ ဉာဏ်ကို ဆင်ခြင်တော်မူကြသော် အာရဒ္ဓ ယောဂီ အရှင်မြတ်တို့သည် ရှေးဦးစွာ အာဟာရ၏ သဘောတရားကို လက်တွေ့ ဝေဘန် သိမ်းဆည်း နိုင်စေရ မည်၊ ထို အာဟာရ သဘော တရားမှ ပသာဒခေါ် သဘော တရား ပေါ်ထွက်နေပုံကို ဉာဏ်အမြင် ပေါက်ရန် အလွန် အရေးကြီးလေသည်။

ဆိုလိုရင်းမှာ ပသာဒ၏ သဘောကို လက်တွေ့ ဝေဘန် ကြည့်သော် အာဟာရ သဘောတရား အရင်းခံ ဖြစ် ကြောင်း ဉာဏ်မှာ ထင်မြင်ပေါ်လာလိမ့်မည်။

ဤသို့ ထင်မြင်သည် ရှိသော် ဥတုသဘောနှင့် အာဟာရ သဘောတို့သည် မည်သည့် သဘောတရားများ ဖြစ်ကြောင်း သိမ်းဆည်းနိုင်ကြမည့် အပြင် ရူပါရုံနှင့် စက္ခုပသာဒ ၂-ပါး တို့ကိုလည်း သဘောတရားချင်း မရောမရှက် မိမိတို့၏ ဉာဏ်မှာ ကွက်ကွက်ကွင်းကွင်း ထင်မြင်စွာ သိမ်းဆည်းနိုင်ကြပေမည်။

မိမိတို့၏ ဉာဏ်မှာ မရောမရှက် ကွင်းကွင်း ကွက်ကွက် သိမ်းဆည်းနိုင်မှုကို ရုပ်ပေါ်၌ ကလျာဏမျက်စိ အသိဉာဏ် ပေါက်သည်ဟု ဆိုလိုသည်။

ထို စက္ခုပသာဒမှလည်း (ရသ)ခေါ် သဘောတရား ထွက်ပေါ်ပြန်လေသည်၊ (ရသ)၏ သဘောကို အဋ္ဌကထာ ဆရာ အရှင်မြတ်တို့ မိန့်ဆိုတော်မူသည်မှာ ကိစ္စ သမ္ပတ္တိ ဝါ ရသာနာမ၊ ကိစ္စ၏ပြည့်စုံခြင်းသဘောတရားပင် ဖြစ်ပေ၏။

ကိစ္စဆိုသည်မှာလည်း ပြုဘွယ်ကိစ္စကို ဆိုလို၏၊ ဤ၌ စက္ခုဝိညာဏ် မနောဝိညာဏ်တို့၏ ဖြစ်ပေါ်ရန် အတွက် ပြုဘွယ်ကိစ္စ လုပ်ငန်းစဉ်ကို စက္ခုပသာဒခေါ် မျက်စိ အကြည် ဓာတ်က ပို့ဆောင် ထောက်ပံ့ အကျိုးပြုပေးခြင်းကိုပင် ရသဟု ဆိုလိုပါသည်။

## ယှဉ်ဆိုင်ပုံမှာ

သင်္ခတ လောကခေါ် ဝိညာဏ်နယ် ခေန်းတွင် ပဥ္စ ဝိညာဏ်နှင့် မနော ဝိညာဏ်တို့က မြင်သည်ဟု ဂုဏ်ထုတ်၍

ဟန်လုပ် ပြောဆိုနေခြင်းသည် စက္ခုပသာဒခေါ် ရုပ သဘောတရား၏ ဆောင်ရွက်မှုကြောင့်ပင် ဖြစ်သည်။

ထို ဆောင်ရွက်ပေးနိုင်မှုကို ကိစ္စ၏ ပြည့်စုံခြင်းဟု ဆိုလို ရင်း ဖြစ်ပေ၏၊ ပြည့်စုံအောင် ဆောင်ရွက် ပေးနေသော ရုပ, ကိုလည်း ၎င်း၏ သဘောရင်းကို သိအောင် ယော ဂီပုဂ္ဂိုလ်တို့သည် အနတ္တဉာဏ် စခန်းခေါ် ခုံရုံးတော်သို့ တင်၍ တဘန် ဝေဘန်ဆင်ခြင်ရမည်။

## ကိစ္စ၏ ပြည့်စုံခြင်းသည် ၂-မျိုး ရှိ၏

၁။ မိမိ၏ သဘောတရား သတ္တိဖြင့် ဆောင်ရွက်နိုင်ခြင်း ဖြင့် ကိစ္စ၏ ပြည့်စုံခြင်း တမျိုး။

၂။ မိမိ၏ သဘောတရား သတ္တိဖြင့် မဆောင်ရွက်နိုင် ဘဲ အကြောင်း ညီညွတ်မှုကြောင့် ဖြစ်ပေါ်လာသော ကိစ္စ ၏ ပြည့်စုံခြင်း တမျိုး။

ဤသို့အားဖြင့် ၂-မျိုး ရှိရာ ယခု ဘော်ပြသော ရုပ ခေါ် သဘော တရားသည်ကား မိမိ၏ သဘော သတ္တိဖြင့် ကိစ္စ ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်း အလျဉ်းမရှိပေ။

အကြောင်း ညီညွတ်၍ ဖြစ်ပေါ်လာသော ပစ္စယ သာ မဂ္ဂီခေါ် အနတ္တ သဘော တရားကိုပင် မိမိက အသားယူ၍

ဝါ, ဂုဏ်ယူ၍ ကိစ္စ၏ ပြည့်စုံခြင်းဟု အမည် တပ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ဥပမာ ရသ၏ သဘောတရားကို ဝေဘန် ဆင်ခြင်လျှင် နိုင်ငံတော်ကို အုပ်ချုပ်နေသော ဝန်ကြီးအဖွဲ့နှင့် တူ၏။

ဝန်ကြီး အဖွဲ့သည် ရာထူးကြီး၍ လခ ရိက္ခာတော် အများဆုံး ယူနေသော်လည်း နိုင်ငံတော်၏ လုပ်ငန်းစဉ်ကို ဆင်ခြင် သုံးသပ်လျှင် အတွင်းဝန်နှင့် စာရေးများ သာလျှင် လုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက် အားထုတ်ကြရလေသည်။

ဝန်ကြီး မှာကား မိမိကိုယ်တိုင် ဆောင်ရွက် လုပ်ကိုင်သော အလုပ်ဟူ၍ ဘာတခုမျှ မရှိ၊ သူ့သဘာဝနှင့်သူ ပြည့်စုံလာသော လုပ်ငန်းစဉ်ကိုပင် စားပွဲပေါ်၌ လက်မှတ်ရေးထိုးရုံ ကိစ္စနှင့်ပင် ဝန်ကြီးအလုပ် ဟူ၍ အသိအမှတ် ပြုကြသလို ရသခေါ် သဘော တရားသည်လည်း သူ့ကိုယ်တိုင် ကိစ္စ၏ ပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း သဘာဝအတိုင်း ပြည့်စုံ ညီညွတ်လာသော သဘောတရားကိုပင် ရသ၏ အလုပ်ဟူ၍ သမုတ်ခြင်း ဖြစ်သည်။

ဤသို့ သမုတ်ခြင်းသည်လည်း သခ်တနယ်ခေါ် ပညတ်သိ စခန်း၌ ရသ ဟူသော သဘောတရားသည် အရေးပါ အရာရောက်သော သဘောတရား တခု ဖြစ်ပေ၏။

ဝန်ကြီးများ လက်မှတ် မရေးထိုးခဲ့သော် လုပ်ငန်းစဉ်သည် ပြီးစီး အောင်မြင် နေသော်လည်း နိုင်ငံတော်၌ ဆောင်ရွက်နိုင်ခြင်း အလျဉ်းမရှိ သလို ရသ ခေါ် သဘောတရား၏ ခွင့်ပြုချက် မရသော် ပညတ်နယ် လောကကြီးသည် အဘယ်မှာလျှင် ပေါ်နိုင် ပါမည်နည်း။

ပညတ်နယ် လောကကြီး၏ ထွက်ပေါ်နေမှုသည် ရသခေါ် သဘောတရားမှ ထွက်ပေါ်လာခြင်း အရင်းခံ ဖြစ်၍ မိမိသဘော သတ္တိဖြင့် ကိစ္စ၏ ပြည့်စုံရခြင်းကို မဆောင်ရွက်နိုင်သော်လည်း သဘာဝအားဖြင့် အကြောင်းညီညွတ်မှု အနတ္တသဘောကိုပင် ကိစ္စ၏ ပြည့်စုံခြင်းဟု ရသ၏ ဂုဏ်ယူခြင်းကို အသိအမှတ် ပြုကြရလေသည်။

ဤသို့အားဖြင့် ယောဂီပုဂ္ဂိုလ်တို့သည် ရသ၏ သဘောနှင့် တကွ ရသ၏သဘောရင်း ထွက်ပေါ်လာရပုံကို ဉာဏ်အမြင်ပိုင်အောင် ဝေဘန် သိမ်းဆည်းတော်မူပါ၊ ဝေဘန် သိမ်းဆည်း ဆိုသည်မှာ အနတ္တသဘောဖြင့် ရသ ဖြစ်ပေါ်နေခြင်းကို မြင်အောင်ရှုခြင်းပင် ဖြစ်၏။

အဋ္ဌကထာ ဆရာမြတ်တို့သည် သဘောတရား တခု၏ သဘာဝကို ထုတ်ဘော်သော အခါ ဌာန် ၄-ချက် ခေါ် လက္ခဏ ရသ ပစ္စုပ္ပဋ္ဌာန် ပဒဋ္ဌာန် တို့နှင့် ဝေဘန် သိမ်းဆည်း၍ ပြတော်မူသည်မှာ ပိဋကတ် သင်ကြား ဘူးသော ပုဂ္ဂိုလ်တိုင်း အသိဖြစ်ပေ၏၊ ပိဋကတ်တော်မှာ ပရမတ္ထ တ

ရားတို့၏ သဘာဝ လက္ခဏာကို ဝေဘန်သော အခါတွင် ဤ ၄-ချက်နှင့်ပင် အဋ္ဌကထာဆရာများ ဝေဘန် ကြလေသည်။

ဌာန် ၄-ချက်တို့ကား မည်သည့်သဘောတရားမှ ပေါ် ထွက်လာသည်ကို ရှေးအခါက ငါတို့ကိုယ်တိုင် သဘာဝကို မမြင်ခဲ့ပေ၊ ဌာန် ၄-ချက်ကိုပင် အရင်းအမြစ် ထင်မှတ်ခဲ့ပေ၏။

အနတ္တ ဝိပဿနာ ဉာဏ်နှင့် ဝေဘန်သိမ်းဆည်း ကြည့်သောအခါမှ "ရသ" ခေါ် သဘောတရားသည်စက္ခုပသာဒ သဘောမှ ထွက်ပေါ် နေကြောင်း သဘာဝဉာဏ် ပေါက်လေသည်။

စက္ခု ပသာဒသည်လည်း ကံ, စိတ်, ဥတု, အာဟာရ ခေါ် အကြောင်းတရား ၄-ပါးတို့တွင် အာဟာရဟူသော အကြောင်း တရားမှ ထွက်ပေါ်ကြောင်း သဘာဝ အလွန် ထင်ရှားလှပေ၏။

ဤသို့ သဘာဝ အဆင့်ဆင့် ထွက်ပေါ်ပုံနှင့် သဘာဝ အဆင့်ဆင့် တည်ရှိနေပုံတို့ကို ဝိပဿနာ အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်များ ဝေဘန်သိမ်းဆည်းတော် မူနိုင်ကြစေလို၏။

စိတ် ဒိဂရိ ၃၆ သဘော တရားမှလည်း စက္ခုဝိညာဏ် ခေါ် သဘောတရား ပေါ်ထွက်လျက် ရှိပေ၏၊ ထိုပေါ်

ထွက်နေပုံနှင့်တကွ အခြေခံ သဘောတရား တည်နေပုံတို့ကို ယောဂီပုဂ္ဂိုလ်များ ဝေဘန်နိုင်ရန် ဘော်ပြဦးအံ့။

စိတ် ဟူသော အကြောင်း တရားကို ဝေဘန်သော် အကျဉ်းအားဖြင့် စိတ် အကြောင်းသည် ၂-မျိုး ရှိ၏။

၁။ ပညတ် သဘော ဖြစ်သော စိတ်၊

၂။ ပရမတ် သဘော ဖြစ်သော စိတ်၊ ဤသို့ ၂-မျိုး ရှိလေသည်။

ပညတ် သဘော ဖြစ်သော စိတ်ဆိုသည်မှာ ယခုအခါ သူ-ငါကစ ပြောဆိုနေကြသည်မှာ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" အာရုံကို ကြံတတ် သိတတ်သောကြောင့် စိတ်ဟူ၍ ပြောဆို နေကြလေသည်။

ထို သဘော တရား မျိုးသည်ကား ပညတ် သဘောဖြစ်သော စိတ်မျိုးကို ဆိုလို၏၊ ပညတ် သဘော ဆိုသည်မှာ လည်း အာရုံ တခုကို ဆွဲကိုင်၍ ပညတ်သိ သဘော တရား အပိုင် သိမှု, ဖြစ်မှုကို ဆိုလို၏။

ဥပမာ-အားဖြင့် ထင်ရှားစွာ ပြဦးအံ့၊ အရာဝတ္ထု တခုခုကို အာရုံပြု၍ ကြည့်လိုက်သော အခါ ဤအရာဝတ္ထု ကား ယောကျ်ားဘဲ, မိန်းမဘဲ, ခွေးဘဲ, ဝက်ဘဲ, အိမ်ဘဲ, ကျောင်းဘဲ စသည်ဖြင့် သိသော သဘောတရားကို စိတ်ဟူ

၍ လောကတွင် ခေါ်ဝေါ် ကြသည်၊ ဤ စိတ်မျိုးကား ပညတ်သိ သဘော ဖြစ်သော စိတ်မည်၏။

ပရမတ် သဘော ဖြစ်သော စိတ် ဆိုသည်မှာကား၊ ဝိပဿနာ ဉာဏ် ၁၀-ပါးတွင် ရှေ့ဦးစွာ သမ္မသန ဉာဏ်ဖြင့် ဝေဘန် ပြအပ်သော သန္တတိ ခေါ် သဘော တရားကို ဆိုလို၏။

သန္တတိ ဟူသည်ကား ဆက်စပ်ခြင်း အစဉ် သဘောကို ဆိုလို၏၊ ဆက်စပ်ခြင်း ဟူသည်မှာ တခုနှင့်တခု တပါးနှင့်တပါး အစဉ်မပြတ် ဖြစ်ပေါ် နေခြင်းပင် ဖြစ်၏။

ဥပမာ-မီးရထား တွဲပေါင်း များစွာတို့သည် တခုနှင့်တခု တွဲဆက်၍ ထားသကဲ့သို့ရင်း၊ ပရွတ်ဆိတ် ခေါ် သတ္တဝါတို့သည် တကောင်နှင့်တကောင် အစဉ်မပြတ် ဆက်စပ်၍ သွားလာဘိ သကဲ့သို့ရင်း၊ ဖြစ်ပေါ်နေခြင်းကို သန္တတိ ဟူ၍ ခေါ်သည်၊ အာရုံတခုကို ဆွဲယူလိုသော အခါ ပရမတ် သဘောတရား တို့သည် ရာပေါင်း, ထောင်ပေါင်း များစွာ ဆက်စပ်၍ အာရုံတခုကို ဆွဲယူကြရလေသည်။

ဤသို့ အားဖြင့် ရာပေါင်း, ထောင်ပေါင်း များစွာ ဆက်စပ်၍ ဖြစ်ပေါ်ကြရသော ပရမတ် သဘော တရားတို့တွင် တခုသော သဘော တရားကို ထုတ်နှုတ်၍ မေးမြန်း စစ်ဆေးကြည့်သော် ရင်းသဘော တရားသည် အဘယ် သဘောတရား ရှိပါသနည်း။

ဆက်စပ်ခြင်း သန္တတိခေါ် သဘောတရား ရှိပေသည်၊ ၎င်း သန္တတိ သဘော တရားကား စိတ် ဟူသော အကြောင်း မည်၏။

ထို အကြောင်း တရားမှ စက္ခုဝိညာဏ်ခေါ် သဘော ထွက်ပေါ်လာပေ၏၊ ထိုစက္ခု ဝိညာဏ်သည်ကား ရူပါရုံနှင့် စက္ခုပသာဒ ၂-ပါးတို့၏ ဆက်စပ်ခြင်း, ပေါင်းဆုံခြင်း သဘောတရားကြောင့် ဖြစ်ပေါ်လာရသော နာမ်သဘော မျိုးဖြစ်ပေသည်။

ထို နာမ်သဘောကို အဘိဓမ္မာ နည်း၌ ပဉ္စဝိညာဏ်နာမ် ဟူ၍၎င်း၊ နာမ်အသေး ကလေး ဟူ၍၎င်း၊ ပြဆိုထား၏၊ ဝိပဿနာ အရာ၌ကား ၎င်း ပဉ္စဝိညာဏ်နာမ်ခေါ် နာမ်အသေးအသိ သဘောကို သညာသိ ဟူ၍ ခေါ်ဆို နိုင်လေသည်၊ အမှတ်ပြု၍ သိခြင်းမျိုးပင် ဖြစ်ပေသည်။

ထို သညာသိ နာမ်သဘောကို မနောဝိညာဏ် နာမ် သဘောကြီး၏ ရှေ့သွားပြုသော အသိသဘောဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်၊ "သညာ ပုဗ္ဗင်္ဂမာ သင်္ခါရာ" ဟူသော အင်္ဂုတ္တရ စကားကို ထောက်လေ။

ထို စက္ခု ဝိညာဏ် သဘောတရားမှလည်း ဋ္ဌာန် ၄-ချက် သဘောတရားတို့တွင် ပဋ္ဌာန်းဌာန် ဟူသော သဘောတရား ကြီး ထွက်ပေါ်လာလေသည်။

ပစ္စုပ္ပန္နဆိုသည်မှာ "ဥပဋ္ဌာနကာကာရောဝါ ဖလံဝါ" ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုတော်မူသောကြောင့် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေးရှုထင်သော သဘော တရားကို ခေါ်သည်။

ယောဂီ ပုဂ္ဂိုလ်အရ ဝေဘန်သော် ရုပ်သဘော နာမ် သဘော တို့ကို သဘာဝ အသိဉာဏ် ပေါက်၍ အနုတ္တဉာဏ် စခန်းသို့ ဆိုက်ရောက်အောင် အားထုတ်သော ပါရမီရှင် တို့ ကို ဆိုလို၏။

ဉာဏ်အား ရှေးရှုထင်ခြင်း ဆိုသည်မှာလည်း ရုပ်သ ဘော နာမ်သဘော တို့ကို သိမ်းဆည်းရာ၌ နာမ်သဘော တရားသည် ဒဲလိုလိုဖြစ်လာသည် မဟုတ်ရာ၊ ရုပ်သဘော တရားတို့၏ ဆက်စပ်ခြင်း သဘောတရားမှ သဘာဝ အနုတ္တအားဖြင့် ထွက်ပေါ်လာသော မျက်မှောက် အသိ သဘောကလေးပင် ဖြစ်ပေ၏။

ထိုမျက်မှောက် အသိသဘောကိုမြင်သော ယောဂီပုဂ္ဂိုလ် တို့သည် အနုတ္တဉာဏ် စခန်းသို့ ဆိုက်ရောက် နိုင်လေသည်။

အနုတ္တ ဉာဏ်သည်ကား မျက်မှောက် ပစ္စုပ္ပန်သဘောကို ခေါ်သည်၊ ထိုသဘောတရားကိုပင် ရှေးရှုထင်ခြင်းဟု ဆို လိုသည်။

ဤ၌ ပစ္စုပ္ပန္န် သဘောကို အဋ္ဌကထာ ဆရာသည် အနက် ၂-မျိုး ဝေဘန်ထားတော်မူသည်မှာ-

၁။ ဉာဏ်အား ရှေးရှုထင်ခြင်း သဘောတရား၊

၂။ အကျိုးတရား၊

ဤသို့အားဖြင့် ဝေဘန်ပြခဲ့ရာ ယခု ဘော်ပြခဲ့သည်မှာကား ရှေးရှုထင်ခြင်း သဘောတရား အရ ဖြစ်ပေ၏။

အကျိုးတရား အရ ဝေဘန်ပြန်သော် ရှေးရှု ထင်ခြင်းခေါ် ပစ္စုပ္ပဋ္ဌာန် သဘောသည်ကား အကျိုးတရားသဘော အစစ်မည်၏။

## အကျိုးတရား ဖြစ်ပုံမှာ

ရှေးရှုထင်ခြင်း သဘောတရားသည် ရူပါရုံ သဘောနှင့် စက္ခုပသာဒ သဘောတရား ၂-ပါးတို့၏ ဆက်စပ်ပေါင်းဆုံခြင်းသဘောမှ ထွက်ပေါ်လာရသောသဘောဖြစ်၍ အကျိုးတရား အစစ် မည်၏။

မနော ဝိညာဏ်ခေါ် သဘောမှ နေ၍ ဝေဘန် သိမ်းဆည်းပြန်သော် ဤ သညာသိ သဘောသည် အာရုံ၌ ရှေးရှုခါမျှ မတ္တသာ သဘောရှိ၏၊ အပိုင်သိ သဘောသို့ကား မရောက်နိုင်သေးပေ၊မနော ဝိညာဏ်သိ သဘောမှ သာလျှင် အာရုံကို အပိုင်ဆုံကိုင်နိုင်၍အပိုင်သိ သဘောတရားဖြစ်လေရကား အကြောင်း သဘော အကျိုးသဘော ၂-ပါးနှင့် ဝေဘန်လျှင် သညာသိသဘောသည် အကျိုးသဘောမည်၏၊

မနော ဝိညာဏ်သိ သဘောသည် အကြောင်း သဘော မည်၏။

သညာသိ သဘောတရားသည် အာရုံကို ရှေ့ရှုထင်ခြင်း မျှသာ ရှိ၏၊ အပိုင် မဆွဲနိုင်ပေ၊ နာမပညတ် သဏ္ဌာနပညတ် ၂-ပါး ပေါ်အောင် ဆောင်ရွက်ပေးခြင်းကို ရှေ့ရှုထင်သည် ဟု မှတ်။

ထို့ကြောင့် အဋ္ဌကထာ ဆရာသည် ပစ္စုပဋ္ဌာန် သဘော ကို ဥပဋ္ဌာနာကာရောဝါ၊ ဉာဏ်အား ရှေ့ရှုထင်သော အချင်းအရာသည်ဝင်း။ ဖလံဝါ၊ အကျိုးတရားသည်ဝင်း။ ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဤသို့အားဖြင့် ပုံစံတွင် ဖော်ပြထားသည့်အတိုင်း စိတ် ဟူသော အကြောင်းတရားမှ စက္ခုဝိညာဏ် သဘော ပေါ် ပုံကို သဘာဝ အနတ္တ စခန်းသို့ ဆိုက်ရောက်အောင် အကြိမ် ကြိမ် ဝေဘန်ပါ။

ဝင်းနောက် စက္ခုဝိညာဏ် သဘောမှပစ္စုပဋ္ဌာန် ဟူသော သဘောတရား ပေါ်ထွက်နေပုံကိုလည်း သဘာဝ ပေါက် အောင် ဆင်ခြင် သုံးသပ်တော်မူပါ၊ သို့မှ အနတ္တ သဘောကို တွေ့နိုင်ပါသည်။

ဤသို့လျှင် ယောဂီပုဂ္ဂိုလ်များ နှလုံးသွင်း နိုင်ကြစေရန် သဘာဝ အဆင့်ဆင့် တည်နေပုံနှင့် ပေါ်ထွက်လာပုံတို့ကို

ငါတို့၏ နှလုံးအိမ်၌ ကိန်းဝပ်သည့် သဘာဝ အတိုင်း ထုတ်ဖော်၍ အနတ္တစခန်း ဖွင့်လိုက်ပါပြီ။

အကြိမ်ကြိမ် ဝေဘန် ဆင်ခြင်ကြပါလျှင် ဤ ဖော်ပြလာသည်ထက် ပိုမို လွန်ကဲ၍ သဘာဝ အသိဉာဏ် အပိုင်ဆိုက်ရောက်အောင် မှုနိုင်ကြပါလိမ့်မည်၊ ပရမတ် ရုပ်စစ် နာမ်စစ် ဆိုသည်မှာလည်း အနတ္တ သဘော နေပုံကို အသိဉာဏ် ပေါက်ရောက်ခြင်းသည် ရုပ်စစ် နာမ်စစ် တွေ့ခြင်းပင် ဖြစ်ပေ၏။

ဇိတ်-ဟူသော အကြောင်းတရားမှ စက္ခုဝိညာဏ် သဘော ပေါ်ပုံနှင့် ကက္ခပစ္စုပ္ပန် သဘောတရား နေပုံတို့ကို ဖော်ပြပြီး၍ ယခုတဖန် ပုံဖော်ကွင်း ဖော်ပြထားသည့် အတိုင်း( [illegible] ) ဟူသော အကြောင်းတရားမှလည်း မနောဝိညာဏ် ထွက်ပေါ်လာလေသည်။

ဤ ထွက်ပေါ်လာပုံကို ယောဂီပုဂ္ဂိုလ်များ သဘော ပေါက်အောင် ဂ ဟူသော အကြောင်းတရား နေပုံကို ရှေးဦးစွာ ဝေဘန်ပြဦးအံ့။

ပညာမြင် ဥဒယဗ္ဗယဉာဏ် စခန်းနှင့် ဝေဘန်သော် ဂ ဟူသော အကြောင်းတရားသည် ၂-မျိုး ရှိ၏။

ဟေတု-ခေါ် ပစ္စုပ္ပန် အကြောင်း ဂ၊

ပစ္စယ-ခေါ် ဇနက အကြောင်း ဂ၊

ဤသို့အားဖြင့် ၂-ပါးရှိရာ မျက်မှောက် ပစ္စုပ္ပန် အခါ၌ အတွင်း၌ ဖြစ်ပေါ်လာကြသော ရုပ် နာမ် ဓမ္မ သင်္ခါရ သဘော တရားတို့သည် ပြုပြင်ခြင်းခေါ် ဖြစ်သဘော ရှိခြင်း ကြောင့် ဖြစ်ပေါ်လာသော ရုပ်ဓမ္မ နာမ်ဓမ္မများ ဖြစ်ချေ သည်။

ထို ဖြစ်သဘောသည် ပစ္စုပ္ပန်ကံ မည်၏၊ ထိုကံကို ဟေတု အကြောင်း ဟူ၍ ခေါ်သည်၊ ဟေတု အကြောင်းအရ စေတနာပြုန်သော် တဏှာ သဘောခေါ် ပြုပြင်ခြင်းအခြေခံ ပင် ဖြစ်ပေ၏။

ဆိုလိုရင်းမှာ ကံဟူသော အကြောင်း တရားသည် အဝိဇ္ဇာ တဏှာ ဟူသော သဘောတရားတို့၏ အခိုးအရှိန် ကြောင့် ဖြစ်ပေါ်နေသော ပြုပြင်ခြင်း သဘောတရားကို ကံ ဟူ၍ ခေါ်သည်။

ပြုပြင်ခြင်း ဆိုသည်မှာလည်း အားထုတ် လုပ်ဆောင် ဝိမ်ခြင်း သဘောတရားပင် ဖြစ်ပေသည်၊ ထို သဘောတရား ရှိသောကြောင့် သတ္တဝါတို့မှာ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာ ဘဝ အမျိုးမျိုးသို့ ခန္ဓာ ငါးပါး ရုပ်-နာမ် တရား ဖြစ်ပေါ် ရခြင်း ဖြစ်ပေ၏။

ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တို့သည် ကံ သဘောကို အကျဉ်း စေတနာသိရန်မှာ ပြုပြင်ခြင်း သဘော တရားကို သဘော ပေါက်အောင် ရှေးဦးစွာ စေတနာ သိမ်းသည်းပါ။

ထို ပြုပြင်ခြင်း သင်္ခါရတရားခေါ် ကံ ဟူသော အကြောင်း တရားမှ မနောဝိညာဏ် သဘော ထွက်ပေါ်လာလေသည်။

## ထွက်ပေါ်လာပုံမှာ

မနော ဝိညာဏ်အရ စေတနာန်ကြည့်လျှင် နှလုံးအိမ်မှ ဖြစ်ပေါ်လာသော အသိသဘောကို ဆိုလိုသဖြင့် ထိုနှလုံးအိမ် အသိသည်လည်း အလိုလို ဖြစ်ပေါ်၍ သိနိုင်သည် မဟုတ်ပေ၊ ရုပ်ရုံ စက္ခုအကြည် စက္ခု ဝိညာဏ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော အသိသဘော ဖြစ်ကြောင်း အလွန် ထင်ရှားလေသည်။

ထို ပေါင်းဆုံသော သဘောတရားတို့ကား ပြုပြင်ခြင်းခေါ် ကံ သဘော မည်၏၊ ကံ သဘောခေါ် ပေါင်းဆုံခြင်း ကြောင့် ဖြစ်ပေါ်လာရသော အသိသဘောကို မနော ဝိညာဏ် သဘော မည်၏။

ထို့ကြောင့် မနော ဝိညာဏ် သဘောသည် ပြုပြင်ခြင်း ခေါ် ကံ သဘောမှ ဖြစ်ပေါ်လာသော သဘောတရား ဖြစ်ကြောင်း ပုံစံတွင် ထုတ်ဖော် ပြထားလေသည်။

ထိုမနော ဝိညာဏ် သဘောမှလည်း ဌာန် ၄-ချက်တို့ ထွင် ပဒဌာန်ခေါ် သဘောတရား ထွက်ပေါ်လေသည်၊ ပဒဌာန်ဆိုသည်မှာ အာသန္နကရဏ် ပဒဌာနံ နာမ-နီးစွာ သော အကြောင်းတရားသည် ပဒဌာန် မည်၏၊ ဤသို့အဌ

ကထာ ဆရာမြတ် မိန့်ဆိုထားသောကြောင့် နီးစွာသော အကြောင်းအရ ဝေဘန်ပြန်သော် မနော ဝိညာဏ် သဘော ကိုပင် ကောက်ယူနိုင်လေသည်။

## ကောက်ယူနိုင်ပုံမှာ

ထို မနော ဝိညာဏ်သည် ကျန် ၃-ပါးသော သဘော တို့ကြောင့် ဖြစ်သော်လည်း ၎င်း မနော ဝိညာဏ်သည် ပြဋ္ဌာန်းသော သဘောဖြစ်ပေ၏၊ အဘယ်ကြောင့်ဆိုသော် ကျန် ၃-ပါးသော သဘောတို့သည်ကား သိမှုဟူသော သဘော တရားကို အပိုင် မခံယူနိုင်ကြပေ၊ မနော ဝိညာဏ် သည်သာလျှင် သိမှု ဟူသော သဘောတရားကို အပိုင် ခံယူ နိုင်သောကြောင့် အဋ္ဌကထာ ဆရာမြတ်က ပဒဋ္ဌာန် ဟူ၍ မိန့်ဆိုထား၏။

ဤသို့အားဖြင့် သခ်တ လောကခေါ် ဝိညာဏ်သိ နယ် ကြီးတွင် မြင်မှုဟူ၍ ခေါ်ဝေါ် သုံးစွဲနေကြသော သဘာဝ တရားကို အနတ္တ ဝိပဿနာ ဉာဏ်စခန်းနှင့် ဝေဘန်ကြည့် သော် ဤပုံစံတွင် ဘော်ပြထားသည့်အတိုင်း သဘာဝ ၄- ပါး ပေါင်းဆုံမှုသဘောကြောင့် မြင်သည်ဟု ထွက်ပေါ် လာရခြင်း ဖြစ်ပေ၏။

ထို သဘာဝ ၄-ပါးကိုလည်း တဖန်ထပ်၍ ထွက်ပေါ် ခြင်း အကြောင်းရင်းကို ရှာပြန်သော် ပုံစံတွင် ပြသည့် အ

တိုင်း ကံ, စိတ်, ဥတု, အာဟာရ ဟူသော သဘော တရား အကြောင်း ၄-ပါး အရင်းခံပင် ဖြစ်ပေ၏။

ထိုအကြောင်းတရား ၄-ပါးတို့ကြောင့် ဖြစ်ပေါ်လာသော သဘာဝ ၄-မျိုးကို ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ ဝေဘန် သိမ်းဆည်းနိုင်ရန် ဌာန် ၄-ချက်ဖြင့် သဘာဝ တရား အသီးသီး နေပုံတို့ကိုလည်း အဋ္ဌကထာ ဆရာသည် ထုတ်ဘော်၍ ပြထားလေသည်။

ဤသို့အားဖြင့် မြင်မှု ဟူသော ဝိညာဏ်သိ လောကကြီးတခုလုံးကို ဒိဂရီ ပါ၀ါအားနှင့် ဝေဘန်သော် ဥတု ဒိဂရီ ၃၆၊ အာဟာရ ဒိဂရီ ၃၆၊ စိတ်ဒိဂရီ ၃၆၊ ကံ ဒိဂရီ ၃၆- အားဖြင့် ဒိဂရီ ပါ၀ါအား ၁၄၄ ရှိလေသည်။

ဧင်း ဒိဂရီ ပါ၀ါ အားသည် မြင်သည် ဟူသော သဘော တရား တခုတည်း၌ ရှိသော ပါ၀ါအားဖြစ်သောကြောင့် ပုံစံ၏ အထက် စက်ဝိုင်းတွင် ဒိဂရီ ပါ၀ါအား ၁၄၄-ဟု ထုတ်ဘော် ပြထား လေသည်။

ဧင်းစက်ဝိုင်း၏အတွင်း၌ဘော်ပြထားသည့်သမုတိသစ္စာနယ် ဆိုသည်မှာ သမုတ်သတ်မှတ် အမည်တပ်၍ ပညတ်ခေါ်ဝေါ်ခြင်းသဘောတရားကို သမုတိသစ္စာနယ်ဟု ဆိုလိုသည်။

ဆိုလိုရင်း သဘောအချုပ်မှာ မြင်မှု, ကြားမှု, နံမှု, စသည်ဖြင့် ခေါ်ဝေါ်ပညတ်ခြင်းအမျိုးမျိုးတို့သည် သမုတ်သစ္စာနယ် ဟုမှတ်။

သင်္ခတ ပရမတ် ဆိုသည်မှာလည်း ပြုပြင်ခြင်း မကင်းသေးသော သဘောတရားကို ဆိုလို၏၊ ပြုပြင်ခြင်း ဒုံ ရ ဝေ ဘန်ပြန်သော် ဤ သဘောတရား ၄-ပါးတို့၏ ပေါင်းဆုံညီညွတ်မှု အစဉ် ဖြစ်ပေါ်နေခြင်းပင် ဖြစ်၏။

ဤ၌ ပရမတ်သဘောတရားသည် ၂-မျိုးရှိ၏

၁။ သင်္ခတ ပရမတ်-ဝိညာဏ်သိ လောက ခေါ် ပြုပြင်ခြင်း သဘောတရားသည် အစဉ် ဖြစ်ပေါ်လျက် အစွဲလောကကြီး မချုပ်ငြိမ်းသေးသော သဘောတရားကို သင်္ခတ ပရမတ် ဟူ၍ မှတ်၊ ယခုအခါ တရား အားထုတ်နေသော ပုဂ္ဂိုလ်တို့ ပြောဆို ယူဆ နေကြသော မာမှု, ပျော့မှု, ပူမှု, အေးမှု, ဘောက်ပြန် ခံစားမှု, သိမှု အမျိုးမျိုးတို့သည် သင်္ခတ ပရမတ်မျိုး မည်၏။

၂။ အသင်္ခတ ပရမတ်-ပညာသိ စခန်းသို့ ဆိုက်ရောက်သဖြင့် ဝိညာဏ်သိခေါ် အစွဲလောကကြီး၏ ချုပ်ငြိမ်းခြင်း သဘောတရားကို ဆိုလို၏၊ ဆိုလိုရင်းသဘော အချုပ်မှာ ငြိမ်းအေးသော သန္တိခေတ် သဘောကို အသင်္ခတ ပရမတ် ဟူ၍မှတ်။

ဤသို့အားဖြင့် မြင်မှု, ကြားမှု ဟူသော သဘောတရားကို သဘာဝ နည်းအားဖြင့် ခွဲဝေကြည့်သော် ဒိဂရီ ပါဝါအား ၁၄၄ ရှိကြောင်း ဒုံလွန် ထင်ရှားလေသည်။

ဤဒီဂရီ ပါဝါအား ၁၄၄ ရှိနေသမျှ ကာလပတ်လုံး မြင်မှု သဘောတရားသည် အဘယ်မှာလျှင် ဆိတ်သုဉ်းပါမည်နည်း၊ မဆိတ်သုဉ်းသေးသော် (ဝါ) အနတ္တ ဓမ္မသို့ ဦးခေါင်း မကျရောက်သေးသော် ပြုပြင်ခြင်းခေါ် သင်္ခတလောကကြီး၌ ဤပါဝါအားတို့သည် အချည်းနှီး မဖြစ်နိုင်ရာ၊ မိမိတို့၏ ကာမဓာတ် အားရှိသမျှ ရုပ်လောကခေါ် ကလာပ်တခု ဖြစ်ပေါ်ရန် ပေါင်းစုကြမည်မှာ အမှန်ဖြစ်ပေ၏။

ကလာပ်တခု ဆိုသည်မှာ အဋ္ဌကလာပ် ခေါ် ရုပ် ၈-ပါး အပေါင်းအစုကို ဆိုလို၏၊ ရုပ် ၈-ပါး အပေါင်းအစု တခု အဖြစ်သို့ ရောက်သော် သင်္ခတ လောကကြီးတွင် အရေးပါ အရာရောက်သော သဘောတရား တခု အဖြစ်သို့ ရောက်ရှိကြ၍ ဝိညာဏ်သိ လောကကြီးကို ဖန်ဆင်းနိုင်ပြီးလျှင် အစွဲ လောကကြီး ဖြစ်အောင် ဆောင်ရွက်မည်ကား မလွဲနိုင်ပေ။

ထို့ကြောင့် ငါတို့သည် ယောကျ်ား, မိန်းမ ပုဂ္ဂိုလ်, သတ္တဝါ မရှိဟူ၍ သုံးစွဲပြောဆို ယူဆနေရုံနှင့် လုပ်ငန်းစဉ် ကိစ္စ မပြီးနိုင်ပေ၊ ဝါ, အစစ်အမှန် အနတ္တကို မတွေ့နိုင် သေးပေ။

ဤ ဘော်ပြချက် ဒီဂရီ ၁၄၄ သုဉ်းဆိတ်အောင် ပညာ စခန်းဖြင့် အပိုင် ဝေဘန် သိမ်းဆည်းနိုင်မှ အစစ်အမှန် အနတ္တသဘာဝကို တွေ့သိမည် ဖြစ်ပါသောကြောင့် အာရဒ္ဓ

ယောဂီ အရှင်မြတ်တို့သည် အစစ်အမှန် အနုတ္တာကို လုပ်ငန်းစဉ်ဖြင့် အပိုင် ဆိုက်ရောက်နိုင်ကြစေရန် ဤဘော်ပြသော ဒီဂရီ ၁၄၄ ကို သုဉ်းဆိတ်အောင် ဝေဘန် သုံးသပ် အထပ်ထပ် ပွားများ ကြိုးစား အားထုတ်တော် မူကြပါရန် ပုံစံနှင့်တကွ လုပ်ငန်းစဉ်ကို စွဲချက်တင်၍ ပညာရှိများထံ ပို့ဆက်လိုက်ရပေသတည်း။

ပုံစံနံပါတ် (၁) အဖွင့်ပြီး၏။

အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်၏ အခြေခံခေါ်

ပုံစံ (၂) အနတ္တ ဝိပဿနာအဖွင့်ကျမ်း





ဤသို့လျှင် မြင်သည်ဟူ၍၎င်း၊ ကြားသည်ဟူ၍၎င်း၊ ခေါ်ဝေါ်ကြသော သစ္စာ လောက ဝိညာဏ် နယ်စခန်း၏ တည်နေပုံကို ပုံစံနှင့်တကွ ဘော်ပြပြီး၍ ယခုတဖန် ထိုဝိညာဏ် သိ လောက၏ သဘာဝ အနုတ္တ, နေပုံကို အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်များ ဝေဘန် သိမ်းဆည်း နိုင်ကြစေရန် ပုံစံနှင့်တကွ ဘော်ပြပေအံ့။

၁-နံပါတ် ပုံစံတွင် ထုတ်ဘော်ပြခဲ့သော သဘာဝ ၄-မျိုးတို့ကို ဤပုံစံ၌ သဘာဝ အနုတ္တ, နေပုံကို သိမ်းဆည်းပြမည် ဖြစ်သောကြောင့် ယောဂီ ပုဂ္ဂိုလ်တို့သည် ဘော်ပြခဲ့ပြီး ဖြစ်သော သဘာဝ ၄-မျိုးတို့ကို နှလုံး အိမ်၌ မပျောက် မပျက်အောင် အထူးသတိပြုစေလိုသည်၊ သို့မှသာ အနုတ္တ သဘောကို ဝေဘန် သိမ်းဆည်းနိုင် မည်။

ထို သဘာဝ ၄-မျိုးတို့ကို ရုပ် သဘော နာမ် သဘော ၂-ပါးအရ ဝေဘန်သော် ရူပါရုံနှင့် စက္ခုပသာဒ ၂-ပါး တို့သည် ရုပ်သဘောတို့ မည်ကုန်၏၊ စက္ခု ဝိညာဏ်နှင့် မနော ဝိညာဏ် ၂-ပါးတို့သည်ကား နာမ် သဘောမည်၏။

ဤသို့အားဖြင့် ရှေ့ဦးစွာ ယောဂီ ပုဂ္ဂိုလ်တို့၏ နှလုံးအိမ် ၌ အထူး သိမှတ်ထားသော သဘာဝ ၄-မျိုးကို ဒ ကျဉ်း အားဖြင့် ဝေဘန် သိမ်းဆည်းရန် ဖြစ်ပေ၏။

ဤ၌ ရုပ်သဘော၊ နာမ် သဘောအရ သဘာဝ ၄-မျိုး ကို၊ ခွဲစိတ် ပြထားသော်လည်း ဃန, ခေါ် အဆိုင်အခဲမျိုး ၌ ရှိသော ရုပ်သဘောမျိုး၊ နာမ် သဘောမျိုး မဟုတ်နိုင်

ပေ၊ အဘယ်ကြောင့်ဆိုသော်၊ ဃန, ခေါ် အဆိုင်အခဲ မျိုး၌ရှိသော ရုပ် သဘောသည်ကား၊ အလွန်ကြမ်းတမ်း သော ရုပ်သဘောမျိုးဖြစ်၍ ငါးပါးသော ပသာဒ ရုပ် တို့ဖြင့် ထိတွေ့လို့ ရစကောင်းသော ရုပ်မျိုး မည်၏၊ ဤနည်း အတူ အာရုံတခုကို ဆွဲကိုင်နိုင်သော နာမ် သဘောမျိုးသည် လည်း ကြမ်းတမ်းသော နာမ်သဘောမျိုးမည်၏၊ ထိုရုပ် သဘော နာမ် သဘောမျိုးကဲ့သို့ ဤ သဘာဝ ၄-မျိုးတို့၏ ရုပ်-နာမ် ၂-ပါး ခွဲပြချက်ကို မမှတ်ယူ အပ်ပေ။

ဤနေရာ၌ကား အလွန် သိမ်မွေ့သော သဘာဝ ရုပ် နာမ် သဘောကို မှတ်ယူရမည်၊ သဘာဝ ရုပ် နာမ် ဆိုသည် မှာကား ရုပ် သဘာဝ နာမ်သဘာဝတို့၏ အခြေခံ အုဋ္ဌမြစ် ခေါ် သဘော သတ္တိ အရောင် အရိပ်မျှကိုသာ ယူရသော ရုပ် နာမ်မျိုး ဖြစ်ခြေသည်၊ ထို ရုပ် နာမ် မျိုးကို ဉာဏ်အမြင် ပေါက်၍ ရုပ် သဘော နာမ်သဘောတို့ကို ယူရမည်။

အရိပ် သဘောကား နာမ် သဘောမည်၏၊ အရောင် သဘောကား ရုပ်သဘောမည်၏၊ အဆင်းဟု ခေါ်ဝေါ် သော သဘောတရား၌ ဃန ခေါ် အဆိုင် အခဲမှ ပေါ်ထွက် နေသော အဆင်းမျိုးကို မမှတ်နှင့်၊ နာမ် တရားတို့၏ အာရုံ အနေနှင့် ဆွဲကိုင်ခြင်းကို ခံရသော အရောင်သဘောမျှကို ယူရမည်၊ ၎င်း အရောင်သဘောကို ဥပါဒါ နက္ခန္ဓာခေါ် ဥပါဒ်,ဌီ, ဘင်, ရှိသော ရုပ်သဘောမျိုးကို ခေါ်သည်း မြင် အောင်ကြည့်နိုင်မှ တွေ့မည်။

ထို့ကြောင့် ပုံစံတွင် အလည် စက်ဝိုင်း အတွင်း၌ ဖော်ပြသည်မှာ ရုပ် သဘော–သတ္တိ ဟု ဖော်ပြထား၏။

ရုပ်သဘော သတ္တိ နာမ် သဘော သတ္တိ ဟု ဖော်ပြထားခြင်းကို ယောဂီ ပုဂ္ဂိုလ်များ ဝေဘန်နိုင်ကြစေရန် ဆက်လက်၍ သိသာရုံ ဖော်ပြပါဦးအံ့၊စဉ်းစား၍ ဤစာကို ဘတ်ပါ။

ရုပ်သဘော နာမ်သဘောဟု ခေါ်ဝေါ် ရခြင်းသည် ရှေက ရရှိအပ်သော အမည်သဘောကို မပယ်စွန့်နိုင်သောကြောင့်သာ ခေါ်ဝေါ်ခြင်းဖြစ်၏၊ ထိတွေ့လို့ ရစကောင်းသော ရုပ်သဘောမျိုး အနေဟု မမှတ်ယူထိုက် မှတ်ယူသင့်ပေ၊ ဃနခေါ် အဆိုင်အခဲ၌ ရှိသောရုပ်ကို အဆင်းဟု ခေါ်ဆိုသည်၊ သညာ ဝိညာဏ်တို့၏ အာရုံ အဖြစ်သို့ ရောက်သော အဆင်းမျိုးကို ဥပါဒ်, ဠီ, ဘင်, ရှိသော ရုပ်ကို ရူပါရုံဟု ခေါ်၏။

သတ္တိအရ ဝေဘန်ပြန်သော် အခြေခံ အုဋ္ဌမြစ် သဘောတရားကို သတ္တိဟု ဆိုလိုသည်၊ အခြေခံ အုဋ္ဌမြစ် ဆိုသည်မှာလည်း အဝိဇ္ဇာ သဘောနှင့် ဟဏှာ သဘော ၂-ပါးတို့၏ ဗျာပါရကို ကောက်ယူရမည်။

အဝိဇ္ဇာ သဘောတရားသည် သခ်တ လောကကြီး တခုလုံး၏ ဖြစ်ပေါ်မှု အတွက် အခြေခံ ရေတည် သဘောတရားမည်၏၊ ထို အခြေခံ သဘောတရားကို အရိပ်သဘောဟု

ဆိုလိုသည်၊ ထို အရိပ်သဘောကို ပညတ်တင်၍ ဝေဘန်လျှင် ပဉ္စက္ခန္ဓာ အရာ၌ ဝေဘန်နိုင်လေသည်။

တဏှာ သဘော တရားသည်လည်း သင်္ခတ လောကကြီး တခုလုံး၏ ဖြစ်ပေါ်မှု အတွက် အခြေခံ အုဋ္ဌမြစ် သဘော မည်၏၊ ထို အခြေခံ သဘောတရားကို ပညာမျက်စိဖြင့် ဝေဘန် ကြည့်ရှုသော် အဝိဇ္ဇာဟူသော သဘော အရိပ်သဘောမှ ထွက်ပေါ်လျက် ရှိနေသော အရောင်သဘော မည်၏၊ ထို အရောင် သဘောကို ပညတ်တင်၍ ခေါ်ဝေါ်လျှင် ဥပါဒါနက္ခန္ဓာ အရာ၌ ထား၍ ခေါ်ဝေါ်နိုင်လေသည်။

ထို အရိပ်နှင့် အရောင် သဘောတို့သည် မီးနှင့် မီးရောင် ပမာကဲ့သို့ မှတ်ကြရမည်၊ မီးနှင့်ကား အဝိဇ္ဇာနှင့် တူ၏၊ မီးရောင်နှင့်ကား တဏှာ သဘောနှင့် တူ၏၊ ထို အရိပ်အရောင် ၂-ပါး ချုပ်ငြိမ်းခဲ့သော် သင်္ခတ လောကကြီး တခုလုံးသည် ပြာကျလေတော့သည်။

ထို အရိပ်အရောင် သဘောကို ပညာ မျက်စိနှင့် မမြင်ကြသည် ရှိသော် ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်သည် မပြတ် လည်လျက် ရှိနေတော့၏။

ထို အရိပ် အရောင်ကို ဖြတ်နိုင်သော ပညာရှိ သူတော်ကောင်းကို အရိယာ ပုဂ္ဂိုလ် သူတော်ကောင်း ဟူ၍ မြတ်စွာဘုရား ထုတ်ဖော် ချီးမွမ်းတော်မူသည်။

ဤသို့အားဖြင့် အရိပ်အရောင် ၂-ပါးတို့သည် အချင်းချင်း ကျေးဇူးပြု၍ အခြေခံ အင်္ဂါမြစ် တည်နေပုံကို ရှေးဦးစွာ ရုပ်သဘော အပေါ်၌ ရှာဖွေရမည်။

ပုံစံတွင် လက်တွေ့ ရှာဖွေရန်အတွက် ပုံစံ ၂-ခု ထုတ်ဘော် ပြထားသည်မှာ တခုသော ပုံစံ၏ အပြင် စက်ဝိုင်း၌ ရူပါရုံခေါ် ရုပ်သဘောကို ထုတ်ဘော်၍ ပြထားလေသည်၊ တခုသော ပုံစံ၌ကား စက္ခု ပသာဒခေါ် ရုပ်သဘောကို ထုတ်ဘော်၍ အထင်အရှား ပြထားလေရာ ရူပါရုံ ရုပ်သဘောသည်ကား နံပါတ် ၁ ပုံစံတွင် ဝေဘန်ခဲ့သည့်အတိုင်း ဌာန် ၄-ချက်တို့တွင် လက္ခဏာ ဟူသော ရုပ်သဘော ဖြစ်လေသည်။

ပုံစံ၌ လက္ခဏာ ရုပ် သဘော ဖြစ်ကြောင်းကို သိစေလို၍ စက်ဝိုင်းတွင် ရေးသွင်း၍ ထည့်ပြထားသည်၊ ပသာဒသည်ကား ဂုဏ ရုပ်သဘော ဖြစ်သောကြောင့် ပုံစံ စက်ဝိုင်းတွင် ထုတ်ဘော်၍ ပြထားလေသည်။

ဤကား ယောဂီ ပုဂ္ဂိုလ်တို့ ရှေးဦးစွာ ရုပ်သဘော ၂-ပါး တည်ရှိနေပုံကို ဉာဏ်အမြင် ပေါက်အောင် ဝေဘန်သိမ်းဆည်းကြစေလို၏။

ထို ရုပ်သဘော ၂-ပါးတို့တွင် အဝိဇ္ဇာ သဘောခေါ် အရိပ် သဘော နေပုံနှင့် တဏှာ သဘောခေါ် အရောင်

သဘော နေပုံတို့ကို ဤ ရုပ်သဘော ၂-ပါး၌ ရှေးဦးစွာ ဉာဏ်အမြင် ပေါက်အောင် သိမ်းဆည်းရမည်။

ရူပါရုံခေါ် ရုပ်သဘောသည်ကား အဝိဇ္ဇာ သဘော မည်၏၊ ၎င်းကို အရိပ်ဟု ဆိုလို၏၊ အဘယ်ကြောင့်ပါနည်း၊ ဤ ရူပါရုံ သဘောသည် သင်္ခတ လောကကြီး၌ မူလ ရော တည် အခြေခံ အုဋ္ဌမြစ် ဖြစ်သောကြောင့် အကြောင်းတရား မည်၏။

အကြောင်းတရားသည် ၂-မျိုးရှိ၏

၁။ ဝိညာဏ်မြင် အကြောင်းတရား၊

၂။ ပညာမြင် အကြောင်းတရား၊

[illegible]ားဖြင့် ၂-မျိုးရှိရာ ပညတ်စွဲ သမုတိသစ္စာ နယ်ကြီးတွင်ကား ဝိညာဏ်ခေါ် သဘော တရား မျိုးသည် အာရုံ ဟူသော အကြောင်း တရားကို ဆွဲကိုင်နိုင်မှ ဖြစ်ပေါ်နိုင်ခြင်း အမှန် ဖြစ်၍ ဝိညာဏ်တရား၏ ဆွဲယူရာ ဆွဲယူကြောင်း ဖြစ်သော သဘောတရားကို အကြောင်းတရားဟု ဆိုလို၏၊

ရူပါရုံသည်ကား စက္ခုပသာဒ၏ ဆွဲယူရာ အာရုံသဘော ဖြစ်သောကြောင့်၎င်း၊ ရူပါရုံကို အကြောင်း ဟူ၍၎င်း၊ အရိပ်ဟူ၍၎င်း ခေါ်သည်။

ဆိုလိုရင်းမှာ ဤဖော်ပြလိုက်သော အကြောင်းတရား မျိုးသည် ဝိညာဏ်မြင် အကြောင်းတရားမျိုးသာ ဖြစ်သေး

၏၊ဝိပဿနာ လုပ်ငန်းစဉ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့သည် ရှေဦးစွာ ဝိညာဏ်မြင် အကြောင်းတရား မျိုးကိုပင် လက်တွေ့ ရှာဖွေရဦးမည်၊ ဝိညာဏ်မြင် အကြောင်းတရားကို ဉာဏ်မှာ တွေ့မှ ပညာမြင် အကြောင်းတရားကို တဖန်ထပ်၍ ရှာဖွေရမည်၊ သို့မှသာလျှင် အရိပ်တကာ အရိပ်သဘောတို့ကို မြင်၍ သင်္ခတ လောကကြီးကို ဇာတ်သိမ်းနိုင်မည်။

ပညာမြင် အကြောင်းတရား ဆိုသည်မှာ ဝိညာဏ်မြင် အကြောင်းတရားမှ ဝေါ ပညတ်စွဲ သမုတိသစ္စာ နယ်ကြီးမှ တဖန် ပရမတ္ထသဘာဝ သစ္စာနယ်ကြီး၏ အခြေခံ အုတ်မြစ် ခေါ် အကြောင်းတရားကို တွေ့ခြင်းသည် ပညာမြင် အကြောင်းတရား မည်၏။

ဤသို့အားဖြင့် အကြောင်းတရားသည် လက်တွေ့နည်း အရ ဝေဘန်လျှင် ၂-မျိုးရှိလေရာ၊ ယခုအခါ ရုပ်ပိုင်းသည် ကား ဝိညာဏ်မြင် အကြောင်းတရားဖြစ်၍ အင်္ဂါအရိပ် သဘောမည်၏။

စက္ခုပသာဒသည်ကား အရိပ်သဘောမှ ထွက်ပေါ်နေ သော တဏှာခေါ် အရောင် သဘော အခြေခံ အုတ်မြစ် အကျိုးတရား မည်၏။

ထို အကြောင်းသဘောနှင့် အကျိုးသဘော နေပုံတို့ကို ယောဂီ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ပေါက်ရန် အလွန် အရေး

ကြီးပေ၏၊ သို့မှသာ အရိပ်နှင့်အရောင် သဘော အဝိဇ္ဇာနှင့် တဏှာသဘော အခြေခံ အုဋ္ဌမြစ်တို့ကို သဘာဝ ပေါက်၍ အနတ္တဉာဏ် စခန်းသို့ ဆိုက်ရောက်အောင် သိမ်းဆည်း နိုင်ကြပေမည်။

ဤ အကြောင်းနှင့်အကျိုးခေါ် ရူပါရုံနှင့် စက္ခုပသာဒ ၂-ပါးတို့၏ သခ်တ လောကကြီး ဖြစ်ပေါ်နေခြင်းကို ရှေ့ဦးစွာ အုဋ္ဌမြစ်ကို တွန်းလှန် ဖြိုခွဲပစ်ရမည်။

မြတ်စွာ ဘုရားသခင်သည် သခ်တ လောကကြီး၏ အုဋ္ဌမြစ်ကို ဝါ၊ အကြောင်းနှင့်အကျိုး အရိပ်အရောင် ပြိုပြင် တည်နေမှုကို တွန်းလှန် ဖြိုပစ်ရန်အတွက် အနတ္တဓမ္မကို ထုတ်ဘော်၍ လုပ်ငန်းစဉ် ပြဘော်မူခဲ့လေရာ ယနေ့အခါ ဤ ရုပ်သဘော ၂-ပါးတည်းဟူသော ပြိုပြင်မှု သခ်တလောကကြီးကိုလည်း အနတ္တဓမ္မနှင့်ပင် ဝေဘန် သိမ်းဆည်း၍ ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် လုပ်ငန်းစဉ် ဖွင့်ကြရပေမည်။

ထို အုဋ္ဌမြစ် ၂-ပါးကို တွန်းလှန် ဖြိုခွဲနိုင်ရန် ပုံစံ၌ အနတ္တဓမ္မကို ဘော်ပြ ထားသည်မှာ "အဗျာ ပါရ ဋ္ဌေန အနတ္တာ" ဟု အထင်အရှား ဘော်ပြ ထားလေသည်။

ထို အဗျာပါရ နည်းနှင့် ရှေ့ဦးစွာ အကြောင်းတရားခေါ် ရူပါရုံ သဘောကို သဉ်းဘိတ်အောင် လက်တွေ့နည်းနှင့် ဝေဘန် သိမ်းဆည်းရမည်။

အဗျာပါရ ဆိုသည်မှာ ပြုလုပ်နိုင်သော ပယောဂဗျာပါရ မရှိခြင်းသဘောကို ဆိုလိုသည်၊ ပြုလုပ်နိုင်ခြင်းအရ တဖန် ဝေဘန်ပြန်သော် တခုသော သဘောတရားက တခုသော သဘောတရားကို ဖြစ်စေနိုင်ခြင်းကို ဆိုလိုသဖြင့် အကြောင်း တရား ခေါ် ရူပါရုံသည် မိမိ၏ သဘောဖြင့် မြင်နိုင်သည့်, ကြားနိုင်သည် ဟူသော သဘောတရားကို ပြုလုပ်နိုင်ခြင်းရှိ, မရှိ ကိုဋင်း၊ တပါးသော သဘောတရား တခုကိုလည်း မြင်စေနိုင်ခြင်း ရှိ, မရှိကို လက်တွေ့ ဝေဘန် သိမ်းဆည်းရန် ဖြစ်ပေ၏။

မြတ်စွာ ဘုရားသခင်သည် ဝေနေယျတို့အား အနတ္တ သဘာဝကို ဖွင့်ပြတော်မူရာ၌ အဗျာပါရနည်းကို ရှေဦးစွာ ဖွင့်ပြတော်မူ၏၊ ထိုအဗျာပါရနည်းသည် ရုပ်သဘော နာမ် သဘော ၂-မျိုးတို့တွင် ရုပ်သဘော အနတ္တကို အဖူးပြု၍ သိမ်းဆည်းသော နည်းဖြစ်ပေ၏၊ အဗျာပါရနည်းကို အသိ ဉာဏ် ပိုင်ရန် အလွန်အရေးကြီး၏။

## သိမ်းဆည်းရန်နည်းမှာ

အကြောင်းတရားခေါ် ရူပါရုံသည် မြင်နိုင်သည့်,ကြားနိုင်သည် ဟူသော သဘောတရားကို မိမိသဘောဖြင့် မြင်နိုင်ကြောင်း အမှန် ဝန်ခံနိုင်ခြင်း မရှိပေ၊ အဘယ်ကြောင့် ဆိုသော် မြတ်စွာ ဘုရားသခင်က အဗျာပါရဌေန အနတ္တာ၊ အဗျာပါရဌေန၊မြင်နိုင်ကြောင်း ပယောဂ, ဗျာပါရမရှိခြင်း

ဟူသော အနက်သဘောကြောင့်။ အနတ္တာ၊ အစိုးမရ အလို သို့ မလိုက်ကုန်-ဟူ၍ မိန့်တော်မူသည်။

## မြင်နိုင်ကြောင်း ဝန်မခံနိုင်သည်မှာ

မိမိ၌ မြင်နိုင်သည် ဟူသော သဘောတရား၏ အလျဉ်း မရှိသောကြောင့်ပင် ဖြစ်သည်၊ အဘယ်ကြောင့် အလျဉ်းမရှိ ရပါသနည်းဟု ဝေဘန်ပြန်သော် ရူပါရုံသည် ရုပ်သင်္ဘော သတ္တိ အမှန်ဖြစ်သောကြောင့် ရုပ်သဘောတရား အလုံးစုံ ကို အဘိဓမ္မာ ဒေသနာတော်၌ အဗျာကတာ ဓမ္မာ-ဟူ၍ ပြတော်မူသည်၊ ဝိပဿနာ နည်း၌ကား အဗျာပါရ ဟူ၍ ပြ တော်မူသည်။

ဆိုလိုရင်းမှာ ရုပ်သဘောတရား ဟူသမျှသည် အဗျာပါ ရ သဘောတရား ဖြစ်သောကြောင့် မြင်နိုင်သည် ဟူသော သဘောတရား အလျဉ်းမရှိပေ၊ သို့ရာတွင် ဝိညာဏ်သိစခန်း တွင်ကား မြင်နိုင်သည်ဟု ဖြစ်ပေါ် နေခြင်းသည် ဝိညာဏ် ၏ လှည့်ပတ်မှုပင်ဖြစ်၏၊ ပညာသိစခန်းနှင့် ကြည့်မှ အမှန် သဘောကို တွေ့မည်၊ ထို့ကြောင့် ဝိညာဏ်သိ စခန်းကို အမှားလောကဟု ပညာရှိများ ခေါ်ဝေါ်ထား၏၊ ပညာ သိစခန်းကို အမှန်လောကဟု ခေါ်ဝေါ်ထား၏၊ အမှား လောကကို လိုက်နေသော ပုဂ္ဂိုလ်တို့သည် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့မည်၏၊ အမှန်လောကကို လိုက်ကြသော ပုဂ္ဂိုလ်တို့ ကား ကလျာဏပုထုဇဉ် ဟူ၍ ခေါ်ဆိုကြသည်။

ဤသို့အားဖြင့် ရူပါရုံသည် မိမိ၏သဘောဖြင့် မြင်နိုင်ခြင်း အလျဉ်း မရှိသော် ငင်း၌ ရရှိထားသော မြင်ဟူသော သဘောတရားသည် တပါးသော သဘောတရားကြောင့် ဖြစ်နေသလောဟု တွေးတော ယူဆရန် ကျဒရောက်နေပေသည်၊ ဤသို့လည်း မယူဆရာ၊ ယူဆခဲ့သော် အစွန်းမလွတ်ဖြစ်၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ သဘောတရား အယူသို့ ကျရောက် တတ်သည်။

အနတ္တ ဝမ္မ အနေနှင့်ကား မြင်ခြင်း သဘောတရားသည် အမှန်စင်စစ် ရှိ၏၊ မည်ကဲ့သို့ ရှိပါသနည်း၊ ပဋ္ဌာနသာမဂ္ဂီခေါ် အကြောင်းတရားတို့၏ ပေါင်းဆုံ ညီညွတ်မှုသဘော အနေနှင့်ကား အမှန် ရှိလေသည်။

ပေါင်းဆုံ ညီညွတ်မှု သဘောတရား အပေါ်၌ အနတ္တဉာဏ် ထင်မြင်အောင် ဝေဘန်ရမည်၊ သို့မှသာ အနတ္တသဘောကို ဝေဘန်နိုင်မည်၊ ပေါင်းဆုံ ညီညွတ်ခြင်းသည် ၂-မျိုးရှိ၏။

၁။ ဗျာပါရ သဘောနှင့် ပေါင်းဆုံ ညီညွတ်ခြင်း၊

၂။ အဗျာပါရ သဘောနှင့် ပေါင်းဆုံ ညီညွတ်ခြင်း၊

၂-မျိုးရှိရာ ဤနေရာ၌ကား အဗျာပါရ သဘောနှင့် ပေါင်းဆုံညီညွတ်ခြင်းကို မှတ်ရမည်။

အဗျာပါရ သဘောနှင့် ပေါင်းဆုံ ညီညွတ်ပုံမှာကား သဘောတရား အချင်းချင်းတို့သည် တဦးနှင့်တဦး တိုင်ပင်

ခြင်း, စည်းလုံးခြင်း, ချိန်းဆိုခြင်း အလျဉ်းမရှိကြဘဲလျက် ညီညွတ်ပေါင်းဆုံမှု ဖြစ်ပေါ်လာ ခြင်းကို အဗျာပါရ သဘောဟု ဆိုသည်။

ဥပမာ– ခရီးသည် ၄–ဦးတို့သည် တဦးနှင့်တဦး တိုင်ပင် ညီညွတ် ချိန်းဆိုခြင်း အလျဉ်း မရှိကြဘဲလျက် တခုသော မော်တော်ကားပေါ်သို့ တက်ရောက်ကြလေရာ ၎င်းတို့အား ကားပိုင်ရှင်က မေးမြန်းကြည့်သော် အရှေ့မှ လာသော ခရီးသည် တဦးက ရန်ကုန်သို့ ဘုရားဖူး သွားမည်ဟု ပြောကြားလေသည်၊ အနောက်အရပ်မှ လာသောခရီးသည်ကို တဖန် မေးမြန်းရာ ရန်ကုန်သို့ ဘုရားဖူးဟု ပြော၏၊ တောင်မှလာသော ခရီးသည်ကို မေးမြန်းရာ ရန်ကုန်သို့ ဘုရားဖူးပင် ဖြစ်၏၊ မြောက်အရပ်မှ လာသော ခရီးသည်ကလည်း ရန်ကုန်သို့ ဘုရားဖူးဟု ပြောကြားကြသဖြင့် ခရီးအတူ ဖြစ်နေရာ ကားပိုင်ရှင်က ကားခကို တောင်းယူသော အခါ ၄–ဦးစလုံး ထံမှ အသီးသီး တောင်းမယူဘဲ တဦးက ထုတ်ပေးသော ငွေစကိုပင် ပြန်မအမ်းတော့မူ၍ ၄–ဦးအတွက် သိမ်းယူလိုက်ရာ ငွေပေးသူက မကျေနပ်သဖြင့် အကျိုးအကြောင်း ရှင်းပြမှ တဦးစီ ဖြစ်ကြောင်း ကားပိုင်ရှင် သိသလို ခရီးသည် ၄–ဦးနှင့်ကား သဘာဝ ၄–မျိုး ပေါင်းဆုံသည်နှင့် တူ၏၊ တိုင်ပင်ခြင်း, ညီညွတ်ခြင်း, ချိန်းဆိုခြင်း မရှိခြင်းနှင့်ကား အဗျာပါရ သဘောနှင့်တူ၏၊

ရန်ကုန်သို့ ဘုရားဖူး ကိစ္စနှင့်ကား မြင်သဘော, ကြား သဘော ပေါ်သည်နှင့် တူ၏၊ ကားပိုင်ရှင်သည် ကားခကို တပေါင်းတည်း ယူခြင်းနှင့်ကား ဝိညာဏ်သိ ဇခန်းနှင့်တူ ၏၊ တဦးစီ ကားခကို တောင်းယူခြင်းနှင့်ကား ပညာသိ အနတ္တသဘောနှင့် တူ၏။

ဤသို့ အားဖြင့် ပေါင်းဆုံ ညီညွတ်မှု သဘောကိုလည်း အဗျာပါရ သဘောနှင့် ဖြစ်ပေါ်နေခြင်းကို ယောဂီပုဂ္ဂိုလ် တို့ အသိဉာဏ် ပိုင်အောင် ဝေဘန် သုံးသပ် ဆင်ခြင်ကော် မူ ကြစေလို၏။

ဤဘော်ပြချက် အနတ္တ သဘောသည်ကား ရူပါရုံ သဘော တရားအပေါ်၌ ဝေဘန်သိမ်းဆည်းရန် အမြွက်မျှ ပြလိုက်ခြင်းပင် ဖြစ်သေး၏၊ အကြောင်းတရား တခုလုံး၏ အနတ္တနေပုံကို ဆက်လက်၍ ဘော်ပြပေအံ့။

ပုံစံတွင် ရူပါရုံသဘောသည် မူလ ရောတည် အခြေခံ သဘောတရား ဖြစ်သောကြောင့် အကြောင်း တရားဟု ဘော်ပြထား၏၊ စက္ခုပသာဒ အကြည်သဘော ကိုကား အကျိုးတရားဟု ဘော်ပြထား၏။

ထိုဘော်ပြချက် တို့သည်ကား ဝိညာဏ်သိ စခန်းတွင် ဝိညာဏ်မြင် အကြောင်း အကျိုး သဘော တရားတို့ ဟူ၍မှတ်။

ထို ကြောင်းကျိုး ၂-ပါးတို့ကို ပညာသိ စခန်းတွင် ရှေ့ဦးစွာ ယထာဘူတ အသိသဘောနှင့် ဝေဘန် သိမ်းဆည်းသော် ကြောင်းကျိုး သုညတ အနတ္တသဘောသို့ ဦးခေါင်း ဆိုက်ရောက်နေကြောင်းကို အသိဉာဏ် အမှန် ဆိုက်ရောက်လိမ့်မည်၊ အဘယ်သို့ ဆိုက်ရောက်ပါမည်နည်း။

**သိမ်းဆည်းရန်နည်းမှာ**

မြတ်စွာ ဘုရားသည် ပညာသိ အနတ္တဓမ္မကို သဘာဝ အတိုင်း ထုတ်ပြတော် မူသော အခါ ''အဗျာပါရ ဋ္ဌေန အနတ္တာ'' ဟု မိန့်ပြလားသောကြောင့် အနတ္တ သဘောကို ပညာသိအနေနှင့် ဝေဘန် ဆင်ခြင်လျှင် တစုံတခုသော ပယောဂ ဗျာပါရ ပြုလုပ်နိုင်ခြင်း သဘောတရား မရှိခြင်းကို အနတ္တဟု ဆိုလိုသည်။

ဤအနတ္တ သဘောကို ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ လက်တွေ့ ရှာဖွေရန်မှာ အကြောင်းတရားကို ရှေ့ဦးစွာ တရားခံ အနေထား၍ မေးမြန်း စီစစ် ကြည့်ရမည်၊ သို့မှသာ အဗျာပါရ အနတ္တသဘောကို ဉာဏ်မှာ တွေ့နိုင်မည်။

အကြောင်းတရား အစစ်အမှန်တို့၏ သဘောမှာကား အကျိုးတရားကို ဖြစ်စေနိုင်သော သဘောတရား အမှန်ရှိမှ အကြောင်းတရားဟု ခေါ်ဆိုနိုင်သည်၊ အကျိုးတရားကို မဖြစ်နိုင်ခဲ့သော် အကြောင်းတရား အစစ်မဟုတ်ပေ၊ သို့ရာတွင် သဘာဝ အနတ္တ ကို မမြင်ကြကုန်သော အန္ဓပုထုဇဉ်

ပုဂ္ဂိုလ်တို့ကသာလျှင် အကြောင်းတရား အစစ်ဟု ထင်မှတ် ကြလိမ့်မည်၊ ကလျာဏ ပုထုဇဉ်တို့မှာကား ပညာနှင့်ဝေဘန် ကြည့်သော် အကျိုးတရားကို အမှန် ဖြစ်နိုင် ကြောင်း သဘောတရားကို ကိုယ်တွေ့ လက်တွေ့တွေ့မှ အကြောင်း တရားဟု ယူဆကြပေလိမ့်မည်။

ဤသို့အားလျှင် ရှုပ်ရုံခေါ် အကြောင်း တရားကို ပညာသိ စခန်းဖြင့် မေးမြန်း စိစစ် ရမည်မှာ (သင်) အကြောင်းတရားသည် အကျိုးတရားခေါ် စက္ခုပသာဒ အကြည် သဘောကို ဖြစ်စေ နိုင်သလောဟု မေးမြန်းပါ၊ ထိုအခါ အကြောင်းတရားက အမှန်သဘောကို ဖြေဆိုမည် မှာ ငါသည် အဗျာပါရ သဘောတရား ဖြစ်သောကြောင့် အကျိုးတရားကို မဖြစ်စေနိုင်ပါ၊ မိမိ၏ အဗျာပါရ အနတ္တ သဘောကိုသာ အစဉ် ဆောင်ရွက်နိုင်ပါသည်ဟု ဖြေကြား ပေလိမ့်မည်။

အကြောင်း တရားခေါ် မိမိ၏ အနတ္တ အဗျာပါရ သဘောကို ယောဂီပုဂ္ဂိုလ်တို့ မြင်အောင် ဝေဘန် သိမ်း ဆည်းပါ၊ မဘောက်မပြန် ပျက်သောကြောင့် ပရမတ်ဟု ခေါ်ဆိုထားသောကြောင့် ပရမတ် သဘောသည်ပင်လျှင် အနတ္တဟု ခေါ်ဆိုသည်၊ သညာ ဝိညာဏ် ၂-ပါးတို့ ဆွဲဆောင်ရာသို့ မပါဘဲ သဘာဝအတိုင်း ဖြစ်ပေါ်နေသော သဘော တရားပင် ဖြစ်သည်၊ ဤဘော်ပြချက်ကို သဘာဝ မြင်အောင် ဝေဘန်ပါ၊ သို့မှအဗျာပါရကို နားလည်နိုင်မည်။

အကြောင်း တရားခေါ် ရုပ်ပါရုံ သည်လည်း ရုပ်သဘော ပင်တည်း၊ အကျိုးတရားခေါ် စက္ခု ပသာဒ သည်လည်း ရုပ်သဘောပင်တည်း၊ တခုသော ရုပ်သဘောက တခုသော ရုပ်သဘောကို အဘယ်မှာလျှင် ဖြစ်နိုင်ကြ ပါမည်နည်း၊ အဘယ်ကြောင့်ဆိုသော် ဖြစ်နိုင်သော သဘာဝမျိုး မူလ နဂိုရ်ကပင် မရှိသောကြောင့်တည်း၊ ဘာကြောင့်လဲ၊ အနုတ္တ သဘောဖြစ်၍ မရှိပါ။

ဤသို့ရာတွင် ဝိညာဏ်စွဲ ဆရာတို့က သဘာဝကို မမြင်ကြ သောကြောင့် ဖြစ်နိုင်သည်ဟု ထင်မှတ်ပြီးလျှင် စွဲယူကြသော ကြောင့်အကြောင်းအကျိုးဟုဖြစ်ပေါ်နေခြင်းဖြစ်ပေသည်။

ဤသို့ အဗျာပါရ နည်းနှင့် ဝေဘန် သိမ်းဆည်းသော် အကြောင်း တရားသည် သုညတ သုဉ်းဆိတ်ခြင်း သဘော သို့ ဦးခေါင်း ကျရောက်လေတော့သည်၊ သုညတ ဆိုသည် မှာ သုဉ်းဆိတ်ခြင်း သဘောတရားကို ဆိုလို၏။

သုဉ်းဆိတ်အရ ဝေဘန်ပြန်သော် အကြောင်းတရားဟု ဝိညာဏ်စွဲ ဆရာတို့က လက်မထောင်၍ စွဲယူနေသော ပညတ် ၏ လောကကြီးသည် မပေါ်ထွက်နိုင်ဘဲ၊ သိတ်သုဉ်းသွား ခြင်းကို ဆိုလိုရင်းဖြစ်ပေသည်။

အကြောင်းတရား သုဉ်းဆိတ်သော် အကျိုးတရားသည် လည်း အဘယ်မှာလျှင် အကျိုးတရားဟု ဝိညာဏ်စွဲ ပေါ် ထွက်နိုင်တော့ပါမည်နည်း။

အရင်း လဲသော် အဖျား ထင်းဖြစ်-ဆိုသောစကားကဲ့သို့ အကြောင်းတရား သုဉ်းဆိတ်ခဲ့သော် ထိုအကြောင်းကို အမှီပြု၍ အကျိုးဟု ဝိညာဏ် နယ်တွင် စွဲယူနေသော အစွဲ သဘောသည်လည်း အဘယ်မှာလျှင် ရှိနိုင်ပါတော့ မည်နည်း။

အကျိုးသဘော သည်လည်း သုညတ, သဘောသို့ ဦးခေါင်း ဆိုက်ရောက်လေတော့သည်။

ဤသို့အားဖြင့် ကြောင်းကျိုး ၂-ပါးတို့၏ သုညတ ဖြစ်ပေါ်ပုံကို ယောဂီ ပုဂ္ဂိုလ်တို့ ရှေ့ဦးစွာ ဉာဏ်အမြင်ပေါက်တော်မူကြစေလိုသည်။

ဤ-ယခုဘော်ပြသော ပုံစံသည်ကား၊ ဥတုဒိဂရီ ၃၆-နှင့် အာဟာရ ဒီဂရီ ၃၆-တို့ကို သုညတ ဖြစ်အောင် အနုပ္ပဿနာမှ နှင့် ဝေဘန်သိမ်းဆည်းရန် ဘော်ပြထားသော ပုံစံဖြစ်ပါကြောင်း။

ဤ-ဘော်ပြချက် အနုတ္တဓမ္မတို့ကို မိမိတို့၏ နှလုံးအိမ်၌ ပေါ်ထွက် လာနိုင်အောင် အကြိမ်ကြိမ် ဝေဘန် သိမ်းဆည်းတော် မူနိုင်ကြပါစေကုန်သတည်း။

ပုံစံ နံပါတ် ၂-အဖွင့်ပြီး၏။

## အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်၏ အခြေခံခေါ

ပုံစံ (၃) အနတ္တ ဝိပဿနာအဖွင့်ကျမ်း





ဤသို့လျှင် ပုံစံ နံပါတ် ၂-အရ၊ ကြောင်းကျိုး ၂-ပါး တို့၏ သုညတ သဘောတရား နေပုံကို ဖွင့်ပြပြီး၍ ယခုတဖန် ပုံစံ ၃-အရ၊ သန္တတိ သဘောတရား နေပုံကို၊ ယောဂီ ပုဂ္ဂိုလ် များဝေဘန် သိမ်းဆည်းနိုင်ရန် အကြယ် ဝေဘန်၍ ပြပေအံ့။

ဤ ပုံစံ နံပါတ် ၃-အရ၊ သန္တတိ သဘောနေပုံကို ဖွင့်ဆို ပြထားသော်လည်း၊ ယောဂီ ပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ သိမှတ် ထားရန်မှာ၊ သန္တတိ သဘောတရားသည်ကား သူ့အလိုလို ပေါ်ထွက်လာသည်ဟု မမှတ်သင့်ပေ။

အကြောင်း တရားနှင့် အကျိုးတရား ၂-ပါးတို့သည် (၀၁) ရှုပါရုံနှင့် စက္ခုပသာဒ ၂-ပါးတို့သည် သုညတ ဝေါ သုဉ်းသိတ်ခြင်း သဘောသို့ ဦးခေါင်း ကျရောက်သော် ကြောင်း-ကျိုး-ဟု ခေါ်ဝေါ်သော သင်္ခတလောက ပညတ် နယ်ကြီးသည် ချုပ်ငြိမ်းခြင်း သဘောသို့ ဆိုက်ရောက်သွား သော်လည်း ထို-ကြောင်း-ကျိုး-မှ တဖန် သန္တတိ သဘော တရား ထွက်ပေါ် လာပြန်လေသည်။

ဤသို့အားဖြင့် တခုသော သဘောတရားမှ ကခုသော သဘောတရား ထွက်ပေါ်လာခြင်းကို ယောဂီ ပုဂ္ဂိုလ်တို့ အသိဉာဏ် အပြင်ပေါက်ရန် အလွန်အရေးကြီးလေသည်။

မှတ်ချက်။ ပေါ်ထွက်နေသမျှသည် ဝိပဿနာ လုပ်ငန်း ခဉ်ဟု မှတ်၊ မပေါ်ထွက်မှ မဂ်ဆိုက်ပြီဟု အို လိုမ်၏။

ဆိုလိုရင်းမှာ ပုံစံ နံပါတ် ၂-တွင် ဘော်ပြခဲ့သော အနတ္တ-ဝိပဿနာ နည်းကား ကြောင်း-ကျိုး ၂-ပါးကို သာ သုဉ်းဆိတ်အောင် ဝေဘန် သိမ်းဆည်း သော အနတ္တ သဘော ဖြစ်သေး၏၊ ယခု ပုံစံ နံပါတ် ၃-သည် ကား ကြောင်းကျိုးမှ တဖန် ကြွင်းကျန်၍ ထွက်ပေါ်ပြန် သော သန္တတိ သဘောကို ဝေဘန်သော အနတ္တ သဘော ဟူ၍မှတ်လေ၊ တဆင့်ဝ,ဆင့် သဘာဝတကပ်ပုံကို မြင်အောင် ရှုပါ။

ဤသို့ အားဖြင့် အနတ္တသဘော အဆင့်ဆင့် နေပုံနှင့် တရားခံ အဆင့်ဆင့် ထွက်ပေါ်ပုံကိုလည်း ဉာဏ်အမြင် သိမ်း ဆည်းနိုင်စေရမည်။

သို့မှသာလျှင် တရားခံ မျက်ခြေမပြတ်ဘဲ လက်တွေ့ ဘမ်းသိး နိုင်ပြီးလျှင် နောက်ဆုံးတွင် မဂ်သဘော အနတ္တ ကို ဆိုက်ရောက်နိုင်ပေမည်။

ဥတု သုညတခေါ် အကြောင်းတရား၏ ဆိတ်သုဉ်းခြင်း မှ တဖန် ထွက်ပေါ်လာသော သန္တတိ သဘောသည် ၄-ချက် ရှိ၏ ၊၄-ချက်ဟူသည်မှာ-

၁။ အပြင်သဘော သန္တတိ၊

၂။ အကြမ်းသဘော သန္တတိ၊

၃။ အယုတ်သဘော သန္တတိ၊

၄။ အဝေးသဘော သန္တတိ၊

အားဖြင့် ၄-ပါးရှိ၏၊ ထို ၄-ပါးသော သန္တတိ တို့သည် ကား ဥတု သညတ ခေါ် အကြောင်းတရား ဆိတ်သုဉ်း ခြင်းမှ တဖန် ထွက်ပေါ်လာသော သန္တတိ သဘောများ ဖြစ်၍ ပုံစံတွင် အထင်အရှား ဖော်ပြထားလေသည်။

ထို သန္တတိ ၄-ချက်တို့တွင် (၁) အပြင်သဘော သန္တတိ ဆိုသည်မှာ ရူပါရုံ သဘောတရားကို ဆိုလိုသည်၊ ထိုရူပါရုံ သဘောတရားသည် ခန္ဓာကိုယ်၏ အပသဏ္ဍာန်မှာသာ ဖြစ် သော သဘော ဖြစ်သောကြောင့် အပြင်သဘောဟု ခေါ် သည်။

အကြမ်းသဘော သန္တတိ ဆိုသည်မှာလည်း ထို ရူပါရုံ သဘောတရား သည်ပင်လျှင် အဇ္ဈတ္တ သဏ္ဍာန်မှတပါး ဗဟိဒ္ဓ သဏ္ဍာန်၌ ဖြစ်သောကြောင့် ကြမ်းတမ်းသော သဘောဟု ဆိုလို၏။

အယုတ် သဘော ဆိုသည်မှာလည်း ရူပါရုံ ကိုပင် ဝေ ဘန်ရမည်၊ဝေးသော သဘောအရမှာလည်း အပြင် သဘော ဖြစ်၍ ရူပါရုံကိုပင် ဆိုလို၏။

ယောဂီ ပုဂ္ဂိုလ်တို့အတွက် အရေးကြီးသော ဒုမိက လိုရင်းအချက်မှာ ရူပါရုံ သဘောကို သန္တတိ ၄-ချက် ထွက် ပေါ်ပြထားရာ ထို သန္တတိ ၄-ချက်တို့၏ သဘာဝ နေ့ပုံကို ဉာဏ်အမြင် ပေါက်ရန်ကား ဥတုခေါ် သဘော တရား သည် ၄-မျိုး ရှိ၏။

၁။ ဥတုသဘော သက်သက်၊

၂။ ဥတုနှင့် အာဟာရ သဘော၊

၃။ ဥတုနှင့် စိတ်သဘော၊

၄။ ဥတုနှင့် ကံသဘော–ဤသို့အားဖြင့် ၄–မျိုးရှိ၏၊

ထို ၄–မျိုးတို့တွင် အပြင်သဘော သန္တတိ အရကို ဥတုသဘော သက်သက် သဘာဝနေပုံကို ဝေဘန် သိမ်းဆည်းရမည်၊ အကြမ်းသဘော သန္တတိ အရမှာ ဥတုနှင့် အာဟာရသဘောတရား နေပုံကို ဝေဘန်ရမည်။

အယုတ် သဘောသန္တတိ အရကား ဥတုနှင့် စိတ်သဘော ဆက်စပ်နေပုံကို ဝေဘန်ပါ၊ အဝေးသဘော သန္တတိကား ဥတုနှင့် ကံသဘော ဆက်စပ် နေပုံကို ဝေဘန်သိမ်းဆည်းရမည်။

ဤသိမ်းဆည်းရန် နည်းကား အလွန် သိမ်မွေ့လှ၏၊ အနတ္တလက္ခဏသုတ် လုပ်ငန်းစဉ်ကို ထုတ်ဝေသော အခါမှ ဤသဘာဝကို ယောဂီပုဂ္ဂိုလ်များ အသိဉာဏ် ရှင်းအောင် ဝေဘန် သိမ်းဆည်း ပြပါမည်။

ဤသို့အားဖြင့် အပြင် သန္တတိ ၄–ချက်နေပုံကို တဘက်သော ပုံစံ စက်ဝိုင်းဖြင့် ထုတ်ဘော် ပြချက်ကို ယောဂီပုဂ္ဂိုလ်များ ဝေဘန်နိုင်ရန် အကျယ် ဝေဘန် ပြလိုက်ပါပြီ။

ဤသန္တတိ ၄–ချက်တို့သည်ကား ရုပ်ရုံခေါ် သဘောတရား ဆိတ်သုဉ်းသော အခါမှ ထွက်ပေါ် လာသော

သန္တတိများ ဖြစ်ကြလေသည်၊ ဤနည်းအတူ တခါက်သော စက်ဝိုင်းတွင် ဘော်ပြထားသော အတွင်းသဘော သန္တတိ ၄-ချက် ထွက်ပေါ်လာပုံကိုလည်း ယောဂီ ပုဂ္ဂိုလ်များ ဝေဘန်သိမ်းဆည်းနိုင်ရန် ပြပေအံ့။

ပုံစံ၏ အလည်စက်ဝိုင်းတွင်ဘော်ပြထားသော အာဟာရ သုညတ ဆိုသည်မှာ ပုံစံနံပါတ် ၂ တွင် ဝေဘန်ပြခဲ့သော စက္ခုပသာဒခေါ် အကျိုးတရား၏ ဆိတ်သုဉ်းခြင်း သဘောတရားပင် ဖြစ်ပေ၏။

ထို စက္ခုပသာဒ အကျိုးတရား ဆိတ်သုဉ်းခြင်း သဘောတရားမှ အတွင်း သန္တတိ ၄-ချက် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်၊ ထွက်ပေါ်လာရခြင်းကိုလည်း ဉာဏ် အမြင်ပေါက်ရန် အလွန် အရေးကြီးပေ၏။

အတွင်း သန္တတိ ၄-ချက် ဆိုသည်မှာ ပုံစံတွင် ဘော်ပြထားသည့်အတိုင်း-

၁။ အတွင်း သဘော သန္တတိ၊
၂။ အနုသဘော သန္တတိ၊
၃။ အမြဲ့သဘော သန္တတိ၊
၄။ အနိုးသဘော သန္တတိ၊

ဤသို့အားဖြင့် ၄-ချက်ရှိရာ အတွင်းသဘော သန္တတိ ဆိုသည်မှာ စက္ခုပသာဒခေါ် သဘောသည် အဇ္ဈတ္တခေါ် ခန္ဓာ

ကိုယ်၏ အတွင်း၌ ဖြစ်သော သဘောတရား ဖြစ်သော ကြောင့် အတွင်း သဘော သန္တတိ ဟု ဆိုလိုသည်။

အနု သဘောဆိုသည်မှာ သိမ်မွေ့သော သဘောတရား ကို ဆိုလို၏၊ သိမ်မွေ့ခြင်း၏ အဓိပ္ပါယ်ကို ဝေဘန်ပြန်လျှင် စက္ခုပသာဒသည်ကား ခန္ဓာ တည်လျက် နေသော်လည်း ၎င်း၏ သဘောတရားသည် နာမ်သဘော တရားတို့၏ တည်ရာ မှီရာ ဖြစ်သောကြောင့် သိမ်မွေ့ခြင်း သဘောအမှန် ဖြစ်လေသည်။

ထို့ကြောင့် အနုသဘော သန္တတိ အရကိုလည်း စက္ခုပသာဒ သဘောတရားမှ ထွက်ပေါ်လာသော သန္တတိ တချက်ပင် ဖြစ်၍ သဘော တရားကို တခုအနေနှင့် ထုတ်ဘော်၍ ပြထားခြင်း ဖြစ်သည်။

အမြွတ် သဘော သန္တတိ ဆိုသည်မှာ စက္ခုပသာဒ သဘောတရားကိုပင် ဆိုလို၏၊ ထို သဘောတရားသည်ကား အဇ္ဈတ္တဟု ဆိုအပ်သော ခန္ဓာကိုယ်၌ ဖြစ်ပေါ်သော သဘော တရား ဖြစ်သောကြောင့်၎င်း၊ ကံ တည်းဟူသော သဘော တရားကြောင့် ဖြစ်ပေါ် ရခြင်းကြောင့်၎င်း အမြွတ် သဘော မည်၏။

အနီးသဘော ဆိုသည်မှာလည်း ခန္ဓာကိုယ်ဟု ဆိုအပ် သော အဇ္ဈတ္တသန္တာန်၌ ဖြစ်သောကြောင့် အနီးသဘော ဟု ဆိုလိုသည်။

ဤသို့အားဖြင့် အတွင်း သန္တတိ ၄-ချက် ပေါ်ထွက်လာပုံကိုလည်း ယောဂီပုဂ္ဂိုလ်တို့ ဉာဏ်အမြင် ပေါက်ရန် လိုအပ်ပေသည်။

ဆိုလိုရင်းမှာ အတွင်း သန္တတိ ၄-ချက်တို့၏ သဘာဝမှ တည်နေပုံမှာ အာဟာရခေါ် သဘောတရား သည် ၄-မျိုး ရှိ၏။

၁။ အာဟာရ သဘောသက်သက်၊

၂။ အာဟာရနှင့် ဥတုသဘော၊

၃။ အာဟာရနှင့် စိတ်သဘော၊

၄။ အာဟာရ နှင့် ကံသဘော၊

ဤသို့အားဖြင့် ၄-မျိုး ရှိ၏။

ထို ၄-မျိုးတို့တွင် အတွင်းသဘော သန္တတိ အရကို အာဟာရ သဘောသက်သက် သဘာဝ နေပုံကို ဝေဘန် သိမ်းဆည်း ရမည်၊ အာဟာရနှင့် ဥတုသဘောအရကို အနု သဘော သန္တတိကို ဝေဘန် သိမ်းဆည်းရမည်၊ အာဟာရ နှင့် စိတ်သဘောအရကိုကား အမြုတ်သဘောကို ဝေဘန် ပါ၊ အနီးသဘော သန္တတိ အရကား အာဟာရ နှင့် ကံ သဘောကို မှတ်ပါ။

ဤ ဝေဘန် သိမ်းဆည်းရန် နည်းသည်ကား အလွန် သိမ်မွေ့လှ၏၊ အနတ္တလက္ခဏသုတ် လုပ်ငန်းစဉ်ကို ထုတ်ပေ

သောအခါမှ ယောဂီ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ပေါက်ရန် သဘာဝကို အကျယ် ဘော်ပြပါမည်။

ဤသို့လျှင် အပြင် သန္တတိ ၄-ချက်၊ အတွင်း သန္တတိ ၄-ချက် အားဖြင့် ၈-ချက်သော သန္တတိမပ္ပ ခေါ် သဘော တရားတို့သည် ဥတု သုညတနှင့် အာဟာရ သုညတ ၂-ပါး တို့မှ ထွက်ပေါ်လာကြသော သန္တတိများ ဖြစ်ကြလေသည်။

ထိုသန္တတိ ၈-ချက်တို့၏ ဆက်စပ်ပုံမှာ အတွင်းသဘော နှင့် အပြင်သဘော ၂-ပါးတို့၏ ဆက်စပ်ခြင်း အကြမ်း သဘောနှင့် အနုသဘော ၂-ပါးတို့၏ဆက်စပ်ခြင်း၊ အယုတ် သဘောနှင့် အမြတ်သဘော ၂-ပါးတို့၏ ဆက်စပ်ခြင်း၊ အဝေးသဘောနှင့် အနီးသဘော ၂-ပါးတို့၏ ဆက်စပ်ခြင်း အားဖြင့် သန္တတိ သဘောသည် သဘာဝအားဖြင့် ၈-ပါး ရှိသော်လည်း ဆက်စပ်ခြင်း သဘောအနေနှင့် ဝေဘန်လျှင် သန္တတိ ၄-ချက်သာ ရှိလေသည်။

ထို သန္တတိ ၄-ချက် ဆက်စပ်နေပုံကို ယောဂီ ပုဂ္ဂိုလ် များ ဉာဏ်အမြင်ပေါက်ရန် ရှေးဦးစွာ ပညတ်သဘောကို ထုတ်ပြဦးအံ့။

စက္ခုအကြည်နှင့် ရူပါရုံ ၂-ပါးတို့၏၊ ပေါင်းဆုံခြင်း ကို သန္တတိ ၄-ချက်ဟု ဆိုလိုရင်းဖြစ်သည်။

ထို့ကြောင့် အတွင်းနှင့်-အပြင် ဆက်စပ်ခြင်း အရ ဝေဘန်သော် စက္ခု ပသာဒ အကြည်ကား အဇ္ဈတ္တ သန္တာန်

၌ဖြစ်၍ အတွင်းမည်၏၊ ရူပါရုံကား ဗဟိဒ္ဓ သဏ္ဍာန်၌ဖြစ်၍ အပြင်မည်၏၊ ဤနည်းအတူ အကြမ်း အနု အယုတ် အမြတ် အဝေး အနီး သန္တတိတို့ကိုလည်း စက္ခုပသာဒ အကြည်နှင့် ရူပါရုံ တို့ကို စွဲ၍ မှတ်ခေါ်သော သန္တတိများဖြစ်ကြောင်း ဝေဘန် သိမ်းဆည်းနိုင်လေသည်။

ဆိုလိုရင်းမှာ စက္ခုပသာဒ အကြည်နှင့် ရူပါရုံ ၂-ပါး တို့၏ ပေါင်းဆုံခြင်း၌ သန္တတိ ၄-ချက် ထွက်ပေါ်လာရှိ ခြင်း၏ သဘောရင်းကို ယောဂီပုဂ္ဂိုလ်များ အသိဉာဏ်ပိုင် ရန် အရေးကြီး၏။

အဘိဓမ္မာ သဘောနှင့် ဝေဘန်လျှင် စက္ခုပသာဒ အကြည်သည်လည်း ရုပ်သဘော ဖြစ်၏၊ ရူပါရုံသည်လည်း ရုပ်သဘောဖြစ်၏၊ ထို ရုပ်သဘောတို့သည် အဗျာကတ ဖြစ် သောကြောင့် အဘယ်မှာလျှင် မိမိတို့၏ သဘောအလိုဖြင့် ဆက်စပ် နိုင်ပါမည်နည်း၊ အမှန်စင်စစ် မဆက်စပ်နိုင်ကြပေ၊ ဆက်စပ်နိုင်ခြင်း သဘောတရားမှာကား နာမ်-တရားသာ ဖြစ်နိုင်ရာ၏၊ ဤကား အဘိဓမ္မာ နည်းအရ ဝေဘန်ပြခြင်း ပင်တည်း။

ဝိပဿနာ လုပ်ငန်းစဉ်နှင့် ဝေဘန်ကြည့်သော် ဆက်စပ် နိုင်သော သဘောတရားသည် ဝိညာဏ် သဘောတရား မည်၏၊ ဝိညာဏ်အရ ဝေဘန်ပြန်သော် သိမှုပင်ဖြစ်သည်၊ သိမှုဆိုသည်မှာလည်း ၂-မျိုးရှိ၏။

၁။ အမှားသိခေါ် ပညတ်သိ ဝိညာဏ်၊
၂။ အမှန်သိခေါ် ပရမတ်သိ ဝိညာဏ်၊

ဟူ၍ ၂-မျိုးရှိရာ ယခုဘော်ပြသော ဝိညာဏ် မှာကား ပညတ်သိ ဝိညာဏ် သဘောမည်၏။

ထိုပညတ်သိ ဝိညာဏ် သဘောကြောင့်ပင်လျှင် ဆက်စပ်ခြင်းခေါ် ပေါင်းဆုံခြင်း သဘောတရား ဖြစ်ပေါ်လာရခြင်း ဖြစ်ပေ၏။

ပညတ်သိ ဝိညာဏ်ဆိုသည်မှာလည်း သညာသိ ပြဋ္ဌာန်းသဘောပင်ဖြစ်၏၊ဝိညာဏ်သိမှာကား ထို သညာသိမှ တဖန် အပိုင်စွဲယူနိုင်သော အသိမျိုးကို ဆိုလိုသဖြင့် ဤဆက်စပ်ခြင်း သဘော၌ကား ရှေဦးစွာ သညာသိ သဘောတရား နေပုံကို ဉာဏ်အမြင် ပေါက်အောင် သိမ်းဆည်းရဦးမည်။

ဆက်စပ်ခြင်း သန္တတိ သဘောကို ဝိပဿနာ နည်း၌ ၄-ချက် ထုတ်ဘော်ပြထားသောကြောင့် သညာသိ သဘောကိုလည်း ၄-ချက် ဝေဘန်ရမည်။

## ဝေဘန် သိမ်းဆည်းပုံမှာ

သညာသိ သဘော တရားသည်ကား ပညတ်သိ သဘောတရား မည်၏၊ ပညတ်သိအရ ဝေဘန်ပြန်သော် အတိတ်သဘောခေါ် ဖြစ်ပြီးသော အာရုံကို အမှတ်ပြုခြင်း-မဖြစ်

သေးသော အနာဂတ် အာရုံကို ဖြစ်ပေါ်အောင် ရှေ့သွား ပြုခြင်း သဘောကို ပညတ်သိ ဟု ဆိုလို၏။

ဤ၌ အတွင်း သန္တတိ ၄-ချက်နှင့် အပြင် သန္တတိ ၄-ချက်တို့ ဆက်စပ်နိုင်ခြင်းသည် သညာသိသဘောကြောင့် ပင် ဖြစ်ပေသည်၊ သညာ သဘောတရား မရှိခဲ့သော် ဤသန္တတိ ၄-ချက်တို့သည် အချင်းချင်း မဆက်စပ်နိုင်ကြဘဲ အချည်းနှီး အနုတ္တ သဘောသို့ သဘာဝအားဖြင့် ဆိုက် ရောက်ကြမည်မှာ အမှန် ဖြစ်ပေ၏။

သညာသိ သဘောကြောင့်သာ ဆက်စပ်ခြင်း ဟူသော သဘောတရား ဖြစ်ပေါ်ပြီးလျှင် သခ်ီတ လောကကြီးခေါ် ယန္တရား စက်ကြီးသည် မပြတ်လည်၍ ရုပ်နာမ် သဘော တရားတို့ ထွက်ပေါ် လာကြခြင်း ဖြစ်ပေ၏။

အတွင်း-အပြင် ဟု ဖြစ်ပေါ်ယူဆ နေကြခြင်းသည် သညာ၏ လှည့်ပတ်မှု သဘောပင် ဖြစ်သည်၊ ဤနည်းအတူ အကြမ်း သဘော အနုသဘော အမြတ်သဘော အယုတ် သဘော အနီး သဘော အဝေး သဘောဟု ဖြစ်ပေါ်ယူဆ နေကြရခြင်းသည်လည်း သညာ၏ လှည့်ပတ်မှု သဘောပင် ဖြစ်သည်၊နောက်ဆုံး အချုပ် ဆိုလိုရင်းမှာ ပညတ်စွဲ နယ်ကြီး တခုလုံး ထွက်ပေါ်နေခြင်းသည် သညာ၏ လှည့်ပတ်မှုကြီး ပင် ဖြစ်ပေသည်၊ သညာ၏ လှည့်ပတ်မှုကို မမြင်ကြသော

ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်မှာ ပညတ် တရားကြီးသည် အစဉ် ကိန်းဝပ်လျက် တည်ရှိနေလေသည်။

လှည့်ပတ်ခြင်း ဆိုသည်မှာလည်း အတိတ်သဘောနှင့် အနာဂတ် သဘော ၂-ပါးကို ဆိုလို၏၊ ထို သဘောတရား ၂-ချက် ရှိမှသာလျှင် လှည့်ပတ်နိုင်သည်၊ ပစ္စုပ္ပန်သဘော သက်သက်မှာကား မနေ ဝိညာဏ်၏ ကျက်စားရာ သဘော တရားမည်၏၊ ပစ္စုပ္ပန် သဘောကို မြင်သော ယောဂီ ပုဂ္ဂိုလ်တို့သည် ပညာသိ စခန်းသို့ ဆိုက်ရောက်သည် မည်၏၊ ပစ္စုပ္ပန် သဘောကို မမြင်နိုင်အောင် အတိတ် သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့သည် ဖုံးအုပ်၍ ထားကြလေ သည်၊ ထို ဖုံးအုပ်၍ ထားခြင်းကိုပင် သညာ၏ လှည့်ပတ် ခြင်းဟု ဆိုလို၏။

## ဖုံးအုပ်၍ ထားပုံမှာ

အတိတ် သဘော၌ ရှိသော သညာသည် သဿတဒိဋ္ဌိ အရင်းခံ သဘောတရား ရှိသည်ဖြစ်၍ သတ္တဝါတို့သည် အစဉ် မြဲ၏ဟု ထင်မှတ်အောင်ဖြစ်စေခြင်းဖြင့်(ဝါ)စွဲယူစေခြင်းဖြင့် ပစ္စုပ္ပန် သဘောကို မမြင်အောင် ဖုံးအုပ်လျက်နေ၏။

အနာဂတ် သဘော၌ ရှိသော သညာသည်လည်း ဥစ္ဆေဒ ဒိဋ္ဌိ အရင်းခံရှိ၍ သတ္တဝါတို့အား ပြတ်ခြင်း ကင်းခြင်း သဘောတရားသို့ ကျရောက်စွဲယူအောင် ပစ္စုပ္ပန် သဘော တရားကိုပင် မမြင်အောင် ဖုံးပိတ်လျက်နေ၏။

ထို့ကြောင့် သတ္တဝါတို့သည် သဿတ ဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိ အစွဲအယူသို့ သညာ၏ လှည့်ပတ်မှုကြောင့် ကျရောက်ကြပြီးလျှင် ပစ္စုပ္ပန်သဘောကို ပညာမျက်စိဖြင့် မမြင်မတွေ့ကြဘဲ၊ ချုပ်ပြီးသော အတိတ်သဘောကို ပင်လျှင် အစဉ်မပြတ် တည်ရှိလျက် နေသည်ဟု စွဲယူကြခြင်း၊ မဖြစ်သေးသော အနာဂတ် သဘောကိုလည်း ဖြစ်ဆဲ ပစ္စုပ္ပန်သဘောကို မမြင်သည်ရှိသော် ဖြစ်လတ္တံ့ဟူသော သဘောတရားကို မမြင်ကြသဖြင့်ကင်းခြင်းပြတ်ခြင်းဟူ၍ရင်း၊မရှိခြင်းသဘော အနေအားဖြင့်ရင်း၊ စွဲယူနေကြလေသည်။

ဤ အစွဲအယူ အလုံးစုံတို့သည် သညာ၏ လှည့်ပတ်မှုကို မမြင်ကြခြင်းကြောင့် စွဲယူသော အစွဲအယူမျိုး ဖြစ်သောကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အစွဲအယူ မျိုး ဟူ၍မှတ်။

ယောဂီ ပုဂ္ဂိုလ်တို့ ရှုမှတ်ရန် လိုရင်းအချုပ်သဘောမှာ အတွင်း နှင့် အပြင် ဆက်စပ်ခြင်း၊ အဝေး အနီး, အယုတ် အမြတ်, အနု အကြမ်း, ဆက်စပ်ခြင်း၊ အလုံးစုံ တို့သည် သညာသိ ပညတ်သဘောကို မြင်စေလိုသောကြောင့် ဖွင့်ပြသော သန္တတိ သဘောများ ဖြစ်ချေသည်။

ထိုသန္တတိ သဘောတို့၌လည်း သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရှေသောက်မြစ် ၂-ပါး ရှိကြလေရာ၊ အနုတ္တ ဒီပသနာ မျက်စိနှင့် စေ့ဘန်ကြည့်သော် သညာသိ သဘော၌ သဿတ

ဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ် ရှိ၍ မနောဝိညာဏ် သိဒ္ဓိ ကား အတ္တဒိဋ္ဌိ ရေသောက်မြစ် ရှိကြောင်း ထင်ရှားလေ သည်။

ပုံစံနံပါတ် ၃- သည်ကား သညာသိခေါ် ပညတ်စွဲ သန္တတိ သဘောတို့၏ ဆက်စပ်ခြင်းကို ဝေဘန်သိမ်းဆည်း ရန်နှင့် ထိုဆက်စပ်ခြင်း သဘောတို့ကို ဖြတ်တောက်ရန် အတွက် ဘော်ပြသော ပုံစံ ဖြစ်ပါကြောင်း။

အောက်စက်ဝိုင်း ၂-ခုသည် သညာသိခေါ် ပညတ်စွဲ သဘောတရားတို့၏ ဆက်စပ်ပုံကို ဘော်ပြသော ပုံစံ ဖြစ် ပေ၏။

အထက် စက်ဝိုင်း ၂-ခုသည်ကား၊ ဆက်စပ်သော သဘော တရားတို့ကို အနိစ္စ လက္ခဏာနှင့် ဝေဘန် သိမ်း ဆည်းလိုက်သောအခါ သန္တတိ သဘောပြတ်၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး ပေါ်ထွက်လာပုံကို ဘော်ပြသော ပုံစံ ဖြစ်ပေ၏။

ထို့ကြောင့် ယခုအခါ သူငါကစ၍ ယောဂီပုဂ္ဂိုလ်များ ပြောဆိုနေကြသော သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ဟူသော သဘောတရား ၂-ပါးကို သာမန် ဉာဏ်မျက်စိနှင့် တွေ့နိုင် ကြသည် မဟုတ်ပေ၊ သန္တတိ အစဉ်ခေါ် ဆက်စပ်ခြင်း သညာသိ ပညတ်သဘောကို အနိစ္စလက္ခဏာနှင့်ဖြတ်တောက်

သော အခါမှသာလျှင် ထို ဒိဋ္ဌိ ၂-ပါးကို လက်တွေ့ဝေဘန် သိမ်းဆည်း နိုင်လေသည်။

သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့၏ နေပုံကို သဘာဝ ကုန်စင်အောင် ခွဲစိတ် ဝေဘန်သော် အပြင် သန္တတိ ၄-ချက် ၌လည်း ထို ဒိဋ္ဌိ ၂-ပါး ရှိလေသည်၊ အတွင်း သန္တတိ ၄-ချက်၌လည်း ထို သဿတ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး ရှိနိုင်လေသောကြောင့် ပုံစံ၏ စက်ဝိုင်းတွင် ထို ဒိဋ္ဌိ ၂-ပါးတို့ကို ထုတ်ဘော်၍ ပြထားသည်ဟု ဉာဏ်အမြင် ပေါက်ကြ စေလိုသည်။

သဿတ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကို မြင်စေလိုသောကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည် အောက်ပါအတိုင်း ဆက်စပ်ခြင်း သညာသိ ခေါ် ပညတ် သဘောကို ဖြတ်တောက်၍ ပြတော်မူသည်။

အပြင်၌ ဖြစ်သော ရုပ်တရားတို့သည်လည်း အတွင်းသို့မရောက်မူ၍ ထိုအပြင်သဘောအတွင်း၌ပင်လျှင် ကုန်ဆုံးချုပ်ပျောက် လေသောကြောင့် အနိစ္စဟု ထုတ်ဘော် ပြခြင်းကို ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကို တွေ့အောင် ရှာဖွေ ဆင်ခြင်သုံးသပ်ရမည်။

ငါတို့သည် ဝိပဿနာ တရား လိုက်ခါ စက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာ ဘော်ပြသော အနိစ္စသဘောကို သဘာဝ

ဉာဏ် မပေါက်သောကြောင့် ရှတ်ဆို စီးဖြန်းရမည် ထင်မှတ် ပြီးလျှင် ပွားများ ခဲ့ဘူးလေသည်။

ယခုအခါ ဝိပဿနာ သဘာဝဉာဏ်မျက်စိနှင့် ဝေဘန်ကြည့်သောအခါမှ ရှတ်ဆို စီးဖြန်းရန်အတွက် မဟုတ်ပေ၊ ရေသောက်မြစ်ဖြစ်သော သဿတ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးကို မြင်စေလိုသောကြောင့် ပြဆိုသော အနိစ္စ လက္ခဏာ ဖြစ်ကြောင်း အမြင်မှန်ကို ရလေသည်။

## သဿတ,ဥစ္ဆေဒဒိဋ္ဌိ ထွက်ပေါ်ပုံ

အပြင်၌ဖြစ်သော ရုပ်တရားတို့သည် အတွင်းသို့မရောက်မူ၍ ဤ ဘော်ပြချက်ကား သဿတဒိဋ္ဌိကို မြင်အောင် ပြခြင်းပေတည်း။

သတ္တဝါအပေါင်းတို့၏ အသိဉာဏ်၌ စွဲယူ နေသော သဘောတရားမှာ အပြင် သဘော နှင့် အတွင်းသဘော ၂-ပါးတို့ကို တပေါင်းတည်း ဟူ၍ရင်း၊ တခုတည်းဟူ၍ရင်း စွဲယူနေကြလေသည်၊ ဤ အစွဲအယူသည် သဿတဒိဋ္ဌိ အစွဲအယူမည်၏။

ထိုအစွဲအယူကို ပယ်နိုင်ခြင်းငှါ အပြင် သဘောသည် အတွင်းသို့ မရောက်မူ၍ဟု ပြတော်မူသည်၊ အကယ်၍ အပြင်သဘောသည် အတွင်းသို့ ရောက်သည်ဟု ယူဆသော် အပြင်နှင့်အတွင်း တို့သည် တပေါင်းတည်း တခုတည်း အဖြစ်သို့

ရောက်၍ အတူတူဘဲဟု ယူဆကြလိမ့်မည်၊ ဤသို့ယူဆလျှင် သဿတ ဒိဋ္ဌိ အယူသို့ ကျရောက်သည်။

ထို အစွဲအယူမှ လွတ်မြောက်စေခြင်းငှါ၊ အပြင်သဘော သည် အတွင်းသို့ မရောက်မူ၍ဟု ထုတ်ဘော်ပြတော်မူသည်၊ ဤ ထုတ်ဘော်ချက်ကို ဝေဘန် သိမ်းဆည်းသော် အပြင် သဘောသည် အတွင်းသဘော မဟုတ်၊ အတွင်းသဘော သည်လည်း အပြင်သဘော မဟုတ်၊ မိမိတို့၏ သဘောတရား ကို မိမိတို့ ဆောင်လျက် ရှိနေကြောင်း ဝေဘန်သိမ်းဆည်း ရမည်။

ဤကား သဿတဒိဋ္ဌိ အစွဲအယူကို မြင်အောင် အနိစ္စ လက္ခဏာနှင့် ဘော်ပြခြင်း ဖြစ်သည်၊ မြင်အောင် ဝေဘန် သိမ်းဆည်းတော် မူကြပါ။

ဉစ္ဆေဒဒိဋ္ဌိ သဘောတရား ပေါ်ထွက်ပုံကို ဆက်လက် ဘော်ပြပေအံ့။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည် သဿတဒိဋ္ဌိ အစွဲပေါ် ထွက်ပုံကို ပြပြီး၍ ဉစ္ဆေဒဒိဋ္ဌိ ပေါ်ထွက် ပုံကို မြင်စေလို သောကြောင့်၊ ထို့အပြင် သဘောသည်လည်း မိမိတို့၏ အပြင်သဘော အတွင်း၌ ကုန်ဆုံး လေသော ကြောင့်ဟု ဘော်ပြချက်သည် ဉစ္ဆေဒဒိဋ္ဌိကို မြင်စေလိုသောကြောင့် ပြ ဆိုသော စကားရပ် ဖြစ်ပေသည်။

ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်မှာ ကင်းခြင်း ပြတ်ခြင်း သဘော တရားကို ဆိုလိုသည်၊ ကင်းခြင်း ပြတ်ခြင်းအရ ဝေဘန်လျှင် ဘာမျှ မဖြစ်သော သဘောတရားကို ဥစ္ဆေဒဒိဋ္ဌိ ဟု ယူမှား ကြလေသည်၊ အပြင်သဘောသည် အတွင်းသို့ မရောက်ခဲ့ သော်ငြားသဘောသည် ဘာမျှမဖြစ်သော သဘောတရား သို့ သဘာဝ ကျရောက်နေလေသည်ဟု သညာ ဝိညာဏ်စွဲ ဆရာတို့က စွဲယူကြ၏။

အချို့သော သတ္တဝါတို့ကား ရုပ်တရား နာမ်တရား တို့နှင့်တကွ သင်္ခတ လောကကြီး တခုလုံးကို ဘာမျှမဖြစ် သော သဘောဟု စွဲယူနေကြလေသည်၊ ဤ အစွဲ အယူဖြင့် အသိဉာဏ် အမှန်ဆိုက်ရောက်ပြီဟု ထင်မှတ်နေကြလေသည်။

ထိုဥစ္ဆေဒဒိဋ္ဌိ အစွဲအယူကို ပယ်စေခြင်းငှါ ကုန်ဆုံး ချုပ်ပျောက်သော သဘောဟုအနိစ္စလက္ခဏာကို ထုတ်ဘော် ပြတော်မူသည်၊ ထိုသဘောကို မြင်မှ ဥစ္ဆေဒဒိဋ္ဌိ ကွာမည်။

ဤသို့အားဖြင့် ဆက်စပ်သော သန္တတိ သဘောအစဉ် ကို အနိစ္စ လက္ခဏာနှင့် ဝေဘန် သိမ်းဆည်း လိုက်သော အခါ သဿတဒိဋ္ဌိ အစွဲအယူ ဥစ္ဆေဒဒိဋ္ဌိ အစွဲအယူ ၂-ပါး တို့ ထွက်ပေါ်လာလေသည်၊ထိုအစွဲအယူ ၂-ပါးတို့ကို လက် တွေ့ ဝေဘန် ဆင်ခြင်လျှင် သညာသိ ပညတ်စွဲ သဘောဖြစ် ၍ သဿတ, ဥစ္ဆေဒ အစွဲကြမ်းမည်၏။

ပုံစံတွင် ဘော်ပြထားသော အဒ္ဓါန ပစ္စုပ္ပန် ဆိုသည်မှာ အမွန့်ရှည်စွာ ဖြစ်ပေါ်နေသော သဘောတရားကို ဆိုလို၏။

အဓ္ဓန့်ရှည်စွာအရ ဝေဘန်ပြန်လျှင် လျှပ်တပျက်အတွင်း မှာ ဖြစ်ပေါ်နေသော ရုပ် နာမ်မျိုးကို ဆိုလိုသည် မဟုတ်၊ အမိဝမ်းစဉ်က စ၍ ဖြစ်ပေါ်လာသော ရုပ် နာမ် အစဉ် သည် အသက် ၇၀- ကျအောင် ဖြစ်ပေါ်လျက် နောက်ဆုံး သေသည်အထိ ကာလရှည်စွာ ဖြစ်ပေါ်နေသော သဘော တရားကို ခေါ်သည်။

ထိုအဒ္ဓါန ပစ္စုပ္ပန် ဖြစ်သော ရုပ်သဘော နာမ်သဘော တို့ကို ဖြတ်တောက်သော အနိစ္စမျိုး ဖြစ်သောကြောင့် အစွဲကြမ်း သဿတ-ဥစ္ဆေဒ ဒိဋ္ဌိဟု ဆိုလို၏။

ဤဘော်ပြခဲ့သော စကားအစဉ်ဖြင့် သညာသိခေါ် ပညတ်စွဲ သန္တတိ သဘောတရားတို့၏ ဆက်စပ်ပုံကို ယောဂီ ပုဂ္ဂိုလ်များ ဝေဘန် သိမ်းဆည်း နိုင်လောက်ပေပြီ၊ အနုတ္တ ဝိပဿနာ ဉာဏ်အမြင် သန့်ကြ၍ အိမ်ယာထောင် အရိယာ စခန်းသို့ တက်လှမ်းတော် မူနိုင်ကြပါစေသတည်း။

ပုံစံနံပါတ်း(၃) အဖွင့်ပြီး၏။

အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်၏ အခြေခံပေါ်

ပုံစံ (၄) အနတ္တ ဝိပဿနာ အဖွင့်ကျမ်း




သန္တတိ သဘာဝ နေပုံ

ဤသို့လျှင် ပုံဝံနံပါတ် (၃)အရ သညာသိခေါ် ပညတ်သဘောတရားတို့၏ ဆက်စပ်နေပုံကို အကျပ် ဖော်ပြပြီး၍ ယခုတဖန် ပုံစံ နံပါတ် ၄-အရ သညာသိသဘောနှင့် ဝိညာဏ်သိ သဘောတရားတို့၏ ၂-ပါး ဆက်စပ်နေပုံကို ယောဂီပုဂ္ဂိုလ်များ ဝေဘန် သိမ်းဆည်း နိုင်ကြစေရန်ဖော်ပြပေအံ့။

အနတ္တာ ဝိပဿနာ နည်းအရ ဥတု, အာဟာရ ၂-ပါး တို့၏ သုညတ နေပုံကို အောက်ပုံစံ အသီးသီးတို့ဖြင့် ဖော်ပြခဲ့လေပြီ။

ဤပုံစံသည်ကား စိတ်, ကံ ၂-ပါးတို့၏ ဆက်စပ်ပုံကို ဖော်ပြထားသော ပုံစံ ဖြစ်ပေ၏။

ပုံစံ စက်ဝိုင်းကြီး၏ အလယ်တွင် သန္တတိ နာမ်ပုံဖော်ပြထားချက်အရ ဝေဘန်သော် အောက်ပုံစံ တို့သည်ကား ရုပ်သဘာဝတို့၏ ဆက်စပ်ပုံကို ဖော်ပြခဲ့သော ပုံစံများဖြစ်ချေ၏၊ ဤပုံစံသည်ကား နာမ်သဘောတို့၏ ဆက်စပ် ပုံကို အဦးပြု၍ ဖော်ပြသော ပုံစံ ဖြစ်လေသည်။

အောက် ပုံစံများတွင် ဖွင့်ပြခဲ့သော သဘာဝ ၄-မျိုး အနက် ရုပ်ပါရုံနှင့် စက္ခုပသာဒ ၂-ပါးတို့၏ အနတ္တာသဘာဝ နေပုံကိုလည်း ယောဂီ ပုဂ္ဂိုလ်များ လက်တွေ့ ဝေဘန်သိမ်းဆည်း ခဲ့သေရာ ယခုအခါတွင်ကား စက္ခုဝိညာဏ်နှင့်မနော

၁။ ပညတ် သဘောဖြစ်သော စိတ်၊
၂။ ပရမတ် သဘောဖြစ်သော စိတ်၊

ဤသို့ ဝေဘန်ပါ၊ (အာရမ္မဏံ-စိန္တေတီတိ စိတ္တံ) ဟု ပြဆိုကြသော စိတ်သဘော သည်ကား ပညတ်သဘောဖြစ်သော စိတ် သဘာဝကို ပြဆိုထားခြင်း မည်၏၊ ပညတ် သဘောစိတ်ဆိုသည်မှာ အာရုံနှင့်တွေ့၍ မှည့်ခေါ် စွဲယူကြသော အိုးသိ, အိမ်သိ, ပုဂ္ဂိုလ်သိ စိတ်မျိုးကို ဆိုလိုသည်၊ ပရမတ်သဘော ဖြစ်သော စိတ်ဆိုသည်မှာ ဆက်စပ်ခြင်းသဘောပင်တည်း၊ ဆက်စပ်ခြင်းအရ ဝေဘန်ပြန်လျှင် အတိတ်ဖြစ်သော သညာသိ သဘောနှင့် အနာဂတ်ဖြစ်သော သညာသိ သဘောတရား ၂-ပါးတို့၏ ဆက်စပ်ခြင်းကို စိတ်ဟူ၍ ခေါ်သည်။

အဘယ်ကြောင့်ဆိုသော် အတိတ်သဘောနှင့် အနာဂတ်သဘော ၂-ပါးတို့၏ ဆက်စပ်ခြင်းကြောင့် ပစ္စုပ္ပန် ဟူသော သဘောတရား ပေါ်ထွက်လာလေသည်။

ပစ္စုပ္ပန် သဘော ပေါ်ထွက်မှသာလျှင် အာရုံကို သိနိုင်လေသည်၊ပစ္စုပ္ပန်သဘော ဆိုသည်မှာလည်း မနော ဝိညာဏ်သိ သဘောပင် ဖြစ်၏။

မနောဝိညာဏ်သည်ကား အလိုလိုဖြစ်ပေါ်လာနိုင်သည် မဟုတ်ပေ၊ သညာသိ ၂-ပါးတို့၏ ဆက်စပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော သဘောတရား ဟူ၍မှတ်"

တဘက်သော ပုံစံ၌ကား အနာဂတ် ကာလ ထွက်ပေါ် ပုံကို ဘော်ပြထား၏၊ အလယ်ပုံစံသည်ကား ပစ္စုပ္ပန်ကာလ ထွက်ပေါ်ပုံကို ဘော်ပြထား၏။

ဤသို့အားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးတို့၏ ပေါ်ထွက်ပုံကို ရှေဦးစွာ ဉာဏ်အမြင် သိမ်းဆည်း နိုင်စေရမည်။

**သိမ်းဆည်းရန်နည်းမှာ**

ပုံစံတွင် ဘော်ပြထားသည့်အတိုင်း အတိတ်ကာလ နှင့် အနာဂတ်ကာလ ၂-ပါးတို့သည် သညာသိသဘောတရားမှ ထွက်ပေါ်လာကြသော သဘောတရားများ ဖြစ်ချေ၏။

အောက်ကဏ္ဍတွင် ထုတ်ဘော်ပြခဲ့သော အတွင်းသန္တတိ ၄-ချက် နှင့် အပြင်သန္တတိ ၄-ချက်တို့သည်လည်း ဤကဏ္ဍ၌ကား အတိတ်, အနာဂတ် ၂-ပါးတို့၌ ဦးခေါင်း ဆိုက်လျက် နေသောကြောင့် ပုံစံတွင် ၎င်းတို့ကို အထင်အရှား ထုတ်ဘော် ပြဆိုထား၏။

ဤသို့လျှင် သညာသိ သဘောတရားမှ ကာလ ၂-ပါး ထွက်ပေါ်လာပုံကို သဘောအပိုင် ရရှိစေနိုင်ရပေသည်၊ ထိုမှ တပါး . အတိတ်သညာနှင့် အနာဂတ်သညာ ၂-ပါးတို့၏ ဘက်စပ်ခြင်းကို စိတ်ဟု ခေါ်ပြန်သည်။

ဤ၌ စိတ်အရကို သဘာဝ ဝေဘန်လျှင် ၂-မျိုးဝေဘန် သိမ်းဆည်းရမည်။

ထို့ကြောင့် မနောဝိညာဏ်ခေါ် ပစ္စုပ္ပန်ကာလကို ကံ-ဟူ၍ ခေါ်သည်၊ ထိုကံ ဒိဂရိ၌ကား သဿတ ဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစွဲ ၂-ပါး စုံရှိသည်။

စိတ် ဒိဂရိခေါ် သညာသိသဘောတရား၌ကား သဿတဒိဋ္ဌိ ဥစ္ဆေဒိဋ္ဌိ တပါးစီသာ ရှိကြလေသည်။

ဤ၌ အတိတ်ကာလကို သဿတ-ဒိဋ္ဌိ အစွဲ အနာဂတ်ကာလကို ဥစ္ဆေဒ ဒိဋ္ဌိ အစွဲဟု ဘော်ပြထားခြင်းသည် သဘာဝအားဖြင့် ကျရောက် တည်ရှိနေပုံကို အမူးထား၍ ဘော်ပြခြင်းဟူ၍ မှတ်၊ ပစ္စုပ္ပန် သဘောမှနေ၍ အတိတ်-အနာဂတ် သဘောကို ဝေဘန်ဆင်ခြင်သော် သဿတ-ဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစွဲ ၂-ပါးတို့သည် အတိတ်ကာလ၌လည်း ရှိ၏၊ အနာဂတ် ကာလ၌လည်း ရှိ၏၊ဤသို့ဝေဘန် သိမ်းဆည်းတော်မူကြစေလို၏။

ပစ္စုပ္ပန်ကာလ ခေါ် မနော ဝိညာဏ်၌ကား သန္တတိပေါင်း ၁၁-ချက် ရှိလေသည်၊ ထို ၁၁-ချက်တို့ကို အနတ္တလက္ခဏာ သုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်။

ယောဂီ ပုဂ္ဂိုလ်များ အတွက် အရေးအကြီးဆုံး သော သန္တတိ မှာကား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ကာလ ၃-ပါး ဆက်စပ်ပုံနှင့် သညာသိနှင့် ဝိညာဏ်သိ ၂-ပါးတို့ ဆက်စပ်ပုံကို ဉာဏ်အမြင် ပေါက်ရန်သာ အရေးကြီးပါ

သောကြောင့် ရှေးအဘို့တွင် အတွင်း သန္တတိ အပြင် သန္တတိ တို့ကို မထုတ်ဘော်တော့ဘဲ အတိတ် အနာဂတ် ပစ္စုပ္ပန် သဘော ၃-ချက်တို့ကို စူးစိုက်၍ ဉာဏ်အမြင် ပေါက်အောင် ရှင်းပြပါတော့မည် သတိပြုတော်မူကြပါ။

ကာလ ၃-ပါးတို့၏ ဆက်စပ်ပုံမှာ အတိတ် သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့သည် မျက်ကွယ်သဘော မည်၏၊ ပစ္စုပ္ပန် သဘောသည် မျက်မှောက် သဘော မည်၏၊ မျက်ကွယ် သဘောကို စွဲ၍ မျက်မှောက် သဘော ပေါ် ထွက်ရသလို မျက်မှောက် သဘောကို စွဲ၍လည်း မျက်ကွယ် သဘော ပေါ်ထွက်သည်ဟုမှတ်။

ဤသို့အားဖြင့် အပြန် အလှန် အသွား အပြန် ဆက်စပ်၍ နေကြလေသည်၊ အတိတ် သဘောနှင့်အနာဂတ် သဘော ၂-ပါးတို့သည်ကား သညာသိ သဘော တရားမည်၏၊ ပစ္စုပ္ပန် သဘော တရားသည်ကား ဝိညာဏ်သိ သဘော တရားမည်၏။

သညာသိ သဘော တရားတို့၏ ဆက်စပ်ခြင်းကြောင့် ဝိညာဏ်သိ သဘော ပေါ်ထွက်လာလေသည်၊ ဝိညာဏ်သိ သဘောကြောင့်လည်း သညာသိ သဘောတရားတို့ ဖြစ် ပေါ် ဆက်စပ်ကြလေသည်၊ ဤသို့ အပြန် အလှန် သန္တတိ သဘောတို့၏ ဆက်စပ်ပုံကို ရှေ့ဦးစွာ ဝေဘန် သိမ်းဆည်း ရမည်။

ယောဂီ ပုဂ္ဂိုလ်တို့အတွက် လုပ်ငန်းစဉ်အရ အရေးကြီးသော တရားခံမှာကား ပစ္စုပ္ပန် သဘောပင် ဖြစ်ပေသည်၊ ပစ္စုပ္ပန်သဘောကို မြင်အောင် သိမ်းဆည်းနိုင်သော ယောဂီ ပုဂ္ဂိုလ်တို့မှာ အတိတ် အနာဂတ် သဘောတို့မှာ အထူး သိမ်းဆည်းရန် မလိုတော့ပြီ။

ကာလ ၃-ပါးနှင့် ပတ်သက်၍ ပါယာသိရာဇာည သုတ္တန် ဘာသာပြန်တွင် အကျယ် ရေးထားသည် ဖြန့်ချိရေးသို့ မှာကြားကြည့်ရှုပါ။

မြတ်စွာဘုရား သခင်သည် ယောဂီ ပုဂ္ဂိုလ်များ အတွက် ပစ္စုပ္ပန် သဘောကို သိမ်းဆည်းနိုင်ကြစေရန် အတိတ် သဘောနှင့် အနာဂတ် သဘောကို ထုတ်ပြခြင်းဖြစ်ပေ၏။

အတိတ် သဘောနှင့် အနာဂတ် သဘောတို့သည်ကား ပစ္စုပ္ပန် သဘောကို မမြင်နိုင်အောင် ဖုံးကွယ်လျက်လည်း ရှိ၏၊ ပစ္စုပ္ပန် သဘောကို မြင်အောင် ဖွင့်ပြလျက်လည်း ရှိ၏။

ပညာသိ စခန်းသို့ မဆိုက်ရောက်ကြ ကုန်သော အန္ဓ ပုထုဇဉ် ပုဂ္ဂိုလ်တို့၌ကား အတိတ်သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့သည် ပစ္စုပ္ပန် သဘောကို မမြင်နိုင်အောင် ဖုံးပိတ်လျက် ထားသည်မည်၏။

ပညာသိ စခန်းသို့ ဆိုက်ရောက် လာကြကုန်သော ကလျာဏ မျက်စိခေါ် အလင်းဓာတ် ရှိသော ပုဂ္ဂိုလ်တို့၌

ကား အတိတ်သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့သည် ပစ္စုပ္ပန် သဘောကို မြင်အောင်ဖွင့်ပြလျက်ရှိနေလေသည်၊ ဤသို့လည်းဉာဏ်အမြင်ပေါက်အောင် ကာလ ၃-ပါးတို့၏ သဘောကို ဝေဘန် သိမ်းဆည်းရမည်။

အတိတ် သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့၌ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နေပုံကို ဝေဘန်ပြခဲ့ပေပြီ၊ ပစ္စုပ္ပန် သဘော၌ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး နေပုံနှင့်တကွ ကံ-သဘော နေပုံကို ဝေဘန် သိမ်းဆည်း၍ ပြပေအံ့။

ပစ္စုပ္ပန်၌ ရှိသော သဿတ, ဒိဋ္ဌိ၏ သဘောမှာကား မြဲ၏ဟု ယူသော အစွဲအယူပင် ဖြစ်ပေသည်၊ မြဲ၏အရ ဝေဘန်ပြန်သော် အတိတ်ကာလ အတွင်း၌ ဖြစ်ပေါ်ကြသော ရုပ်နာမ် တရားတို့နှင့် ပစ္စုပ္ပန်ကာလ အတွင်း၌ ဖြစ်သော ရုပ်နာမ်တရားတို့ကို မမြင်ကြသောကြောင့် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် အတိတ် သဘော ရုပ်နာမ်တို့ကို ပစ္စုပ္ပန် ရုပ် နာမ် ထင်မှတ် ကြပြီးလျှင် ထို အတိတ် သဘော ရုပ် နာမ်ကို မြဲ၏ဟု စွဲယူခြင်းပင် ဖြစ်ပေ၏။

ထို သဿတဒိဋ္ဌိ အစွဲအယူကို ပယ်ခြင်းငှါ အတိတ်နှင့် ဆက်စပ်သော ပစ္စုပ္ပန် သဘောကို အနိစ္စ လက္ခဏာဟု ယောဂီပုဂ္ဂိုလ်များ ဆင်ခြင် သုံးသပ်ရန် ဟောကြားတော်မူခြင်းဖြစ်ပေ၏။

ထို အတိတ်နှင့် ဆက်စပ်သော ပစ္စုပ္ပန် သဘောကို အနုတ္တ ဝိပဿနာ ဉာဏ်နှင့် သဘာဝကို ဝေဘန် ဆင်ခြင်လျှင် အဝိဇ္ဇာခေါ် မသိသဘောပင် ဖြစ်ပေသည်။

ဤနည်းအတူ ပစ္စုပ္ပန်၌ ရှိသော ဥစ္ဆေဒဒိဋ္ဌိ သဘောမှာကား ကင်းခြင်း ပြတ်ခြင်း သဘောပင်ဖြစ်ပေ၏။

ကင်းခြင်း ပြတ်ခြင်းအရ ဝေဘန်ပြန်သော် အနာဂတ်ကာလ ဖြစ်သော ရုပ်နာမ်တို့သည် ပစ္စုပ္ပန် သဘော ရုပ်နာမ်နှင့် မည်သို့မျှ မဆက်စပ်ကြဘဲ ကင်းပြတ်ခြင်းရှိ၏ဟု စွဲယူကြသော အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အစွဲအယူပင် ဖြစ်ပေ၏။

ထိုဥစ္ဆေဒဒိဋ္ဌိ အစွဲအယူကို ပယ်ခြင်းငှါ အနာဂတ် နှင့် ဆက်စပ်သော ပစ္စုပ္ပန် သဘော ရုပ်နာမ်ကို မြတ်စွာဘုရားသခင်သည် အနုတ္တ လက္ခဏာဟု ဟောကြားတော်မူခြင်း ဖြစ်ပေ၏။

ထိုအနာဂတ်နှင့် ဆက်စပ်သော ပစ္စုပ္ပန် သဘောကို အနုတ္တ ဝိပဿနာ ဉာဏ်မျက်စိနှင့် သဘာဝကို ဝေဘန်ဆင်ခြင်လျှင် ကံတရားခေါ် ပြုပြင်ခြင်း သဘောပင်ဖြစ်ပေ၏။

ထို ပစ္စုပ္ပန်သဘော ရုပ်နာမ်တို့ကို အနုတ္တ ဝိပဿနာ ဉာဏ်မျက်စိနှင့် သဘာဝကို ဝေဘန် သိမ်းဆည်းလျှင် ကံသဘောခေါ် ရေသောက်မြစ် သဘောပင် ဖြစ်ပေ၏။

ဤသို့အားဖြင့် ပစ္စုပ္ပန် ရုပ်နာမ် သဘော တရားတို့ကို သဘာဝ ၃-မျိုး ခွဲခြား၍ အနတ္တ ဝိပဿနာ ဉာဏ်ဖြင့် အသိဉာဏ် ပိုင်အောင် ယောဂီပုဂ္ဂိုလ်တို့သည် ဝေဘန်သိမ်း ဆည်း နိုင်စေရမည်။

မှတ်ချက်။ ပစ္စုပ္ပန်သဘောနှင့် ပစ္စုပ္ပန် ရုပ်နာမ်သဘာဝ ၂-မျိုးနေပုံကို အသိဉာဏ် ပိုင်အောင် ဝေဘန် ရမည်၊ ဤပုံစံ နံပါတ် ၄ သည်ကား ကာလ ၃-ပါး အတွင်း၌ ဖြစ်သော ရုပ်သဘော နာမ် သဘောတို့ကိုသာဘော်ပြထားသေး၏၊ကာလ ၃-ပါး သဘော တရား သက်သက် တို့သည် ကြွင်းကျန် နေသေး၏၊ ဤ ကြွင်းကျန်သော သဘောတို့ကို အထက်ပိုင်းတွင် ထင်ရှားပေ လိမ့်မည်။

ဤသို့အားဖြင့် သန္တတိ ရုပ်နာမ် သဘောတရား တို့၏ နေပုံနှင့်တကွ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခ ဏာ ဝေဘန်သိမ်းဆည်းပုံတို့ကို သိသာရုံ အမြွက်မျှ ပြဆို အပ်ပေ၏။

အကျယ်မှာ အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်တွင် ထင် ရှားပါလိမ့်မည်။

ပုံစံ နံပါတ် (၄) အဖွင့်ပြီး၏။

အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်၏ အခြေခံခေါ်

ပုံစံ (၅) အနတ္တ ဝိပဿနာ အဖွင့်ကျမ်း



ဤသို့လျှင် ပုံစံနံပါတ် ၄-အရ သညာသိနှင့် ဝိညာဏ်သိ ၂-ပါးတို့၏ သန္တတိဆက်စပ်ပုံ အစဉ်ကို သဘာဝနှင့် တကွ ဘော်ပြပြီး၍ ယောဂီ ပုဂ္ဂိုလ်တို့ ဝေဘန် သိမ်းဆည်းနိုင်ကြပေပြီ။

ယခုတဖန် ပုံစံနံပါတ် ၅-အရ သညာသိ နှင့် ဝိညာဏ်သိခေါ် သန္တတိ ဆက်စပ်ပုံ အစဉ်ကို ဖြတ်တောက်ရန် လုပ်ငန်းစဉ်ကို ဝေဘန်၍ ပြပေအံ့။

ဤပုံစံ နံပါတ် ၅-သည်ကား အကြောင်းတရား ၄-ပါးတို့တွင် ကံတည်းဟူသော အကြောင်း တရား၏ သုညတသဘောကို ဘော်ပြသော ပုံစံဖြစ်ပေ၏၊ ပစ္စုပ္ပန် ၃-မျိုးတို့တွင်လည်း ဤပုံစံသည်ကား သန္တတိ ပစ္စုပ္ပန် သဘောကို သဘာဝနည်းအရ ဘော်ပြထားသော ပုံစံ ဖြစ်ပေ၏။

ကံဟူသော အကြောင်းတရား၏ နေပုံကို ယောဂီပုဂ္ဂိုလ်များ ဝေဘန်နိုင်ကြစေရန် ဘော်ပြပေအံ့။

အချို့သော ပုဂ္ဂိုလ်တို့က ကံဆိုသည်မှာ ကမ္မသဒ္ဒါက လာသောကြောင့် ပြုလုပ်ခြင်းသဘောကို (ကံ) ဟူ၍ ယူရမည်ဟု မိန့်ဆိုကြလေသည်။

ဤမိန့်ဆိုချက်သည်ကား ပညတ်သဘောအရ ကံနေပုံကို သာမန် ဝေဘန်၍ မိန့်ဆိုခြင်းပင် ဖြစ်၏၊အနုတ္တာ ဝိပဿနာ ဉာဏ်မျက်စိနှင့် ဝေဘန်ဆင်ခြင်သော် ကံဟူသောအကြောင်း သဘော၏ နေပုံမှာ အလွန်သိမ်မွေ့လှ၏၊ ဥဒယဗ္ဗယ ဉာဏ်

မျက်စိပေါက်သော ယောဂီတို့မှ သာလျှင် သဘာဝကို မြင် နိုင်ရာ၏။

ထို ကဲ့ သဘောကို မြင်အောင် သိမ်းဆည်းရန်မှာကား ရှေးဦးစွာ ယောဂီ ပုဂ္ဂိုလ်သည် သန္တတိ ပစ္စုပ္ပန် သဘော ကို မြင်အောင် သိမ်းဆည်းနိုင်စေရမည်။

အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့် ကာလ ၃-ပါး ရှိ ရာ အတိတ် သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့သည် ပစ္စုပ္ပန် သဘောမှ ပေါ်ထွက်လာကြသော သဘောများ ဖြစ်ကြသည်၊ ထို အတိတ် အနာဂတ် ၂-ပါး ထွက်ပေါ်နိုင် သော ပစ္စုပ္ပန် သဘောကို သန္တတိ ပစ္စုပ္ပန် ဟူ၍ ခေါ် သည်။

သညာသိနှင့် ဝိညာဏ်သိ ၂-ပါးတို့ကို အောက်ကဏ္ဍ တွင် ပြခဲ့သော အဒ္ဓါန-ပစ္စုပ္ပန် သဘောနှင့် ဝေဘန်လျှင် သညာသိမှ ဝိညာဏ်သိ ဖြစ်ပေါ်လာခြင်း အတိတ်နှင့် အနာ ဂတ် ၂-ပါးတို့မှ ပစ္စုပ္ပန် သဘော ပေါ်ထွက်လာခြင်း ဖြစ်ပေ၏။

သန္တတိ ပစ္စုပ္ပန် သဘောမှာကား ပစ္စုပ္ပန် သဘော မှ အတိတ် အနာဂတ် ၂-ပါးတို့ ထွက်ပေါ်လာကြလေသည်၊ ဤနည်းအတူ မနောဝိညာဏ်သိ သဘောမှ သညာသိ သဘော ထွက်ပေါ်လာလေသည်။

ထို ထွက်ပေါ်လာပုံကို သဘာဝ ဉာဏ်အမြင် ပေါက်မှ ကံ့ ဟူသော အကြောင်း တရားကို ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်၌ သိမ်းဆည်းနိုင်ပေမည်။

ထို့ကြောင့် အတိတ် အနာဂတ် ဟူသော သဘော တရား ၂-ပါး တို့သည် ပစ္စုပ္ပန် သဘော တရားမှ ထွက်ပေါ် လာကြသော သဘောများ ဖြစ်သောကြောင့် အတိတ် သဘောနှင့် အနာဂတ် သဘောသည် သညာသိ မည်၏။

ပစ္စုပ္ပန် သဘောတရားသည် ဝိညာဏ်သိ မည်၏၊ ဤသို့ သညာသိနှင့် ဝိညာဏ်သိ ၂-ပါးတို့၏ သဘာဝ နေပုံကို ရှေ့ဦးစွာ ဉာဏ်အမြင် ပေါက်အောင် သိမ်းဆည်းပါ။

ကံ့ သဘောကို ဝေဘန်သော် အကျဉ်းအားဖြင့် ကံ-ဟူသော အကြောင်း တရားသည် ၂-မျိုး ရှိ၏။

၁။ ဟေတု ခေါ် အကြောင်းကံ၊

၂။ ပစ္စယ ခေါ် အကြောင်းကံ၊

၂-မျိုးရှိရာ ပစ္စုပ္ပန် သဘော တရားသည် ဟေတု ကံ့ မည်၏။

ပစ္စယခေါ် အကြောင်း ကံ့သည်ကား အတိတ်သဘော နှင့် အနာဂတ် သဘော ၂-ပါးတို့ကို ဆိုလို၏၊ ဟေတုခေါ်

အကြောင်းကံ သဘောကိုသာ ဝေဘန် သိမ်းဆည်းပြဦး မည်။

ပစ္စုပ္ပန် သဘောဆိုသည်မှာ မျက်မှောက် ဖြစ်ပေါ်သော သဘောတရားပင်တည်း၊ မျက်မှောက်အရ ဝေဘန်ပြန်သော် ရှေးရှု ဖြစ်ပေါ်ကြသော သဘောတရားကို ဆိုလို၏။

## ရှေးရှု ဖြစ်ပေါ်ကြပုံမှာ

မြင်မှုခေါ် သဘောတရား တခုကို အဘိဓမ္မာနည်းနှင့် ဝေဘန်ဆင်ခြင်သော် စက္ခုခေါ် အကြည်သဘော, ရူပါရုံခေါ် အဆင်းသဘော, စက္ခု ဝိညာဏ်ခေါ် သညာသိ သဘော, မနော ဝိညာဏ် ခေါ် ပညတ်သိ သဘော ဤ သဘာဝ ၄-ပါး ပေါင်းဆုံကြခြင်းကို မြင်မှုဟူ၍ ခေါ် သည်။

ဤသို့အားဖြင့် သဘာဝ ၄-ပါးတို့သည် တိုက်တွန်းခြင်း ပယောဂ ဗျာပါရ မရှိကြဘဲနှင့် အကြောင်း ညီညွတ်မှု ဖြစ်ပေါ်လာကြပြီးလျှင် ပေါင်းဆုံကြခြင်း သဘောတရား သည် ရှေးရှု ဖြစ်ပေါ်ကြခြင်း မည်၏။

ထို ရှေးရှု ဖြစ်ပေါ်ခြင်းသည် ပစ္စုပ္ပန် မည်၏၊ ထို ပစ္စုပ္ပန် သဘောကို ကံ ဟူ၍ခေါ်သည်။

ဆိုလိုရင်းမှာ ပေါင်းဆုံ ညီညွတ် ဖြစ်ပေါ်သော သဘောတရားကို ကံ ဟူ၍ ဆိုလိုသည်။

ဤနေရာ၌ကား အတိတ်သဘောနှင့် အနာဂတ် သဘော ၂-ပါးတို့သည် ပစ္စုပ္ပန် သဘော၌ ပေါင်းဆုံ ညီညွတ် ဖြစ်ပေါ်ကြခြင်းကို ကံ ဟူ၍ ခေါ်သည်၊ ကံ အရကို ပစ္စုပ္ပန် သဘောကို ကောက်ယူနိုင်လေသည်။

ဤပုံစံသည်ကား ကံ သဘောကို သုညတ ဆိုက်အောင် သိမ်းဆည်းသော ပုံစံ ဖြစ်သောကြောင့် ရှေ့ဦးစွာ ပစ္စုပ္ပန် သဘောတရားတွင် အတိတ် သဘောခေါ် သညာသိ သန္တတိ နေပုံကို ဝေဘန်ရမည်။

တခုသော ပုံစံသည်ကား အတိတ် သဘော သန္တတိ နေပုံကို ဘော်ပြထားသော ပုံစံဖြစ်ပေ၏၊ ထို ပုံစံ၏ အလည် စက်ဝိုင်းတွင် ဖြစ်, ဟူသော သဘောကို ထုတ်ဘော်ပြထား၏။

(ဖြစ်)သဘောအရ ဝေဘန်သော် ဖြစ်, သဘောသည် ၂-ပါး ရှိပြန်၏။

၁။ သညာ၏ ဖြစ်, သဘော၊

၂။ ဝိညာဏ်၏ ဖြစ်, သဘော၊

အားဖြင့် ၂-ပါး ရှိ၏။

သညာ၏ ဖြစ်, သဘော ဆိုသည်မှာ သညာသိ ဝိညာဏ်သိ ၂-ပါးတို့သည် အချင်းချင်း ဆက်စပ်လျက် ရှိနေကြရာ အတိတ် ဖြစ်သော သညာသိ သဘောတို့က ပစ္စုပ္ပန် ဖြစ်သော

ဝိညာဏ်သိ သဘောသည် မိမိတို့၏ သညာသိ သဘောတို့ကြောင့် ဖြစ်၏ဟု ပြောဆို ယူဆခြင်းသည် သညာသိ ဖြစ်သဘော မည်၏။

ဝိညာဏ်သိ ဖြစ်သဘော ဆိုသည်မှာ ပစ္စုပ္ပန် သဘောဖြစ်သော မနော ဝိညာဏ်သိ သဘောက အတိတ် ဖြစ်သော သညာသိ သဘောသည် မနော ဝိညာဏ် သဘော တရားကြောင့်သာ ဖြစ်ပေါ် နေနိုင်သောကြောင့် ပစ္စုပ္ပန် မနော ဝိညာဏ်သိသည် ဖြစ်သဘော မည်၏။

ဤသို့အားဖြင့် အတိတ်နှင့် ပစ္စုပ္ပန် သညာသိနှင့် ဝိညာဏ်သိ ၂-ပါးတို့သည် အပြန် အလှန် ဖြစ် သဘော လုပ်နေကြ ရာယောဂီပုဂ္ဂိုလ်တို့က ဖြစ်သဘော အစစ်အမှန်ကို တွေ့အောင် လက်တွေ့နည်းနှင့်မည်ကဲ့သို့ရှာဖွေကြမည်နည်း။

မြတ်စွာဘုရား သခင်သည် ယောဂီ ပုဂ္ဂိုလ်များအတွက် လက်တွေ့နည်းနှင့် ရှာဖွေနိုင်ရန် အဗျာပါဒ အနုတ္တပမ္မ ကို ထုတ်ဘော်၍ ဟောကြား ဆုံးမတော်မူသည်။

ပုံစံ၌ ဘော်ပြထားသော အတိတ်သဘော သန္တတိ ရုပ်နာမ်သဘောအရကို ယခု ဘော်ပြ လိုက်သော သညာသိ သဘောကို ကောက်ယူရမည်။

ဝိညာဏ်မြင် အကြောင်း တရား ဆိုသည်မှာလည်း အတိတ် သဘောဖြစ်သော သညာသိ သဘော တရားကို တကယ့် အကြောင်းတရားဟု ယူခြင်းပင် ဖြစ်ပေသည်။

ရတနာသိရိ ၅-၈

အဘယ်ကြောင့် ဆိုသော် အတိတ်ဖြစ်သော သညာသိက ပစ္စုပ္ပန်ဖြစ်သော မနောဝိညာဏ် သိကြီးကို ဖြစ်နိုင်သည်ဟု ပြောဆိုနေခြင်းသည် သဘာဝကို မမြင်ကြသော အန္ဓပုဂ္ဂိုလ်တို့၏ စွဲယူသော အသိမျိုး ဖြစ်သောကြောင့် ဤအစွဲအယူမျိုးကို ဝိညာဏ်မြင် အစွဲအယူမျိုး ဟူ၍၎င်း၊ ဝါ၊ အန္ဓပုဂ္ဂိုလ်တို့၏ အစွဲအယူမျိုး ဟူ၍ရင်း ခေါ်ဆိုနိုင်လေသည်။

သညာသိ သဘောက ဝိညာဏ်သိ သဘောကြီးကို ဖြစ်နိုင်သည်ဟု ပြောဆို ယူဆကြသော (ဖြစ်) သဘောမျိုးသည် လှည့်ပတ်သောဖြစ်သဘောသာဖြစ်၏၊ အစစ်အမှန် ဖြစ်သဘော မဟုတ်နိုင်ပေ၊ အဘယ်ကြောင့် ဆိုသော် သညာသိနှင့် ဝိညာဏ်သိ သဘောကို ဝေဘန်လျှင် သညာသိသဘောကား အမှတ်ပြု ရုံမျှသာ ဖြစ်၏၊ အသိသဘော မဆိုက်ရောက်နိုင်ပေ။

ဝိညာဏ်သိ မှသာလျှင် အာရုံ၏ သဘောကို (ဝါ) ယောကျာ်း, မိန်းမဟု ခေါ်ဝေါ်သော ပညတ်သဘောကို အပိုင်စွဲယူ၍ သိနိုင်လေသည်။

ထို့ကြောင့် သဘာဝကို ဝေဘန်လျှင် သညာသိသဘောကလေးကား ဝိညာဏ်သိ သဘောကြီးမှ ထွက်ပေါ်နေသော အရောင် သဘောကလေး မျှသာ ဖြစ်၍ အဘယ်မှာလျှင် ဝိညာဏ်သိကြီးကို ၎င်းက ဖြစ်နိုင်ပါမည်နည်း။

အဘိဓမ္မာ နည်းနှင့် ဝေဘန် သိမ်းဆည်း ဆင်ခြင်သော် သညာသိကား ငါးပါးသော ပဉ္စဝိညာဏ်သိ သဘောမည်၏၊ ဝိညာဏ်သိကား နှလုံးအိမ်မှ ထွက်ပေါ် လာသော မနော ဝိညာဏ်သိ ဖြစ်၍ ဒီဂရီ ပါဝါအားချင်း အလွန်ကွာခြားလျက် ရှိနေလေသည်။

ပါဝါအား သေးငယ်သော သဘောက ပါဝါအား ကြီးသော သဘောကို ဖြစ်နိုင်ဟု ပြောဆိုခြင်းသည် အဘယ်မှာလျှင် သဘာဝ ဆိုက်ရောက်နိုင်ပါမည်နည်း။

မြတ်စွာဘုရား သခင်က "အဗျာပါရဋ္ဌေနအနတ္တာ" ဟု ဟောကြားတော်မူခြင်းအရ အနက်ကို ဝေဘန်လျှင် အဗျာပါရဋ္ဌေန ဖြစ်နိုင်ဖွယ်သော သဘာဝ အနက်သဘော မရှိခြင်းကြောင့် အနတ္တာ အနတ္တ မည်၏၊ (ဝါ) အချည်းနှီးသော သဘောမည်၏။

ဤသို့ ဖြစ်နိုင်သော သဘောတရားအရ ဝေဘန် ကြည့်သော် သညာသိ သဘောတရားသည် ပါဝါအား အလွန်သေး၏၊ အာရုံကို အမှတ်ပြုရုံမျှသာ ဖြစ်၏၊ ဝိညာဏ်သိကား ပါဝါအား အလွန်ကြီး၏၊ အာရုံကို အပိုင် ဆွဲယူနိုင်၏၊ အားအလွန်သေးငယ်သော သဘောက အားအလွန်ကြီးသော သဘောကို ဖြစ်နိုင်ခြင်း အလျဉ်း မရှိသောကြောင့် အဗျာပါရဟု ဆိုလိုသည်။

နောက်ဆုံး အချုပ် ပညာသဘောနှင့် ဝေဘန်ကြည့်လျှင် ဖြစ်နိုင်သည် ဟူသော သဘောသည် အစစ်အမှန် သဘော မဟုတ်ခဲ့သော် ၎င်းကို အချည်းနှီး သဘောဟူ၍သာ ဆုံးဖြတ်ရန် ဦးခေါင်းကျလျက် ရှိနေလေသည်။

ထို့ကြောင့် (ဖြစ်) ဟူ၍ ပုံစံ အလယ်စက်ဝိုင်းတွင် ပြထားသော သညာသိခေါ် အတိတ်သဘောသည် အနတ္တဝိပဿနာ ခုံရုံးတော်ကြီး၌ ၎င်း၏ သဘောကို စစ်ဆေးသော် အစစ်အမှန် ဖြစ်သဘော မဟုတ်ကြောင်း ထင်ရှားလှသည့်အပြင် နောက်ဆုံး၌ လှည့်ပတ်သော သဘောတရားသို့ ဒိဂရီ ချမှတ်ရန်သာ ဖြစ်ပေ၏။

ဤသို့အားဖြင့် အစစ်အမှန် မဟုတ်သော (ဖြစ်) သဘောကို ယောဂီပုဂ္ဂိုလ်တို့ ဝေဘန် သုံးသပ်နိုင် အလွန်အရေးကြီးလေသည်။

သင်္ခတ လောကကြီး တခုလုံးသည် ဖြစ်သဘောသာ ရှိ၏၊ ပျက်သဘော ရှိ၏ဟု ငါတို့သည် ရှေးအခါက ဤကဲ့သို့ ဖြစ်သဘော ပျက်သဘော တို့ကို တကယ်ဖြစ် တကယ်ပျက် ထင်မှတ်ပြီးလျှင် နှလုံးသွင်း အားထုတ် ခဲ့ဘူးလေသည်၊ ဤမျှသွင် မကသေး၊ ဤ ဖြစ်-ပျက် သဘောအတွေ့မျိုးကို အဟုတ်ကြီး ထင်မှတ်ပြီးလျှင် မိမိကိုယ်ကို စူဠသောတာပန် ဖြစ်ပြီဟု ဝေဘန် ဆုံးဖြတ်ခဲ့ဘူးလေရာ ယခုအခါ အနတ္တ ဝိပဿနာ ခုံရုံးတော်ကို တင်၍ ဆင်ခြင်

ကြည့်သော် သညာလည့်ခေါ် ဖြစ်ပျက်မျိုးတွင် သောင်တင်နေ၍ ဝိညာဏ်သိ ဖြစ်ပျက်မျိုးပင် မရောက်သေးပါတကား၊ ပညတ်သိ သဘောမျှသာ ရှိပါသေးတကားဟု မိမိကိုယ်ကို အထင်ကြီးနေခြင်းမှ ရှုံ့ချ ကဲ့ရဲ့ မောင်းထုတ်နိုင်လေသည်၊ ဤကား ယောဂီပုဂ္ဂိုလ်များ သတိပြုရန်ပင် ဖြစ်၏။

လုပ်ငန်းစဉ် အစစ်အမှန်မှာကား သညာသိ ဖြစ်ပျက်မှ ဝိညာဏ်သိ ဖြစ်ပျက်ကို တွေ့အောင် ရှာဖွေရမည်၊ ဝိညာဏ်သိ ဖြစ်ပျက်ကို တွေ့သော် ၎င်းကို နှုတ်သိမ်း နိုင်အောင် ဝေဘန် သိမ်းဆည်းစေရမည်၊ ဝိညာဏ်သိ ဖြစ်ပျက် မျိုးကို သဘာဝ ဉာဏ်မြင်၍ ဝေဘန် သိမ်းဆည်းနိုင်လျှင် တရားခံအစစ် ကျဆုံးပြီ ဖြစ်သောကြောင့် မိမိ၏ ဝိပဿနာ ဉာဏ်သည် စူဠ သောတာပန် ဒီဂရီ စခန်းတွင် ဆိုက်ရောက်နေပြီဟုမှတ်။

မနော ဝိညာဏ်သိ ဖြစ်–ပျက်မျိုး ဆိုသည်မှာ ပဉ္စဒွါရ အာရုံ အရိပ်မှ အတိတ် သဘောနှင့် အနာဂတ် သဘော ၂–ချက်တို့ ပေါ်ထွက်နေပုံကို အသိဉာဏ် ပိုင်အောင် ဝေဘန်သုံးသပ်ရမည်။

ဖြစ်ဟူသော သဘော တရားသည် ပဉ္စဒွါရ မနောဝိညာဏ် ရိပ်မှ ထွက်ပေါ်နေသော အတိတ် သဘော သညာသိပင် ဖြစ်သည်၊၎င်း သညာသိဖြစ်သဘောကို ပုံစံ၌ ဖော်ပြသည့်အတိုင်း သံသရာ၏ လက်ျာစွန်း ဖြည့်၏။

ပျက်, ဟူသော သဘော တရားသည်လည်း ပစ္စုပ္ပန် မနော ဝိညာဏ်ရိပ်မှ ထွက်ပေါ်နေသော အနာဂတ် သဘော သညာသိပင် မည်၏၊ ၎င်း ပျက် သဘောသည် သံသရာ၏ လက်ခဲ့စွန်း မည်၏။

၎င်း ဖြစ်-ပျက် ၂-ပါးတို့ကို ဝေဘန်လျှင် ဖြစ်,သဘော သည် ဝိညာဏ်မြင် အကြောင်း တရား မည်၏၊ပျက် သဘော သည်ကား ဝိညာဏ်မြင် အကျိုးတရား မည်၏။

ထို အကြောင်း အကျိုး သဘောတရား အလုံးစုံတို့သည် ပစ္စုပ္ပန် ဖြစ်သော မနော ဝိညာဏ်မှ ပေါ်ထွက် နေကြသော သဘော တရားများ ဖြစ်ကြသောကြောင့် ယောဂီ ပုဂ္ဂိုလ်တို့ သည် လုပ်ငန်းစဉ် အရ ဝေဘန် ဆင်ခြင်လျှင် ပစ္စုပ္ပန် သဘောကိုသာ လက်ခဲ လကျာ မထွက်နိုင်အောင် သိမ်း ဆည်းရန်ပင် ဖြစ်ပေ၏။

ဤ၌ လှည့်ပတ်ခြင်း သဘောနှင့် ကောက်ကျစ်ခြင်း သဘော အားဖြင့် ၂-ပါး ရှိရာ လှည့်ပတ်ခြင်း သဘောကို မာယာ ဟူ၍ ခေါ်သည်၊ ကောက်ကျစ်ခြင်း သဘောကို သာဌေယျ ဟူ၍ ခေါ်သည်၊ ထို မာယာ သာဌေယျ သဘောတရား ၂-ပါး ကိန်းဝပ်သော ပုဂ္ဂိုလ်ကို ပုထုဇဉ် ပုဂ္ဂိုလ်ဟု ခေါ်သည်၊ ထို ၂-ပါးမှ လွတ်သော ပုဂ္ဂိုလ်အား အရိယာ ပုဂ္ဂိုလ် ဟူ၍ ခေါ်သည်။

ထို သဘော တရား ၂-ပါးတို့ကို လက်တွေ့ ဝေဘန်ဆင်ခြင်လျှင် အတိတ် သဘောခေါ် သံသရာ၏ လက်ျာစွန်းသည် လှည့်ပတ်ခြင်း သဘောမည်၏၊ ထို လက်ျာစွန်း၌ အဝိဇ္ဇာ သဘော တရားသည် ပြဋ္ဌာန်းလျက် ရေသောက်မြစ် အနေနှင့် တည်ရှိနေလေသည်။

ကောက်ကျစ် စင်းလဲခြင်းခေါ် အနာဂတ် သဘောတရားသည် သံသရာ၏ လက်ဝဲစွန်း မည်၏၊ထို လက်ဝဲစွန်း၌ တဏှာ သဘော တရားသည် ပြဋ္ဌာန်းလျက် အခြေခံ ရေသောက်မြစ် အနေနှင့် တည်ရှိလေသည်။

ပုထုဇဉ်တို့၏ သဘောနေပုံကို ဒေသနာတော်၌ ထုတ်ဘော်၍ ပြဆိုထားသည်မှာ အယုတ်တရား ၂-ပါးပင် ဖြစ်ပေ၏။

၁။ မိမိ ကိုယ်ကို ချီးမြှောက်ခြင်း ဟူသော၊ အတ္တုက္ကံသန သဘော။

၂။ သူတပါးအား ရှုံ့ချခြင်း ဟူသော ပရဝမ္ဘန သဘော။

ဤသို့အားဖြင့် ပုထုဇဉ်တို့၏ သဘော သဘာဝ ၂-ပါး နှင့် ပြည့်စုံလေသည်။

ဤ ပုထုဇဉ်တို့၏ သဘော ၂-ချက်တို့သည်လည်း လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်ခြင်း သဘောတရား ၂-ပါးမှ ထွက်ပေါ်နေသော သဘော တရားများ ဖြစ်ချေ၏။

ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တို့သည် ပစ္စုပ္ပန် ဖြစ်သော မနေ ဝိညာဏ်ကြီးကို သေအောင် သတ်နိုင်ရန် အလွန် အရေးကြီးသည်။

သေအောင်သတ် ဆိုသည်မှာလည်း အတိတ် သဘော ခေါ် လှည့်ပတ်ခြင်းနှင့် အနာဂတ် သဘော ခေါ် ကောက်ကျစ်ခြင်း လက်ဝဲ-လကျာ မထွက်နိုင်အောင် ဝေဘန် သိမ်းဆည်းခြင်းကို သေအောင်သတ်ဟု ဆိုလိုရင်း ဖြစ်သည်။

သံသရာ လည်သည်ဟု ဆိုခြင်းမှာလည်း ပစ္စုပ္ပန် သဘောဘရားမှ အတိတ် သဘော အနာဂတ် သဘော ၂-ပါးတို့ ထွက်ပေါ်နေခြင်းကို ဆိုလိုသည်။

ဝိပဿနာ တရားပြ ဆရာကြီးများ ကိုယ်တိုင် မိန့်မှာခဲ့ကြသည်မှာ ပစ္စုပ္ပန် သဘောကိုသာ မိအောင် ဘမ်းရမည်၊ အဟောင်းနှင့် အသစ်ကို မလိုက်ကြနှင့်ဟု အထူး ဆုံးမခဲ့ကြလေရာ ဤ ဆုံးမချက်ကို ဝေဘန် ဆင်ခြင်ကြည့်သော် ပစ္စုပ္ပန် သဘောသည် ဝိပဿနာ လုပ်ငန်းစဉ်၌ အလွန် အရေးကြီးသော သဘော တရား ဖြစ်ကြောင်း ထင်ရှား လှပေ၏။

ထို့ကြောင့် ယောဂီ ပုဂ္ဂိုလ်တိုင်း အရေးတယူ လုပ်နေကြရသော ဖြစ်, သဘော ပျက်. သောဘ အစစ် အမှန်ကို လက်တွေ့ ဘမ်းယူနိုင်ရန် အလွန် အရေးကြီးလေသည်။

မနော ဝိညာဏ် ခေါ် ပစ္စုပ္ပန် သဘောမှ ထွက်ပေါ်နေသော ဖြစ်-ပျက် သဘော အမှန်ကို တွေ့အောင် ရှာဖွေနိုင်မှ လုပ်ငန်းစဉ် မဇ္ဈိမ ပဋိပဒါလမ်း ဆိုက်၍ သံသရာ အုံ့ဖြစ်ကြီးကို နှုတ်သိမ်းနိုင်မည်။

သညာသိ ဖြစ်-ပျက်မျိုး ဖြစ်နေလျှင် သစ်ပင်ကြီးတပင်ကို အကိုင်း အခက်ကို ချိုင်သည်နှင့် တူနေသဖြင့် အဘယ်မှာလျှင် သံသရာ အုံ့ဖြစ်ကို နှုတ်သိမ်းနိုင်ပါမည်နည်း။

ပစ္စုပ္ပန် သဘော ဖြစ်သော မနော ဝိညာဏ် ဖြစ်-ပျက်ကို နှုတ်သိမ်းရန် အတွက် မြတ်စွာဘုရား သခင်သည် အနိစ္စ ဒုက္ခ, အနတ္တ, ဟူသော ဉာဏ် ၃-ပါးကို ထုတ်ဘော်၍ ဟောကြားတော်မူသည်။

ထို အနိစ္စ, ဒုက္ခ, အနတ္တ, ဟူသော ဉာဏ် ၃-ပါးကို ယောဂီ ပုဂ္ဂိုလ်တို့ သဘာဝပေါက်ရန်လည်း အလွန်အရေးကြီး၏။

ပစ္စုပ္ပန် အာရုံ အရိပ်မှ ထွက်ပေါ်နေသော အတိတ်သဘောသည် အနိစ္စ ဉာဏ်၏ ကျက်စားရာ အာရုံသဘောမည်၏၊ ဤနည်းအတူ ပစ္စုပ္ပန် အာရုံ အရိပ်မှ ထွက်ပေါ်လာသော အနာဂတ် သဘောသည်လည်း အနတ္တ ဉာဏ်၏ ကျက်စားရာ အာရုံသဘော မည်၏။

အတိတ် အနာဂတ်မှ ကင်းသော ပစ္စုပ္ပန်သဘောတရားသက်သက်သည် ဒုက္ခဉာဏ်၏ ကျက်စားရာ အာရုံသဘောမည်၏။

ဤသို့အားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် သဘော တရား ၃-ပါးတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ ဉာဏ် ၃-ပါးတို့၏ နေပုံကို ရှေးဦးစွာ ဉာဏ်အမြင်ပေါက်အောင် ယောဂီပုဂ္ဂိုလ် များ သိမ်းဆည်း နိုင်စေရမည်။

အတိတ် အနာဂတ် ကင်းသော ပစ္စုပ္ပန် သဘောတရား သက်သက်ကို အနတ္တ ဝိပဿနာဉာဏ်နှင့် ဝေဘန်သိမ်းဆည်း နိုင်လျှင် ဖြစ်-ပျက် ဟူသော သဘောတရား အဘယ်မှာ လျှင် ရှိနိုင်ပါမည်နည်း။

ပျက်သဘော သက်သက်သာ ရှိနိုင်လေသည်။

ပျက်သဘော အရ ဝေဘန်ပြန်သော် အနာဂတ်သဘော ခေါ် ပျက်သဘော သည်ကား အစစ်အမှန် ပျက်သဘော မဟုတ်ပေ၊ ကောက်ကျစ်သော ပျက်သဘောသာ ဖြစ်၏၊ အဘယ်ကြောင့် ဆိုသော် အသစ် တဖန် ဖြစ်ပေါ်လိုသော ကြောင့် ပျက်သော အပျက်မျိုးဖြစ်၍ အဘယ်မှာလျှင် သံသ ရာ ပြတ်နိုင်ပါမည်နည်း။

**ဥပမာ။** "ထောင်ကို မြင်လို့ ရာကို စွန့်" ဆိုသော စကားကဲ့သို့ ဖြစ်သဘော ပေါ်ချင်လို့ ပျက်သော အပျက် မျိုး မည်၏၊ (ဥပမာ) လူသေ၏ ဆိုရာ၌ တကယ်သေ သွားသည် မဟုတ်၊ ရုပ်နာမ်အသစ် ဖြစ်လို၍ အဟောင်းကို စွန့်ခြင်းမျိုး ကဲ့သို့မှတ်ပါ၊ ပစ္စုပ္ပန် သဘော တရားသက် သက် အပျက်မှသာလျှင် အသစ် တဖန် မပေါ် နိုင်သော

ကြောင့် သံသရာ ပြတ်သောကြောင့် အစစ်အမှန် အပျက်မည်၏။

ထိုအပျက်ကို မြင်သော ယောဂီပုဂ္ဂိုလ်တို့သည် ပစ္စုပ္ပန်သဘော သက်သက်ကို မြင်သော ယောဂီပုဂ္ဂိုလ်များ ဖြစ်သောကြောင့် မိမိတို့၏ နှလုံးအိမ်၌ သံသရာ စက်ရဟတ်သည် မလည်ပတ်နိုင်ဘဲ ရှိတော့မည် တကား။

ပစ္စုပ္ပန် သဘော သက်သက် အပျက်သဘောကို မြင်စေလိုသောကြောင့် မြတ်စွာဘုရား သခင်သည် အောက်ပါအတိုင်း ဟောကြားတော်မူသည်။

> အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ၊
> ဝယဓမ္မံ ဝိရာဂ ဓမ္မံ နိရောဓ ဓမ္မံတိ။

ဤသို့စသည်ဖြင့် ဟောတော်မူရာ သဘာဝကို ဝေဘန်ဆင်ခြင်သော်–

၁။ ကုန်ခြင်း သဘောတရား၊
၂။ ပျက်ခြင်း သဘောတရား၊
၃။ ကင်းခြင်း သဘောတရား၊
၄။ ချုပ်ခြင်း သဘောတရား၊

အားဖြင့်သဘာဝ ၄–ပါး ထုတ်ဘော်ပြခဲ့ရာ ပစ္စုပ္ပန်သဘောကို ဤသဘာဝ ၄–ပါးနှင့် သိမ်းဆည်း ဝေဘန်လျှင် ပစ္စုပ္ပန်သဘော တရား သက်သက် ထွက်ပေါ်လာလိမ့်မည်။

## သိမ်းဆည်းရန်နည်းမှာ

ပစ္စုပ္ပန် ၃-မျိုးရှိရာ အဒ္ဓါန ပစ္စုပ္ပန်သည်ကား အတိတ် သဘောနှင့် အနာဂတ် သဘော သက်သက်တို့၏ ဆက်စပ်ခြင်းကို ခေါ်သည်။

လက်တွေ့နည်းနှင့် ဝေဘန်လျှင် သညာသိသဘောချင်း ဆက်စပ်ခြင်းပင် ဖြစ်၏။

သန္တတိ ပစ္စုပ္ပန်သည်ကား မျက်မှောက် ပစ္စုပ္ပန်မှ အတိတ် အနာဂတ် သဘောတို့၏ ထွက်ပေါ် ဆက်စပ်ခြင်းကို ခေါ်သည်၊ လက်တွေ့နည်းနှင့် ဝေဘန်လျှင် ဝိညာဏ်သိသဘောနှင့် သညာသိ သဘော ၂-ပါးတို့၏ ဆက်စပ်ခြင်းကို ခေါ်သည်။

ထို ဆက်စပ်ခြင်းမျိုးကို ယခုအခါ ယောဂီ ပုဂ္ဂိုလ်များ ရှုမှတ်နေကြသော ဖြစ်ပျက် မျိုးပင် ဖြစ်သည်။

ထိုဖြစ်ပျက် မျိုးသည်ကား သံသရာ ရပ်သော ဖြစ်ပျက် မျိုး မဟုတ်၊ သံသရာ လည်သော ဖြစ်-ပျက် မျိုးဟု ဆိုလိုသည်၊ မြင်အောင် သိမ်းဆည်းကြပါ။

ခဏ ပစ္စုပ္ပန် သည်ကား အတိတ် အနာဂတ် ၂-ပါးမှ ကင်းသော ပစ္စုပ္ပန် သဘောသက်သက်ကို ခေါ်သည်။

ထို ပစ္စုပ္ပန်သည်ကား ပျက် သဘောသာ ရှိ၏၊ ဖြစ် သဘော မရှိ၊ အဘိဓမ္မာနည်း၌ ထိုပစ္စုပ္ပန်မျိုးကို စိတ္တက္ခဏ

တချက် ခဏငယ် ၃-ချက် ထား၍ ဥပါဒ်, ဋ္ဌီ, ဘင် ဟူ၍ ပြ တော်မူ၏။

ဤ၌ ဥပါဒ်အရ ဖြစ်,သဘောဟု အနက် မပြန်သင့်ပေ၊ ပေါ်, သဘောကို ကောက်ယူရမည်၊ ပေါ်, သဘောအရ ဝေဘန်လျှင် သခ်တ လောကကြီးတွင် ပြုပြင်ခြင်း မကင်း သဖြင့် ဖြစ်ပေါ် ကြရသော်လည်း အမှန် ဖြစ်နိုင်သော သဘောတရား မရှိကြပေ၊ ပညာနှင့် ဆင်ခြင်လျှင် ပျက် သဘောသို့ ဦးခေါင်း ဆိုက်လိုသောကြောင့် ဖြစ်ပေါ်ကြ သော ပေါ်သဘောတရား အမှန်ဖြစ်၏။

ဤဘော်ပြချက်ကို ပညာမြင် ဥဒယဗ္ဗယ စခန်းသို့ အသိ ဉာဏ် ဆိုက်သော် ဝန်ခံနိုင်ကြပေလိမ့်မည်။

ထို့ကြောင့် အတိတ် အနာဂတ် ကင်းသော ပစ္စုပ္ပန် သဘောအရ ခဏ ထိုပစ္စုပ္ပန်ကို ကောက်ပါ၊ ခဏ ပစ္စုပ္ပန် ကို မြတ်စွာဘုရားက ကုန်ခြင်းသဘော, ပျက်ခြင်းသဘော, ကင်းခြင်းသဘော, ချုပ်ခြင်းသဘော ဟူ၍ သဘာဝ ၄- ပါးဖြင့် အပျက်သဘောသက်သက် အနိစ္စဉာဏ်ဖြင့် ဝေဘန် သိမ်းဆည်း၍ ဆုံးမတော် မူသည်။

ကုန်ခြင်း သဘောအရမှာ ပစ္စုပ္ပန် သဘော သက်သက်၌ အတိတ်သဘော သန္တတိ ဆက်စပ်ခြင်း၏ ကုန်ခြင်းကို ကောက်ပါ၊ ၎င်း သဘောသည် အနိစ္စဉာဏ်၏ ကျက်စားရာ အာရုံပင်တည်း။

ပျက်ခြင်း သဘောအရ ပစ္စုပ္ပန်သက်သက် သဘောသည် အတိတ်သဘောမှ ကင်းခြင်းကြောင့် ပျက်စီးခြင်းအမှန်ဖြစ်၏၊ ၎င်းသဘောသည် ဒုက္ခဉာဏ်၏ ကျက်စားရာအာရုံအစစ်မည်၏။

ကင်းခြင်း သဘောအရမှာ အနာဂတ် သဘောဟူသော တရားသည် ပစ္စုပ္ပန် သဘောတရား၏ ဆက်စပ်ခြင်း မရှိသောကြောင့် ကင်ခြင်းသဘော မည်၏၊ ထိုသဘောသည် အနတ္တဉာဏ်၏ ကျက်စားရာ သုဉ်းဆိတ်ခြင်းမည်၏။

ချုပ်ခြင်းဆိုသည်မှာ ထို ဖော်ပြခဲ့သော ကုန်, ပျက်, ကင်း ဟူသော သဘောတရား ၃-ချက်တို့သည် ချုပ်ခြင်း သဘော၌ နောက်ဆုံး ဦးခေါင်း ဆိုက်ရောက်ကြလေသည်၊ ၎င်း ချုပ်ခြင်း သဘောသည် ဂေါဇမ္ဗော မည်၏။

ထို့ကြောင့် ဓမ္မစကြာဒေသနာတော်၌ ''ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ''တိ ဟုမြတ်စွာဘုရား ဆုံးမတော်မူရာ အရှင်ကောဏ္ဍည မထေရ်မြတ်သည် ထို ချုပ်ခြင်း သဘောကို နှလုံးအိမ်၌ ဦးခေါင်း ကျသဖြင့် တထိုင်တည်းနှင့် သောတာပန် အဖြစ်ကို ရရှိတော်မူသည်။

ကြွင်းကျန်သော ရဟန်း ၄-ပါးတို့မှာကား ချုပ်ခြင်း သဘောကို ပညာမြင် မသိမ်းဆည်း နိုင်ကြသောကြောင့် တထိုင်တည်းနှင့် သောတာပန် မဖြစ်ဘဲ ကျန်ရစ်ခဲ့ကြရလေသည်။

ချုပ်ခြင်းသဘောကို အနတ္တဝိပဿနာ ဓမ္မစကြာ တရား မျက်စိနှင့် ဝေဘန်ဆင်ခြင်လျှင် ငြိမ်းအေးခြင်းခေါ် သန္တတိ သဘောပင်တည်း။

ဤဘော်ပြအပ်သော အနတ္တ ဝိပဿနာ စကား အစဉ် တို့သည် အလွန် သိမ်မွေ့လှပါသဖြင့် ယောဂီ ပုဂ္ဂိုလ်များ မဝေဘန် မသိမ်းဆည်း နိုင်ကြပါလျှင် ရန်ကုန်မြို့ ဓမ္မစကြာ တရားပြ မှော်ရုံကြီးသို့ ကြွရောက်၍ ဆွေးနွေးပါ၊ သို့မဟုတ် သင်တန်း နည်းယူပါ။

ဤအနတ္တ ဝိပဿနာ သင်တန်းနည်းသည် (၁၅) ရက် သင်တန်းနည်း ဖြစ်ပေ၏။

ထို သင်တန်းနည်းကို ယခုအခါ ကျမ်းပြု ဆရာတော် ကိုယ်တိုင် ဖွင့်ပြလျက် ရှိနေပါသောကြောင့် အနတ္တ ဂါတ် အစစ်အမှန်ကို သောက်မျိုလိုကြသော ပါရမီရှင်တို့ သည် ကြွရောက်တော် မူရန် အထူးသင့်လျော်လှပေ၏။

ပုံစံနံပါတ် (၅) အဖွင့်ပြီး၏။

အနတ္တလက္ခဏသုတ် လုပ်ငန်းစဉ်၏ အခြေခံပေါ်

ပုံ (၆) အနတ္တ ဝိပဿနာအဖွင့်ကျမ်း



ဤသို့လျှင် ပုံစံနံပါတ် ၅-အရ ပစ္စုပ္ပန် သဘောနှင့် အတိတ်အနာဂတ် သဘောတရားတို့၏ သန္တတိ ဆက်စပ်ပုံနှင့် သန္တတိ ဖြတ်တောက်ပုံတို့ကို အကျယ် ဝေဘန် ပြဆိုပြီး၍ ယခုတဖန် ပုံစံ နံပါတ် ၆-အရ ပစ္စုပ္ပန် မနောဝိညာဏ်၌ သစ္စာ ၄-ပါး ပေါ်ပုံ သံသရာ ထွက်လမ်း နေပုံတို့ကို ယောဂီ ပုဂ္ဂိုလ်များ ဝေဘန် နိုင်ကြစေရန် ဘော်ပြပေအံ့။

အနတ္တ ဝိပဿနာ အဖွင့်ကျမ်း အစတွင် အခြေခံထား၍ ပြဆိုခဲ့သော သဘာဝ ၄-မျိုးတို့သည် အနတ္တဓမ္မသို့ သဘာဝအားဖြင့် ဦးခေါင်း ဆိုက်ရောက်ကြလေရာ ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ တဖန်ထပ်၍ ဝေဘန် ဆင်ခြင်ရန်မှာ သဘာဝ ၄-မျိုး တို့သည် အနတ္တဓမ္မသို့ ဦးခေါင်းကျရောက်သော် တရားဦးခေါင်းသည် မည်သည့်သဘောသို့ ဆိုက်ရောက်သွားပါသနည်းဟု ဆင်ခြင်ရန် ရှိပေ၏။

သို့မှသာလျှင် လုပ်ငန်းစဉ်သည် မိမိတို့၏ နှလုံးအိမ်၌ အစ မပျောက်ဘဲ၊ "လမ်းဆုံးလျှင် ရွာတွေ့" ဟူသောစကားကဲ့သို့ နောက်ဆုံးတွင် မဂ်သဘောသို့ အသိဉာဏ် ဆိုက်ရောက်နိုင်ပေမည်။

သဘာဝ ၄-မျိုးတို့သည် အနတ္တဓမ္မသို့ ဦးခေါင်းဆိုက်ရောက်သော် ထိုမှတဖန် သစ္စာ ၄-ပါး သဘောတရားနှင့် တကွ သံသရာထွက်လမ်း ခေါ် မဇ္ဈိမပဋိပဒါ လမ်းကြောင်းထွက်ပေါ်လာပြန်လေသည်။

ရတနာသိရီ ၅-၉

ထွက်ပေါ်လာပုံကို ယောဂီပုဂ္ဂိုလ်များ ဉာဏ်အမြင်ပိုင်ရန် ဤပုံစံ ပါတ် ၆-ကို ထုတ်ဘော်၍ တရားဦးခေါင်း တက်စဉ်အတိုင်း ဘော်ပြထားခြင်း ဖြစ်ပေ၏။

သစ္စာ ၄-ပါးကို သာမန် ဝေဘန်သော် ဒုက္ခသစ္စာ ဆင်းရဲခြင်း သဘောအမှန်, သမုဒယသစ္စာ တပ်နှစ်သက်ခြင်း သဘော အမှန်, နိရောဓသစ္စာ ချုပ်ငြိမ်းခြင်းသဘော အမှန်, မဂ္ဂသစ္စာ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း သဘောအမှန်, ဤသို့အားဖြင့် သာမန် ဝေဘန်သိမ်းဆည်းကြလေသည်။

သဘာဝ လုပ်ငန်းစဉ်နှင့် ဝေဘန်လျှင်-

၁။ အဝိဇ္ဇာ ဒုက္ခသစ္စာ ပြုပြင်ခြင်း သဘော၊

၂။ တဏှာ သမုဒယသစ္စာ ဖြစ်သဘော၊

၃။ နိရောဓသစ္စာ မပြုပြင်ခြင်း သဘော၊

၄။ မဂ္ဂသစ္စာ မဖြစ်သဘော၊

ဤသို့ စသည်ဖြင့် ဝေဘန် သိမ်းဆည်းနိုင်လေသည်။

ဤဝေဘန် သိမ်းဆည်းသော နည်းသည်ကား မဇ္ဈိမပဋိပဒါလမ်းကို မြင်သော ယောဂီပုဂ္ဂိုလ်တို့မှသာလျှင် ဝန်ခံနိုင်ကြပေမည်။

မဇ္ဈိမပဋိပဒါ လမ်းဆိုသည်မှာလည်း သဘာဝ ၄-မျိုး အနတ္တဓမ္မသို့ ဦးခေါင်း ကျရောက်မှသာလျှင် ထွက်ပေါ်လာသော လမ်းကြီး ဖြစ်ပေသည်။

ထိုမဇ္ဈိမပဋိပဒါ လမ်းကို မြင်မှသာလျှင် သံသရာ ထွက်လမ်းကြီးကို မြင်နိုင်လေသည်။

ဓမ္မစကြာ ဒေသနာတော်ကြီး၌ မဇ္ဈိမ ပဋိပဒါလမ်းကို မဂ္ဂင် ၈-ပါးဖြင့် ထုတ်ဖော်၍ ပြတော်မူသည်၊ မဂ္ဂင် ၈-ပါးကို အကျယ် ဝေဘန် ဆင်ခြင်လျှင် သစ္စာ ၄-ပါး သဘောတရား ထွက်ပေါ် လာလေသည်။

အနုတ္တ ဝိပဿနာ လုပ်ငန်းစဉ်နှင့် ဝေဘန် ဆင်ခြင်လျှင် သစ္စာ ၄-ပါး သဘောတရား တို့သည် သဘာဝ ၄-မျိုး တို့၏ အနုတ္တဓမ္မမှ ထွက်ပေါ်လာလေသည်။

## ထွက်ပေါ်လာပုံမှာ

ဒုက္ခသစ္စာ သဘောတရားသည် ရူပါရုံ အနုတ္တဓမ္မမှ ထွက်ပေါ်လာသော သစ္စာဖြစ်ပေ၏၊ အဘယ်ကြောင့် ဆိုသော် သစ္စာ ၄-ပါးတို့တွင် ဒုက္ခသစ္စာသည် မူလအခြေခံ သစ္စာ ဖြစ်သောကြောင့် သဘာဝ ၄-မျိုး တို့တွင်လည်း ရူပါရုံသည် ကျန် ၃-ပါးသော သဘောတရားတို့၏ အခြေခံ အုတ်မြစ် ဖြစ်သောကြောင့် ဒုက္ခသစ္စာသဘောနှင့် သဘာဝ အခြေခံခြင်း တူကြသဖြင့် ရူပါရုံ သဘောမှ ဒုက္ခသစ္စာ သဘောတရား ထွက်ပေါ်လာသည်ဟု ဆိုလို၏။

သမုဒယသစ္စာ သဘော တရားသည် စက္ခုပသာဒ သဘောမှ ထွက်ပေါ်လာသော သဘောတရား ဖြစ်ပေ၏၊

အဘယ်ကြောင့် ဆိုသော် သမုဒယသစ္စာသည် ဒုက္ခသစ္စာ ဖြစ်ခြင်း၏ အကြောင်း သစ္စာ ဖြစ်သောကြောင့် စက္ခုပသာဒ သည်လည်း ရုပ်ရုံ သဘောတရား ဖြစ်ပေါ်ခြင်း၏ အခြေခံ သဘောဖြစ်သောကြောင့် သဘာဝချင်း တူကြသဖြင့် စက္ခုပသာဒ အနုတ္တဓမ္မမှ သမုဒယသစ္စာ ထွက်ပေါ်လာသည်ဟု ဆိုလို၏။

စက္ခုဝိညာဏ် သဘောတရား အနုတ္တဓမ္မမှလည်း မဂ္ဂသစ္စာ သဘောတရား ထွက်ပေါ် လာလေသည်၊ အဘယ်ကြောင့် ဆိုသော် စက္ခုဝိညာဏ်သဘောသည်ကား မနောဝိညာဏ်ကြီးဖြစ်ပေါ်နိုင်ရန် ရှေးသွားပြုသောဝိညာဏ်ဖြစ်၍ ၎င်းသည် သင်္ခတ လောကကြီး၌ ရှေ့ဦးစွာ တရားခံမည်၏။

မဂ္ဂသစ္စာ သည်ကား ကိလေသာတို့ကို ပယ်သတ်သော သစ္စာ ဖြစ်သောကြောင့် စက္ခုဝိညာဏ်နှင့် မဂ္ဂသစ္စာတို့သည် (ပဟာယက-ပဟာတဗ္ဗ) အဖြစ်ဖြင့် သဘာဝ ကျရောက်နေကြသေးသည်၊ ထို့ကြောင့် စက္ခု ဝိညာဏ သဘောတရား အနုတ္တဓမ္မမှ မဂ္ဂသစ္စာ ထွက်ပေါ်လာသည်ဟု ဆိုလို၏။

နိရောဓ သစ္စာသည်ကား မနောဝိညာဏ်သဘောတရား အနုတ္တဓမ္မမှ ထွက်ပေါ် လာသော သစ္စာ ဖြစ်လေသည်၊ အဘယ်ကြောင့် ဆိုသော် နိရောဓသစ္စာဆိုသည်မှာ အလုံးစုံသော သင်္ခတ ဓမ္မတို့၏ ချုပ်ငြိမ်းခြင်း သဘောကို ခေါ်သောကြောင့် မနောဝိညာဏ်သည်လည်း အလုံးစုံ ဓမ္မ ၄-

ချက်တို့၏ အချုပ်အချာ သဘော တရားဖြစ်သောကြောင့် ဤ မနောဝိညာဏ်ကြီး ချုပ်ငြိမ်းသော် အလုံးစုံသော သဘောတရားတို့သည်လည်း ချုပ်ငြိမ်းခြင်းသို့ ဆိုက်ရောက် ကြရလေသည်။

ထို့ကြောင့် မနောဝိညာဏ်နှင့် နိရောဓ သစ္စာတို့သည် သင်္ခတနှင့် အသင်္ခတ (အား-အကြီးချင်း) သဘာဝ တူနေ သောကြောင့် မနောဝိညာဏ် သဘောတရား အနုတ္တရဓမ္မမှ နိရောဓသစ္စာ သဘောတရား ထွက်ပေါ် လာသည်ဟု ဝေ ဘန်နိုင်လေသည်။

ဤသဘာဝ ဝေဘန် သိမ်းဆည်းမှုသည် ငါတို့၏ အနုတ္တ ဝိပဿနာ ညာဏ်အမြင်ဖြင့် ဝေဘန်သိမ်းဆည်း၍ ပြခြင်း ဖြစ်ပေသည်၊ ဤဝေဘန်ချက်ကို နှစ်သက်၍ သဘောကျပါ က ယူဆနိုင်ပါသည်၊ မနှစ်သက်ပါသော် ငါတို့၏ ဝေဘန် ချက်ကို ဝေဘန်ချက်အတိုင်း ထားတော်မူကြပါ။

ထိုမှ တပါး သစ္စာ ၄-ပါးတို့၏ ပေါ်ထွက်လာပုံကို အနုတ္တ ဝိပဿနာညာဏ် မျက်စိနှင့် သဘာဝတို့ ဆင်ခြင်ပြန် လျှင် ပစ္စုပ္ပန် သက်သက်ခေါ် ပျက် သဘောမှ ပေါ်ထွက် လာလေသည်။

ထို ပျက် သဘော အစစ်အမှန်ကို သဘာဝ ဉာဏ်အမြင် ပေါက်သော ယောဂီပုဂ္ဂိုလ်တို့သည် မဇ္ဈိမ ပဋိပဒါ ခေါ် သံသရာထွက်လမ်းကြီးကို မြင်လိမ့်မည်။

## ပျက်သဘောမှ သစ္စာ ၄-ပါးထွက်ပေါ်ပုံ

ပျက်သဘောဆိုသည်မှာ အတိတ် အနာဂတ် အရိပ် ၂-ပါး ကင်းသော ပစ္စုပ္ပန် သဘော သက်သက်ကို ပျက်သဘောဟု ဆိုလို၏၊ ၎င်းပျက်သဘောသည် ကြောင်း-ကျိုး ၂-ပါးတို့တွင် အကျိုးတရား သက်သက် ဖြစ်ပေသည်။

အကျိုးတရားသည်လည်း ၂-မျိုးရှိ၏။

၁။ အကြောင်းပါသော အကျိုးတရား၊

၂။ အကြောင်းကင်းသော အကျိုးတရား၊

အားဖြင့် ၂-မျိုးရှိရာ အတိတ် အနာဂတ် ၂-ပါးတို့နှင့် ဆက်စပ်သော သန္တတိ ပစ္စုပ္ပန် အကျိုးတရား မျိုးသည် အကြောင်း မြုံနေသော အကျိုးတရား မည်၏။

အတိတ်-အနာဂတ် ၂-ပါးကင်းသော ခဏ ပစ္စုပ္ပန် သက်သက်သည် အကြောင်းကင်းသော အကျိုးတရား မည်၏။

ဤဘော်ပြထားသော ပစ္စုပ္ပန်ခေါ် အကျိုးတရားသည် ကား အကြောင်းကင်းသော အကျိုးတရားဖြစ်၍ ပျက်သဘော အစစ်သို့ ဦးခေါင်း ကျလေသည်။

ပုံစံ၏ အလည်စက်ဝိုင်းတွင် ပစ္စုပ္ပန် အကျိုးတရား မနော ဝိညာဏ်ဟူ၍ ဘော်ပြထားလေသည်၊ ထို ပစ္စုပ္ပန် အကျိုးတရား ပျက် သဘောမှ သစ္စာ ၄-ပါး ပေါ်ထွက်

လာကြပုံမှာ ပစ္စုပ္ပန် အာရုံအရိပ်တွင် အနုသယ အနေနှင့် အစဉ် ကိန်းနေသော အတိတ် သဘောခေါ် သန္တတိ အစွန်း ကလေးသည် ပြုပြင်ခြင်း သဘော တရား အမှန်ရှိသော ကြောင့် အဝိဇ္ဇာ ဒုက္ခ သစ္စာမည်၏။

ထို အဝိဇ္ဇာ ဒုက္ခ သစ္စာခေါ် ပြုပြင်ခြင်း သန္တတိ အစွန်း ကလေးကို ပစ္စုပ္ပန် သဘောမှ ဖြတ်တောက် လိုက်ခြင်းသည် မပြုပြင်ခြင်း သဘောသို့ ဆိုက်ရောက်သည် မည်၏၊ ထို မပြု ပြင်ခြင်း သဘောကို၊ နိရောဓ သစ္စာဟု ခေါ်သည်။

ဤနည်းအတူ ပစ္စုပ္ပန် အာရုံအရိပ်တွင် အနုသယ အနေ နှင့် အစဉ်ကိန်းနေသော အနာဂတ် သဘောခေါ် သန္တတိ အစွန်းကလေးသည်၊ (ဖြစ်)သဘော အမှန် ရှိသောကြောင့် တဏှာ သမုဒယ သစ္စာမည်၏။

ထို (ဖြစ်)သဘော သန္တတိ အစွန်းကလေးကို ပစ္စုပ္ပန် သဘောမှ ပယ်သတ်လိုက်သဖြင့် မဖြစ်, သဘောသို့ ဦး ခေါင်းကျသွားခြင်းသည် မဂ္ဂသစ္စာ မဖြစ်, သဘောမည်၏။

ပစ္စုပ္ပန် သဘော သက်သက် ကလေးသည်ကား မဇ္ဈိမ ပဋိပဒါခေါ် သံသရာ ထွက်လမ်းမည်၏၊ ဤသို့အားဖြင့် သစ္စာ လေးပါးတို့သည် ပစ္စုပ္ပန် သဘောမှ ပေါ်ထွက် လာပုံကို ယောဂီ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ပေါက်တော်မူကြ စေလို၏။

ဤဘော်ပြချက်သည်ကား မဇ္ဈိမပဋိပဒါလမ်းနှင့် လျော်သော သစ္စာလေးပါး ပေါ်ထွက် လာပုံသာ ဖြစ်သေး၏၊ မဂ်ပယ်စဉ် သစ္စာလေးပါး နေပုံလည်းရှိသေး၏၊ အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်၌ ထင်ရှားပါလိမ့်မည်။

ဤ ပုံစံ နံပါတ် ၆-သည်ကား၊ မဇ္ဈိမ ပဋိပဒါလမ်း ခေါ် ပျက် သဘော ပစ္စုပ္ပန် အကျိုးသက်သက်ကို လက်တွေ့ တရားခံအဖြစ် စွဲချက်တင်၍ မဂ်သဘောကို တွေ့အောင် ဝေဘန် သိမ်းဆည်းရမည့် ပုံစံ ဖြစ်လေသည်။

ထို့ကြောင့် ပစ္စုပ္ပန် အကျိုးတရားကို အလည်စက်ဝိုင်းတွင်ထား၍ အပြင် စက်ဝိုင်းတွင်ရှိသော သဘောတရား ၄-ပါးတို့ဖြင့် ဝေဘန်သိမ်းဆည်း ရဦးမည်။

သို့မှသာ "လမ်းဆုံးလျှင် ရွာကိုတွေ့" ဟူသော စကားကဲ့သို့ နောက်ဆုံးတွင် မဂ်သဘောသို့ ဦးခေါင်းသွင်းဆိုက်နိုင်ပေမည်။

သိမ်းဆည်းရန် သဘောတရား လေးပါးတို့ကား။

၁။ အဝိဇ္ဇာအရိပ်၊

၂။ တဏှာ-အရိပ်၊

၃။ ကံ-အရိပ်၊

၄။ အာဟာရ အရိပ်၊

ဤ ၄-ပါးတို့ပင် ဖြစ်ပေ၏၊ ထို ၄-ပါးတို့တွင် အဝိဇ္ဇာအရိပ်ကို သိမ်းဆည်းရမည်မှာ ပစ္စုပ္ပန် သဘော သက်သက်

ခေါ် ပျက်သဘောသည် သင်္ခတ–လောကကြီး၌ မည်သည့် သဘောကြောင့် ထွက်ပေါ်နေရသနည်းဟု ရှေးဦးစွာ ဝေဘန်ရမည်။

ပျက် သဘော ဆိုခါမျှနှင့် ကိစ္စ မပြီးစီးနိုင်သေးပေ၊ ထို ပျက် သဘောကိုပင် ထပ်မံ၍ စစ်ဆေးရမည်၊ သင်္ခတ လောကကြီး၌ ဤ ပျက် သဘောသည် အဘယ်ကြောင့် ထွက်ပေါ်လာသနည်း။

ဤကဲ့သို့ ဝေဘန် သိမ်းဆည်းမှ အသင်္ခတ သဘောကို တွေ့နိုင်မည်၊ ဆိုလိုရင်းမှာ သင်္ခတ လောကကြီးသည် ပျက် သဘော အနေနှင့်ဘဲ ရှိသည်ဖြစ်စေ၊ ဖြစ်, သဘော အနေနှင့်ဘဲ ရှိသည်ဖြစ်စေ၊ မည်သည့်နည်းနှင့်ဘဲ ရှိစေကာမူ သင်္ခတ လောကပင် ဖြစ်သေး၏၊ အသင်္ခတ သဘောသို့မဆိုက်ရောက်နိုင်သေးပေ။

အသင်္ခတ သဘောသို့ ဆိုက်ရောက်မှ လုပ်ငန်းစဉ် ပြီးသည်ဟုမှတ်၊ ယခုမှာကား ပျက်သဘော အနေနှင့် ရှိနေသေးသောကြောင့် သင်္ခတ လောက မချုပ်ငြိမ်း သေးပင် ဖြစ်၏။

သင်္ခတ လောက ချုပ်ငြိမ်းခြင်း သဘောကို အသင်္ခတဟု ဆိုသဖြင့် ပျက် သဘောကို အသင်္ခတ ဓမ္မသို့ရောက်အောင် ဝေဘန်သိမ်းဆည်းခြင်းပင် ဖြစ်ပေ၏။

ဤသို့အားဖြင့် ပစ္စုပ္ပန် ပျက်သဘောကို ထပ်မံ ဝေဘန် သိမ်းဆည်းသည်ရှိသော် ထို ပျက် သဘောသည် ဇာလိုလို

ဖြစ်ပေါ်ထွက်လာသည် မဟုတ်ပေ၊ အဝိဇ္ဇာတည်းဟူသော ရေသောက်မြစ်, တဏှာ ရေသောက်မြစ်, ကံ တည်းဟူသော ရေသောက်မြစ်, အာဟာရ တည်းဟူသော ရေသောက်မြစ်ခေါ် အရိပ်-နိမိတ် ၄-ချက် ကပ်လျက် ဖြစ်ပေါ်နေသော ပျက် သဘော ဖြစ်သောကြောင့် သင်္ခတ လောကကြီး ချုပ်ငြိမ်းရန်မှာ အရိပ်-နိမိတ် ၄-ချက် ချုပ်ငြိမ်းမှသာလျှင် ပျက် သဘော ခေါ် သင်္ခတ လောကကြီး အစစ်အမှန် ချုပ်ငြိမ်းမည် ဝေကန် အမှန်ဖြစ်ပေ၏။

ဆိုလိုရင်းမှာ ပျက် ဟူသော သဘောသည်၊ သင်္ခတ လောကကြီး၌ ပေါ်ထွက်လျက် ရှိနေခြင်းသည် အရိပ် နိမိတ် ၄-ချက်ကြောင့်ပင် ဖြစ်၍ ပျက်သဘောနှင့် အရိပ် နိမိတ် ၄-ချက် ဆက်စပ်နေပုံကို ရှေဦးစွာ ဝေဘန် သိမ်းဆည်းရမည်။

နောက်ဆုံးတွင် ပျက်သဘော ပျောက်သုဉ်းသော် အရိပ် နိမိတ် ၄-ချက် ကျန်လိမ့်မည်၊ ထို ကြွင်းကျန်သော အရိပ် နိမိတ် ၄-ချက်ကို ရှေ့ကဏ္ဍတွင် မဂ်သဘောနှင့် ပယ်သတ်လိမ့်မည်"

ဤ၌-ယောဂီပုဂ္ဂိုလ်များ သတိပြုရန်မှာ-

အဝိဇ္ဇာ သဘောနှင့် အဝိဇ္ဇာအရိပ် သဘော ၂-ပါးတို့၏ သဘာဝ ခြားနားပုံကိုလည်း ဉာဏ်အမြင် ပေါက်စေလိုသည်။

## ဉာဏ်အမြင်ပေါက်ရန်မှာ

အဝိဇ္ဇာသဘော ဆိုသည်မှာကား အာရမ္မဏိက သဘောပင်ဖြစ်၏၊ အဝိဇ္ဇာ အရိပ်ဆိုသည်မှာ အာရုံ သဘောခေါ် အဝိဇ္ဇာဖြစ်ခြင်း အကြောင်းကို ဆိုလို၏၊ ဤသို့အားဖြင့် သဘာဝ ခြားနားပုံကို ဝေဘန် သိမ်းဆည်း နိုင်စေရမည်။

ဤ၌-အာရမ္မဏိက သဘောအရ ဝေဘန် ပြန်သော် အဝိဇ္ဇာလျှင် အရင်းခံ ရေသောက်မြစ် ဖြစ်သော သဘောတရားကို ဆိုလိုသည်၊ ထိုသဘောတရားကို ခန္ဓာဖွဲ့လျှင် ဥပါဒါနက္ခန္ဓာ ဖွဲ့နိုင်သည်။

အဝိဇ္ဇာ၏ အာရုံသဘောကိုကား ခန္ဓာဖွဲ့လျှင် ပဉ္စက္ခန္ဓာ ဖွဲ့နိုင်သည်၊ အဘိဓမ္မာနည်းနှင့် ဝေဘန်လျှင် အဝိဇ္ဇာသဘောသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ "ပုဗ္ဗန္တာဒိ အဝိဇ္ဇာမူလံ" ဟု အဋ္ဌကထာ ဆရာ ဆိုသောကြောင့် သံသရာ၏ရှေ့ အစွန်း၌ အရင်းမူလ မည်၏၊ ထိုအရင်း မူလကို အဝိဇ္ဇာ သဘောဟု ဤနေရာ၌ ဆိုလိုရင်း ဖြစ်သည်။

ထိုအဝိဇ္ဇာ သည်လည်း အာရုံသဘောနှင့် ကင်း၍မဖြစ်နိုင်၊ အာရုံသဘောကား အဝိဇ္ဇာ ဆွဲကိုင်ရာ ဖြစ်သောကြောင့် အရိပ်မည်၏၊ ထိုအရိပ်ကို ဝေဘန်လျှင် "အာသဝ သမုဒယာ" ဟု ဟောတော်မူခြင်းကြောင့် အာသဝေါတရား ၄-ပါးတို့၏ ပေါင်းဆုံ ညီညွတ်ခြင်း သဘောပင် ဖြစ်သည်၊ ဤသဘောသည် အကြောင်းသဘောမည်၏။

ဤသို့အားဖြင့် ယောဂီပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာသဘော နှင့် အဝိဇ္ဇာအရိပ် သဘော ၂-ပါးတို့၏ ခြားနားပုံကို ဤကဏ္ဍ၌ ဉာဏ်အမြင် ပေါက်စေရမည်၊ ပုံစံ၌ ဘော်ပြထားသော သဘာဝကို ဆက်လက်၍ဘော်ပြဦးအံ့၊ ပျက်ဟူသော သဘာဝတရားနှင့် အဝိဇ္ဇာ အရိပ်၊ တဏှာရိပ်၊ ကံရိပ်၊ အာဟာရ အရိပ်တို့၏ ဆက်စပ်နေပုံကိုဝေဘန်ရမည်၊ ဤနေရာ၌ကား နိမိတ္တ သန္တတိဟု ပြဆိုထား သောကြောင့် အရိပ်နိမိတ် အဖြစ်ဖြင့် ဆက်စပ်ခြင်းကို ယူနိုင်သည်၊ နိမိတ္တ ဆိုသည်မှာ နိမိတ်ပင်ဖြစ်၏။

နိမိတ်အရ ဝေဘန်ပြန်သော် အကြောင်းတရားပင် ဖြစ်၏၊ အကြောင်းတရား ဆိုသည်မှာလည်း အာရုံသဘောပင် ဖြစ်၍ ပျက်ဟူသော သဘောတရား၏ ဆွဲကိုင်ရာ သဘောတရား ဖြစ်သောကြောင့် ထို ၄-ပါးသော နိမိတ်တို့သည် အကြောင်း သဘော အာရုံအရာ၌ တည်ရှိ ကြလေသည်။

ပျက် သဘောသည်ကား အရမ္မဏိက အရာ၌ ကျရောက် တည်ရှိလေသည်၊ သင်္ခတ လောကကြီး၌ မည်သည့်သဘော တရားမဆို ဖြစ်ပေါ်သောအခါ အလိုလို ဖြစ်ပေါ် လာနိုင် ကြသည် မဟုတ်၊ အာရုံဟူသော သဘောတရားကို ဆွဲကိုင် မှီခို၍ ဖြစ်ပေါ်လာကြရသောကြောင့် အာရုံသဘောသည် ပါဝါအား ဒီဂရီ အကြီးဆုံး မည်၏။

အာရုံနှင့် အာရမ္မဏိက ဆက်စပ်ပုံမှာ ပျက်သဘောသည် ကား အာရမ္မဏိက ဖြစ်၍ ခန္ဓာဖွဲ့သော် ဥပါဒါနက္ခန္ဓာ ဖွဲ့ရ

မည်၊ ထို ဥပါဒါနက္ခန္ဓာ သည် ပဥ္စက္ခန္ဓာမှ ထွက်ပေါ်လာသော ခန္ဓာဖြစ်သည်။

အာရုံခေါ် အရိပ် နိမိတ် ၄-ချက်တို့သည်ကား ပျက်သဘော၏ ဆွဲကိုင်ရာ ဖြစ်သောကြောင့် ခန္ဓာဖွဲ့လျှင် ပဥ္စက္ခန္ဓာ ဖွဲ့နိုင်လေသည်။

ဤသို့အားဖြင့်ဥပါဒါနက္ခန္ဓာ နှင့် ပဥ္စက္ခန္ဓာ ၂-ပါးတို့၏ အချင်းချင်း ဆက်စပ်နေခြင်းကို နိမိတ္တ သန္တတိဟုဆိုလို၏။

နိမိတ္တအရ အရိပ် နိမိတ် ၄-ချက်ကို ကောက်ပါ၊ သန္တတိအရ ပျက်သဘောကို ကောက်ပါ။

ဆိုလိုရင်းမှာ ပျက်သဘောသည် အရိပ် နိမိတ် ၄-ချက်မှ ထွက်ပေါ်လာသော သဘော ဖြစ်သောကြောင့် ဤ ပျက်သဘောသည် နိမိတ် ၄-ချက်တွင် အစဉ် ကိန်းဝပ်နေသော သန္တတိ သဘောပင် ဖြစ်သည်၊ ဤသန္တတိသည်ကား နောက်ဆုံးဖြတ် သန္တတိ မည်၏။

နောက်ဆုံးအရ ဝေဘန်လျှင် ဆက်စပ်သော သဘောတရားတို့တွင် ဤဆက်စပ်သော သဘောသည် သံသရာလောကကြီး၌ နောက်ဆုံး ဖြတ်ထွက်ရသော ဆက်စပ်ခြင်း ဖြစ်၍ တချက်ဖြတ် သန္တတိ ဟု ခေါ်သည်၊ ရှေးအဘို့တွင် သန္တတိဟူ၍ မရှိတော့ပြီ၊ဖြစ်ခြင်းငှါ ထိုက်သော အနုသယ သဘောများသာ ကြွင်းကျန်နိုင်သည်၊ ဤအနုသယ သဘောမျိုးကိုကား မဂ်ဉာဏ်ပင် ပယ်သတ် နိုင်လေသည်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့ အထူး မှတ်သားရန်မှာ ဤတချက်ဖြတ် သန္တတိမျိုးကို နိမိတ္တ သန္တတိဟု မှတ်၊ အာရုံနှင့် အာရမ္မဏိက အနေအားဖြင့် ဆက်စပ်ခြင်းမျှ ဖြစ်၏၊ ဩဇာ သိမ်မွေ့လှပါတကား။

အာရုံသဘောခေါ် အရိပ် နိမိတ် ၄-ချက်မှ အာရမ္မဏိက ခေါ် ပျက်သဘောသည် နောက်က ပြဆိုခဲ့သော ကုန်, ပျက်, ကင်း, ချုပ်အနေဖြင့် ဦးခေါင်း ကျရောက်သွားခြင်းကို ပျက်သဘော အစစ်ဟု ဆိုလိုသည်။

လက်တွေ့နည်းနှင့် ဝေဘန်လျှင် မည်သည့်သဘောတရားမဆို အာရုံ နိမိတ်နှင့် မကင်းသေးသမျှ ပျက် သဘော အစစ် အမှန်သို့ မရောက်နိုင်သေးပေ၊ ဖြစ်သဘောသာ ဖြစ်နိုင်၏၊ အာရုံ နိမိတ် ကင်းမှသာလျှင် ပျက်သဘော အစစ် အမှန်သို့ ဦးခေါင်း ဆိုက်ရောက်နိုင်လေသည်။

ထို့ကြောင့် ပျက်သဘော အစစ် ဖြစ်နိုင်ရန် သဘာဝ နည်းနှင့် ဝေဘန်လျှင် အရိပ် နိမိတ်ကို ချုပ်ငြိမ်းအောင် လုပ်ငန်းစဉ် ဖွင့်ရလိမ့်မည်၊ သို့မှသာ ပျက်သဘော အမှန်သို့ ဆိုက်မည်။

အရိပ် နိမိတ် မချုပ်ငြိမ်းခဲ့သော် အာရမ္မဏိက သဘော တရားသည် ပျက်သဘော အစစ် အမှန်သို့ ရောက်ပြီဟု မယူဆနိုင်ပေ၊ သို့ရာတွင် လုပ်ငန်းစဉ် အရ ဝေဘန်လျှင် အာရမ္မဏိက သဘောကို ရှေ့ဦးစွာ သိမ်းဆည်းရမည်၊ အာရမ္မဏိ

ကသော ချုပ်ငြိမ်းမှ အာရုံ သဘောလည်း ချုပ်ငြိမ်းနိုင် လိမ့်မည်။

**ဥပမာ**-အားကြီးသော သဘောနှင့် အားသေးသော သဘော ၂-ပါး တပေါင်းတည်း ရှိကြရာ သဘာဝ ဉာဏ် အမြင်နှင့် ဝေဘန်လျှင် အားကြီးသော သဘောကို ပယ် သတ်လိုက်က အားသေးသော သဘောလည်း ပါဝင် ငြိမ်း စီးနိုင်၏၊ သို့ရာတွင် လုပ်ငန်းစဉ်နှင့် ဝေဘန် သိမ်းဆည်း လျှင် အားသေးသော သဘောကို ရှေဦးစွာ ပယ်သတ်ရ မည်၊ အားသေးသော သဘောကို ပယ်သတ်နိုင်မှ အား ကြီးသော သဘောကို တဖန် ပယ်သတ်လို့ ရပေမည်။

ဤပုံစံသည်ကား ပျက်သဘောနှင့် အရိပ်သဘောနေပုံ ကိုသာ ဘော်ပြသော ပုံစံဖြစ်သည်၊ အရိပ် နိမိတ် ၄-ချက် ကို ပယ်သတ်ရန်မှာ ရှေ့ပုံစံတွင် ထင်ရှားပါလိမ့်မည်။

ယောဂီပုဂ္ဂိုလ်တို့သည် အာရုံနှင့် အာရမ္မဏိက သဘော ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ သဘော နောက်ဆုံး တချက် ဖြစ် သန္တတိ သဘောတို့ကို အသိဉာဏ် ပိုင်တော်မူကြ၍ အရိပ် နိမိတ် ၄-ချက်ကို ချုပ်ငြိမ်းနိုင်သော မဂ်စခန်းဝေါ် အထက်ပုံစံနံပါတ်(၇) သို့တက်လှမ်းနိုင်ကြပါစေသတည်း။

ပုံစံ နံပါတ် (၆) အဖွင့်ပြီး၏။

အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ်၏ အခြေခံခေါ်

ပုံစံ(၇) အနတ္တ ဝိပဿနာအဖွင့်ကျမ်း



ဤသို့လျှင် ပုံစံ နံပါတ် ၆-အရ နိမိတ္တ သန္တတိ နေပုံကို ဝေဘန် သိမ်းဆည်းပြပြီး၍ ယခုတဖန် အရိပ် နိမိတ် ၄-ချက်တို့ကို သောတာပတ္တိ မဂ်ဉာဏ် ဓါးဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်း ပယ်သတ်ပုံကို ဖော်ပြပေအံ့။

အရိပ် နိမိတ် ၄-ချက် ဆိုသည်မှာ ပုံစံတွင် ဖော်ပြထားသည့် အတိုင်း။

(၁) အဝိဇ္ဇာရိပ်၊ (၃) ကံရိပ်၊
(၂) တဏှာရိပ်၊ (၄) အာဟာရရိပ်၊

အားဖြင့် ၄-ပါး ရှိလေသည်။

ထို ၄-ပါးတို့တွင် အဝိဇ္ဇာရိပ် ဆိုသည်မှာ အတိတ် အကြောင်း ငါးပါးပင် ဖြစ်ပေ၏၊ အတိတ် အကြောင်း ၅-ပါးကို အဘိဓမ္မာနည်းတွင် ဖော်ပြထားသည်မှာ။

(၁) အဝိဇ္ဇာ၊ (၃) တဏှာ၊
(၂) သင်္ခါရ၊ (၄) ဥပါဒါန် (၅)ဘဝ၊

ဤသို့အားဖြင့် ငါးပါး ဖြစ်ပေ၏။

အနုတ္တ ဝိပဿနာ လုပ်ငန်းစဉ် အရ၊ ဝေဘန်သော် အဝိဇ္ဇာရိပ် အရ၊ နိစ္စ သာရ အရိပ် သဘောကို ကောက်ယူရမည်။

နိစ္စ သာရ ဆိုသည်မှာ မြဲ၏ဟု စွဲယူနေသော အစွဲ အယူပင် ဖြစ်ပေသည်၊ ထို အစွဲ အယူကို ဒိဋ္ဌိ သဘောနှင့် ဝေဘန် ဆင်ခြင်လျှင် သဿတ ဒိဋ္ဌိ အယူပင်ဖြစ်၏။

သော် ဒုက္ခသစ္စာသည် အလုံးစုံသော သစ္စာတို့၏ မူလ အခြေခံ ရောတည် အုဋ္ဌမြစ် သစ္စာ ဖြစ်သောကြောင့် မနော ဝိညာဏ်သည်လည်း ကျန် ၃-ပါးသော ဓမ္မတို့၏ မူလ အခြေခံ အုဋ္ဌမြစ် ဖြစ်လေသည်၊ ဤသို့ သဘာဝအားဖြင့် တူ ကြသောကြောင့် ဒုက္ခသစ္စာကို မနောဝိညာဏ် ဓမ္မ၌ သွင်း နိုင်လေသည်။

သမုဒယသစ္စာခေါ် သဘောတရားကိုလည်း ပဉ္စဝိညာဏ် သဘော၌ သွင်း၍ ဝေဘန်နိုင်လေသည်၊ အဘယ်ကြောင့် ဆိုသော် သမုဒယ သစ္စာသည် ဒုက္ခသစ္စာ ဖြစ်ပေါ်ခြင်း၏ အကြောင်းသစ္စာ ဖြစ်သောကြောင့် ပဉ္စဝိညာဏ် သဘော သည်လည်း မနောဝိညာဏ် ဖြစ်ပေါ်ခြင်း၏ ရှေ့သွား ဖြစ် သော သဘောဖြစ်သောကြောင့် သဘာဝ ခြင်း တူကြလေ ရကား သမုဒယ သစ္စာကို ပဉ္စဝိညာဏ်သဘော၌ သွင်းနိုင် သည်ဟု ဆိုလို၏။

ဤ နည်းအတူ နိရောဓသစ္စာ ကိုလည်း ရူပါရုံ ခေါ် အဆင်းသဘော၌ သွင်းနိုင်လေသည်၊ အဘယ်ကြောင့် ဆို သော် ဒုက္ခ၏ ချုပ်ငြိမ်းသော သဘောတရားကိုပင် နိရောဓ သစ္စာ ဟု ခေါ်ဆိုသောကြောင့် ပညာနှင့် ဝေဘန်လျှင် နိရောဓသစ္စာ သည် အရောင်သဘောမျှ ဖြစ်သော သစ္စာ မည်၏၊ အရောင်ဆိုသည်မှာလည်း သခ်တသဘော ဒုက္ခသစ္စာ ချုပ်ငြိမ်းသဖြင့် အသခ်တ သဘော ပေါ်ထွက်ခြင်းဖြစ်၏။

အဘိဓမ္မာ ဒေသနာတော်၌ ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ် စသော သဘော တရားတို့ကို အကျယ် ဝေဘန် ပြထားသော်လည်း သဘာဝအားဖြင့်သာ ဝေဘန်၍ ပြထားခြင်း ဖြစ်ပေ၏၊ လုပ်ငန်းစဉ်နှင့် မသက်ဆိုင်ပေ။

ဝိပဿနာ လုပ်ငန်းစဉ် အတွက်မှာကား ဤ ဓမ္မ ၄–ချက်သည် အလွန် အရေးပါ အရာရောက်၏၊ ဓမ္မ ၄–ချက်ကို ချုပ်ငြိမ်းနိုင်သည် ရှိသော် (ဝါ) ပယ်သတ်နိုင်သည်ရှိသော် သံသရာ လောကကြီး တခုလုံး ပြာကျသည် မည်၏။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် တခုလုံးကို လုပ်ငန်းစဉ်အရ သိမ်းကြုံးလိုက်သော် ဤ ဓမ္မ ၄–ချက် တွက်ပေါ်လာလေသည်၊ ဤနည်း ဒုတိယ ဓမ္မကြွေးသော တရား အပေါင်းကို လုပ်ငန်းစဉ်အရ အကျဉ်း ဖုံးလိုက်ပြန်သော် ဤ ဓမ္မ ၄–ချက်ပင် ဖြစ်ပေ၏၊ သံသရာ၏ အစလည်း ဓမ္မ ၄–ချက်ပင် ဖြစ်၏၊ အဆုံးလည်း ဓမ္မ ၄–ချက်ပင်ဖြစ်၏။

ဓမ္မစကြာ ဒေသနာတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာ ၄–ပါး တရားတော်ကိုဤဓမ္မ ၄–ချက်၌ သွင်း၍ဝေဘန်သော်အောက်ပါအတိုင်းဝေဘန်နိုင်ပေသည်။

## ဝေဘန်ပုံမှာ

ဒုက္ခ သစ္စာ၏ သဘာဝတရား တခုလုံးကို ပဋိသန္ဓေဝိညာဏ် ခေါ် သဘော၌ သွင်းနိုင်လေသည်၊ အဘယ်ကြောင့် ဆို

ဤ၌ ပေါ်ထွက်ခြင်း အရ ဝေဘန်သော် ဦးခေါင်း ဆိုက်ရောက်ခြင်း သဘောကို ပညာနှင့် ဝေဘန်သိမ်းဆည်း ကြခလေ၊ ဝိညာဏ်နှင့် သိမ်းဆည်း၍ ရနိုင်သော သဘောမျိုး မဟုတ်ပေ။

ရှုပါရုံခေါ် အဆင်းသဘောသည်လည်း မနောဝိညာဏ် ခေါ် သဘောတရားမှ ထွက်ပေါ်နေသော အရောင်သဘော ဖြစ်ခသောကြောင့် သဘာဝချင်း တူနေကြလေသည်။

တူခြင်းအရ ဝိညာဏ်စွဲ အစေ့ောင်သဘော တူခြင်းကို ဉာဏ်အမြင် ပေါက်ကြပါ၊ အသခ်တ မေ့ အနေနှင့် တူခြင်း ကိုမဆိုလိုပါ၊ ထိုကြောင့် နိရောဓသစ္စာကို အဆင်းသဘော ၌ သွင်းနိုင်သည်ဟု မှတ်။

မဂ္ဂသစ္စာကိုလည်း အကြည် သဘော၌ သွင်းနိုင်လေ သည်၊ အဘယ်ကြောင့် ဆိုသော် မဂ္ဂသစ္စာ၏ သဘောကား ပယ်သတ်သော သစ္စာ ဖြစ်သောကြောင့် အကြည် သဘော သည်လည်း အဆင်းနှင့် တွေ့သောအခါ ၎င်း၏ ကြည်မှု ကြောင့် မနောဝိညာဏ် ပဉ္စဝိညာဏ်ခေါ် သံသရာကြီး စက်လည်နိုင်လေရကား အကြည်သဘောသည် ပယ်သတ် အပ်သော သဘာဝသို့ ဦးခေါင်း ဆိုက်ရောက်နေသည်။

ဤသို့ အားဖြင့် ပဟာယက, ပဟာတဗ္ဗ အဖြစ်ဖြင့် သဘာဝခြင်း တူသောကြောင့် မဂ္ဂ သစ္စာ၏ သဘောကို အကြည်ဓာတ် သဘော၌ သွင်းနိုင်လေသည်။

ဤကား ငါတို့၏ ဝိပဿနာဉာဏ် အမြင်ဖြင့် ဝေဘန်၍ ပြခြင်းဖြစ်ပေ၏၊ ကြေနပ်ကြလျှင် ယောဂီပုဂ္ဂိုလ်များ ယူဆနိုင်ပေ၏၊ မကြေနပ်လျှင် ငါတို့၏ အယူအတိုင်း ထားပါ။

ဤသို့အားဖြင့် သစ္စာ ၄-ပါး သဘောတရားနှင့် ဓမ္မ ၄-ချက်တို့၏ သဘောတရား နေပုံကို ဉာဏ်အမြင် ပိုင်ရန်လည်း လိုအပ်ပေသည်။

အဘယ်ကြောင့် ဆိုသော် သစ္စာ ၄-ပါး လုပ်ငန်းစဉ်သည် ဓမ္မစကြာ၌ သဘာဝ အားဖြင့်သာ ရှိလေသည်၊ လက်တွေ့ လုပ်ငန်းစဉ်မှာကား နေယျ ပုဂ္ဂိုလ်များ အတွက် ဓမ္မ ၄-ချက်ပေါ်သို့ တင်၍ ဘော်ပြနိုင်မှ အလုပ်စခန်းသို့ ဆိုက်ရောက်နိုင်မည် ဖြစ်၍ သစ္စာ ၄-ချက်ကို ဓမ္မ ၄-ချက်၌ သွင်း၍ ဝေဘန် သိမ်းဆည်း၍ ပြခြင်းဖြစ်ပေ၏။

နိစ္စသာရ နိမိတ်ခေါ် အဝိဇ္ဇာ အရိပ်သည် မနောဝိညာဏ်ရိပ် သန္တတိ မည်၏၊ အဘယ်ကြောင့် ဆိုသော် အဝိဇ္ဇာအရိပ်သည် အလုံးစုံသော သဘောတရား အရိပ်တို့၏, အခြေခံ မူလ အရိပ် ဖြစ်သောကြောင့် မနော ဝိညာဏ် သည်လည်း အလုံးစုံသော ဓမ္မတို့၏ မူလ အခြေခံ ဖြစ်လေသည်။

ဤသို့အားဖြင့် မူလခြင်း တူကြသောကြောင့် အဝိဇ္ဇာ အရိပ်ကို မနော ဝိညာဏ် အရိပ် သန္တတိဟု ပုံစံတွင် ဘော်ပြထားခြင်း ဖြစ်ပေ၏။

ထို အဝိဇ္ဇာ အရိပ်ခေါ် နိစ္စသာရ နိမိတ်ကို ပညာမြင် အနိစ္စဖြင့် ဝေဘန် သိမ်းဆည်းနိုင်လေသည်၊ ဝေဘန် သိမ်း ဆည်းပုံကို နောက်က ဘော်ပြခဲ့သဖြင့် ယောဂီ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ပေါက်လောက် နိုင်ပေပြီ၊ မဂ်သဘောက ၎င်းအဝိဇ္ဇာ အရိပ်ခေါ် အတိတ်သဘော နိစ္စသာရ နိမိတ် ကို ပယ်သတ်ပုံကိုသာ ဘော်ပြပေအံ့။

မဂ် ကိစ္စသည် ၄-ပါးရှိ၏၊ ပုံစံတွင် ဘော်ပြထားသည့် အတိုင်း။

၁။ နိယျာနဋ္ဌော၊ ဟေတုဋ္ဌော။

၂။ ဒဿနဋ္ဌော၊ အဓိပတေယျဋ္ဌော။

ဤသို့အားဖြင့် ၄-ပါးရှိ၏၊ ထို ၄-ပါးတို့ကို အစဉ် အတိုင်း သိ, ပယ်, ဆိုက်, ပွား, ဟု ဆိုလိုသည်။

အဝိဇ္ဇာအရိပ်ကို နိယျာနဋ္ဌောခေါ် သဘောတရားနှင့် ပယ်သတ်ရမည်၊ နိယျာနဋ္ဌောကို မြန်မာလို ပြန်သော် ထွက် မြောက်ခြင်း သဘောတရားကို ဆိုလို၏။

ထွက်မြောက်ခြင်း အရ ဝေဘန်လျှင် အဝိဇ္ဇာ သဘော ရိပ်ကို ကောက်ယူရမည် အဘယ်ကြောင့်ပါနည်း၊ အကျဉ်း အားဖြင့် သင်္ခတ လောက၏၊ သဘောတရားကို ဝေဘန် လျှင် အဝိဇ္ဇာနှင့် တဏှာ သဘော တရား ၂-ပါးတို့သည် အချင်းချင်း ပေါင်းစပ်၍ ဇာတ် ထောင်နေကြသော သဘော တရားပင်ဖြစ်ပေ၏။

အဝိဇ္ဇာ သဘောရိပ်ကား နာမ် သဘော အခြေခံ မည်၏၊ တဏှာသဘော အရိပ်ကား ရုပ် သဘော အခြေခံ မည်၏၊ အဝိဇ္ဇာ အရိပ်ကား ဓာတ်မ သဘော မည်၏၊ တဏှာ သဘောကား ဓာတ်ဖို သဘော မည်၏၊ ဤသို့အားဖြင့် အဝိဇ္ဇာနှင့် တဏှာ နာမ် သဘောနှင့် ရုပ် သဘော ဓာတ်ဖိုနှင့် ဓာတ်မ ပဋ္ဌာကွန္တာနှင့် ဥပါဒါနကွန္တာ ၂-ပါးတို့သည် အချင်းချင်းပေါင်းဘက်၍ သံသရာ လွန်း ၁ ရက်နေ့က ဇာတ်ထောင်ကြပြီး လာခဲ့ကြရာ တဦးနှင့် တဦး ရာသက်ပန် ရှယ်ကိုးလို့ ရိုးမြေကျ ပေါင်းမည်-ဟူသော ကတိဝတ်ကြီးနှင့် ဆက်ဆံလျက် ရှိနေရာ ယခုအခါ သောဘာပတ္တိခေါ် မဂ်သဘောက ပယ်ဖြတ်လိုက်ကြသဖြင့် ကတိဝတ်ပျက်ကြပြီးလျှင် အဝိဇ္ဇာ သဘောမှ တဏှာ သဘောသည် ခွဲ၍ ဖြတ်ထွက် ကွာကွင်း လိုက်ခြင်း သဘောကို နိဿရဏဓာ ထွက်မြောက်ခြင်း သဘောဟု ဆိုလိုသည်။

ဆိုလိုရင်းမှာ အဝိဇ္ဇာ သဘော အရိပ်မှ တဏှာ သဘော အရိပ် လွတ်မြောက် သွားခြင်းကို ဆိုလိုသည်၊ ဤနည်းအတူ အတိတ် ရိပ် ခေါ် သဘော တရားမှ ပစ္စုပ္ပန် အရိပ်၏ လွတ်မြောက်ခြင်းကိုလည်း နိဿရဏဟုဆိုလိုသည်။

ဝေဘန် သိမ်းဆည်းရန်မှာ အဝိဇ္ဇာ သဘောရိပ်မှ တဏှာ သဘောရိပ် လွတ်မြောက်သွားသော အခါ အဝိဇ္ဇာ သဘောသည် မည်သည့် သဘောတရားသို့ ဦးခေါင်း ကျသွားပါ

သနည်း၊ တဏှာ သဘောသည်လည်း အဝိဇ္ဇာနှင့် ကင်းပြတ် လိုက်သော အခါ မည်သည့် သဘောသို့ ဦးခေါင်း ဆိုက် ရောက်သွားပါသနည်း၊ ဤ သဘာဝကို ယောဂီ ပုဂ္ဂိုလ်များ ဉာဏ်အမြင် ပေါက်ရန် အရေးကြီး၏။

အဝိဇ္ဇာ သဘောရိပ်နှင့် တဏှာ သဘောရိပ် ၂-ပါးတို့ ကွာရှဲ ကင်းပြတ်ကြသော အခါ အဝိဇ္ဇာ သဘောသည် သင်္ခတ လောကခေါ် ဇာတ်ကြီးကို မတည်ထောင်နိုင်တော့ ဘဲ မပြုပြင်ခေါ် နိရောဓ သဘောကြီးသို့ အလိုလို မည်သူ မျှ မတိုက်တွန်းဘဲနှင့် ဦးခေါင်း ဆိုက်ရောက်သွားလေသည်။

ဤ မပြုပြင်ခြင်း နိရောဓ သဘောကို ယခုအခါ ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ်တို့က နိဗ္ဗာန်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ပေ၏။

၎င်း မပြုပြင်ခြင်း နိရောဓ သဘောကို သို့ ဟူ၍ ဆိုလို ရင်း ဖြစ်သည်၊ ပညာစက္ခုနှင့် မြင်အောင် ရှုကြလော့။

အဝိဇ္ဇာနှင့် တဏှာ ဟူသော သင်္ခတ လောကကြီးကို ပယ်သတ်ရန် ဆေးကား အထူးမရှိပေ၊ သဘာဝ ဉာဏ်နှင့် စေဘန်လျှင် အဝိဇ္ဇာ၏ သတ်ဆေးကား တဏှာပင်တည်း၊ တဏှာ၏ သတ်ဆေးကား အဝိဇ္ဇာပင်တည်း ဤသို့အားဖြင့် အပြန် အလှန် သတ်ဆေး ဖြစ်ကြကုန်၏။

ဤကား အဝိဇ္ဇာရိပ်ခေါ် အတိတ် သဘောသည် မပြု ပြင်ခြင်း သဘောသို့ မဂ်တရားက ပစ္စုပ္ပန်မှာ ရှိသော တဏှာ သဘောကို ပယ်သတ်လိုက်သဖြင့် အလိုလို နိရောဓ

သဘောသို့ ဦးခေါင်း ဆိုက်ရောက် သွားပုံကို ဝေဘန်၍ ပြခြင်းဖြစ်ပေ၏။

ပစ္စုပ္ပန် ဖြစ်သော တဏှာရိပ်ကို ဆက်လက်၍ ဘော်ပြပေအံ့။ တဏှာရိပ် ဆိုသည်မှာ ပစ္စုပ္ပန် အကျိုးတရား ၅-ပါးပင်ဖြစ်ပေ၏၊ ထို အကျိုး တရား ၅-ပါးကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ဘော်ပြထားသည်မှာ-

၁။ ဝိညာဏ်၊ ၃။ သဠာယတန၊

၂။ နာမ်-ရုပ်၊ ၄။ ဖဿ၊ ၅။ ဝေဒနာ၊

ဤ ၅-ပါးတို့ပင် ဖြစ်ပေ၏။

ထို ပစ္စုပ္ပန် အကျိုးတရား ၅-ပါးသည် တဏှာဟူသော အရိပ်သဘော ထွက်ပေါ်သော သဘောတရားများ ဖြစ်သောကြောင့် သတ္တဝါတို့၏ နှလုံးအိမ်၌ သုခ သာရ ခေါ်ချမ်းသာ၏-ဟူသော အနှစ်အသား အစွဲအယူ ရှိနေကြလေသည်။

ထို တဏှာရိပ်ကို မြတ်စွာဘုရား သခင်သည် ပညာမြင် ဒုက္ခဉာဏ်ဖြင့် ဝေဘန် သိမ်းဆည်း၍ ပြတော်မူလေသည်။

ဤ၌ ကုန်, ပျက်, ကင်း, ချုပ် ဟူသော သဘော ၄-ချက်တို့တွင် တဏှာရိပ်ခေါ် ပစ္စုပ္ပန်အကျိုးတရားကို ပျက်သဘော အစစ်အမှန်ဖြစ်၍ ပညာမြင် ဒုက္ခဖြင့် သိမ်းဆည်းရန် ဦးခေါင်း ဆိုက်နေလေသည်။

ထိုမှတပါး တဏှာရိပ်ခေါ် ပစ္စုပ္ပန် အကျိုးတရား ၅-ပါး သုခသာရ နိမိတ်ကို မမှ ၄-ချက်၌ သွင်း၍ ဝေဘန်သော် ပဋ္ဌဝိညာဏ်ရိပ်၌ သွင်း၍ ဝေဘန် နိုင်လေသည်၊ ပဋ္ဌဝိညာဏ် ဆိုသည်မှာလည်း ဝိပသာနာ လုပ်ငန်းစဉ်နှင့် ဝေဘန်သော် သညာသိ သဘောပင် ဖြစ်ပေ၏။

ထိုပစ္စုပ္ပန် တဏှာရိပ်ကို မဂ်ကိစ္စ ၄-ချက်၌ သွင်းသော် ပုံစံတွင် ပြဆိုထားသည့် အတိုင်း ပယ် သဘောပင် ဖြစ်၏။

ပယ်, သဘောအရ ဝေဘန်သော် ဟေတုဒွေ-ဟု ပြဆိုထားသောကြောင့် တဏှာရိပ်ကို ဟေတုဒွေ နှင့် ဝေဘန် သိမ်းဆည်းရမည်။

ဟေတုဒွေ ကို မြန်မာ ပြန်ဆိုလျှင် ရောက်ကြောင်း အနက် သဘောဟု ပြန်ဆိုရမည်၊ ရောက်ကြောင်း ဆိုသည်မှာလည်း အသင်္ခတ မမှခေါ် သဘောတရားသို့ဆိုက်ရောက်ခြင်း၏ အခြေခံ သဘောတရားကို ဆိုလို၏။

ယောဂီ ပုဂ္ဂိုလ်များ ဝေဘန်သိမ်းဆည်းနိုင်ရန် တဏှာရိပ်သဘော၏ ဟေတုဒွေ ဖြစ်ပုံကို ဘော်ပြုံးမည်။

အဝိဇ္ဇာရိပ်မှ ဖြတ်ထွက်လာသော တဏှာရိပ်သည် မည်သည့် သဘောတရားသို့ ဦးခေါင်း ဆိုက်ရောက်ပါသနည်း၊ အဝိဇ္ဇာရိပ်သည် မပြုပြင်ခြင်း သဘောသို့ ဒ လိုလို ဦးခေါင်းကျသလို တဏှာရိပ်သည်လည်း မိမိ အလိုလို မတိုက်တွန်း

ဘဲနှင့် မည်သည့် သဘောသို့ ဦးခေါင်းကျပါသနည်း၊ ဉာဏ်
အမြင် ပိုင်အောင် ဝေဘန် သိမ်းဆည်းရမည်။

တဏှာရိပ်သည်ကား မဖြစ် သဘောသို့ အလိုလို ဦး
ခေါင်း ကျရောက်လေသည်၊ မဖြစ်သဘော ဆိုသည်မှာ
အနာဂတ်ခေါ် ကံသဘောကို မဖြစ်နိုင်ခြင်းပင်ဖြစ်ပေသည်။
ကံသဘော၏ မဖြစ်ပေါ်ခြင်းကို မဂ္ဂသစ္စာ ဟူ၍ခေါ်
သည်၊ ဤဝေဘန်ချက် သည်ကား အလွန် သိမ်မွေ့လှ၏၊
ဩြဘ်- မြင်နိုင်ခဲလေစွ တကား။

ထို့ကြောင့် သိ, ပယ်, ဆိုက်, ပွား ဟူသော ကိစ္စ ၄-
ချက်တို့တွင် ပစ္စုပ္ပန် တဏှာရိပ်ကို ပယ်ဟု ဆိုလိုသည်။

လုပ်ငန်းစဉ်အရ သဘောတရား နေပုံကို ဝေဘန်လျှင်
မဂ်သဘောဆိုသည်မှာ ပစ္စုပ္ပန်အာရုံတွင် ရှိသော တဏှာ
အနုသယ ကို ပယ်သတ်လိုက်ခြင်းပင် ဖြစ်၏။

တဏှာအနုသယ ဆိုသည်မှာလည်း အဝိဇ္ဇာ အရိပ်တွင်
အစဉ်ကိန်းနေသော တဏှာ သဘောကို အနုသယဟု ဆို
သည်၊ ၎င်းတို့ကို သဘာဝအားဖြင့် ဝေဘန်လျှင် အဝိဇ္ဇာ
အရိပ်သည်ကား ပဋ္ဌကဿန္တာ မည်၏၊ တဏှာ အရိပ်သည်ကား
ဥပါဒါနက္ခန္ဓာ မည်၏၊ အဝိဇ္ဇာအရိပ်သည် အာရုံမည်၏၊
တဏှာအရိပ်သည် အာရမ္မဏိက မည်၏၊ ဤသို့ သဘာဝနေ
ပုံ ဉာဏ်အမြင် ပေါက်ကြစေလိုသည်။

သောတာပတ္တိ မဂ်ဉာဏ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးကို ပယ်သည်ဟု ဆိုရာ၌ လုပ်ငန်းစဉ် အနေနှင့် ဆင်ခြင်လျှင် ဝိစိကိစ္ဆာ သဘောကား အဝိဇ္ဇာ ရိပ်မည်၏၊ ဒိဋ္ဌိ သဘောကား တဏှာ ရိပ် မည်၏၊ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ သဘော ၂-ပါးကို တခြားစီ ထင်မှတ် မနေကြနှင့်၊ ဝိစိကိစ္ဆာ သဘော ရိပ်မှ ဒိဋ္ဌိသဘော အနုသယ အနေနှင့် ဝင်နေပုံကို ဉာဏ် အမြင် အထူးပေါက်ကြ စေလိုသည်။

ပစ္စုပ္ပန် အာရုံ၌ တဏှာရိပ်ကို သောတာပတ္တိ မဂ်ဉာဏ် ဖြင့် ပယ်သတ်ပုံကို ဝေဘန်သိမ်းဆည်း ပြပြီး၍ ယခုတဖန် အနာဂတ် အာရုံ၌ ကံရိပ်၏ ဆိတ်သုဉ်းပုံကို ဝေဘန် သိမ်း ဆည်းနိုင်ရန် ဘော်ပြပေအံ့။

ကံ အရိပ် ဆိုသည်မှာ အဝိဇ္ဇာနှင့် တဏှာ ၂-ပါးတို့၏ ဆက်စပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အရိပ်ပင် ဖြစ်၏၊ အဝိဇ္ဇာ နုသယ ပရိက္ခိတ္တေန တဏှာနုသယ မူလကေန-ဟု ဆိုသောကြောင့် အဝိဇ္ဇာရိပ်သဘောသည်ကား ပဓ္ဓယ ခေါ် အကြောင်းအနေနှင့် အခြေခံရှိသည်၊ တဏှာရိပ်သည်ကား ဟေတု ခေါ် အကြောင်း အနေနှင့် အခြေခံရှိသည်၊ ထို အဝိဇ္ဇာ တဏှာရိပ် ၂-ပါးတို့၏ အခြေခံ ဆက်စပ်သော သန္တတိ သဘော ဟိတ် ကြောင့် ကံ ခေါ်သော အရိပ် သဘောသည် ထွက်ပေါ် လာလေသည်။ ဤနည်းအတူ အနာဂတ် အာရုံသည် အတိတ်သဘောနှင့် ပစ္စုပ္ပန်သဘော ၂-ပါးကြောင့် ဖြစ်ပေါ်လာသော အာရုံ ဖြစ်ပေ၏။

ထို ကံရိပ်ကို ပုံစံတွင် ပြဆိုထားသည့်အတိုင်း အကျယ် ဝေဘန်လျှင် ပစ္စုပ္ပန်ခေါ် အကြောင်းတရား ၅-ပါးပင် တည်း။

**ပစ္စုပ္ပန် အကြောင်းတရား ၅-ပါးဆိုသည်မှာ**

၁။ တဏှာ၊ ၃။ ဘဝ၊
၂။ ဥပါဒါန်၊ ၄။ အဝိဇ္ဇာ၊
၅။ သင်္ခါရ၊

ဤ ၅-ပါး ပင် ဖြစ်၏။

ပစ္စုပ္ပန် အကြောင်းရင်းတရားသည်ကား ပစ္စုပ္ပန်အကျိုး သဘောမှ အနာဂတ်အတွက် ပေါ်ထွက်လာသော သဘော တရားပင် ဖြစ်ပေသည်။

ထိုအကြောင်း သဘော ပေါ်ခဲ့သည်ရှိသော် အနာဂတ် သံသရာကြီးသည် မလည်ပတ်နိုင်တော့ဘဲ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် တပြိုင်တည်း ပြတ်ကင်း လေတော့သည်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် အနာဂတ် ခေါ် ကံရိပ်သဘော မပေါ်ထွက်နိုင်အောင် ပြုလုပ် အားထုတ် ကြသော ၂၉-ပါးသော ကံတရားတို့၌ ကုသိုလ်သဘော သာ ဖြစ်စေရမည်၊ ကံ သဘော မဖြစ်ကြစေရန် သတိ ကြပ်ကြပ် ပြုရမည်။

ထို ကံ အရိပ်ကို သာဝ ၄-လုံး၌ သွင်းသော် သုဘာသာဝ နိမိတ် မည်၏၊ ထို နိမိတ်ကို သဘာဝနည်းနှင့် ဝေဘန် ဆင်

ခြင်လျှင် ရုပ်သဘောမှ ထွက်ပေါ်လာသော တဏှာ သဘော ပင်ဖြစ်၍ မဂ်ပယ်စဉ်၌ သွင်းလျှင် အနာဂမ် ပုဂ္ဂိုလ်တို့မှာ ပြာကျအောင် ပယ်သတ်နိုင်လေသည်၊ သောတာပန် ပုဂ္ဂိုလ်မှာကား ဒိဋ္ဌိနှင့် ယှဉ်သော သုဘ အရိပ်ကိုသာ ပယ်သတ်နိုင်သေးသည်။

၎င်း သုဘနိမိတ်ကို ပညာမြင် အသုဘ ဉာဏ်ဖြင့် မြင်အောင် ဝေဘန် သိမ်းဆည်းရမည်၊ ထင်မြင်အောင် သိမ်းဆည်း ရန်မှာလည်း နောက်က ပြခဲ့သော ကုန်, ပျက်, ကင်း, ချုပ်, ခေါ် သဘော ၄-ချက်တို့တွင် သုဘ နိမိတ်ကို ကင်း ခြင်းဟူသော သဘောသို့ ဦးခေါင်း ဆိုက်နေခြင်းပင် ဖြစ်သည်။

ဤ၌ ကင်းခြင်း အရ အနာဂတ် သဘော ကိုရိပ်ကို ဝေဘန်၍ သိမ်းဆည်းပါ၊ ဓမ္မ ၄-ချက်၌ တဘန် သွင်းပြန်သော် ကရိပ်သည် အကြည်ရိပ် သန္တတိ သဘော၌ သွင်းနိုင်လေသည်။

## သွင်းနိုင်ပုံမှာ

အကြည်သဘော ဆိုသည်မှာ ရုပ်သဘော ဖြစ်၍ မိမိ၏ သဘောအလိုဖြင့် မကြည်နိုင်ရာ၊ မနော ဝိညာဏ် ပဉ္စဝိညာဏ် တို့၏ သဘော အလိုဖြင့်သာ ကြည်နိုင်သော သဘော တရား အမှန် ဖြစ်သောကြောင့် ထို ပဉ္စဝိညာဏ် မနော ဝိညာဏတို့ကို ပယ်သတ်လိုက်သည် ရှိသော် အကြည်သဘော

သည့် မိမိ အလိုလို မကြည်နိုင်ခြင်းဟူသော အသုဘ သဘော သို့ ဦးခေါင်း ဆိုက်ရောက်ရလေသည်။

ဆိုလိုရင်းမှာ ကြည်နိုင်လျှင် သုဘ သဘော ဟူ၍ မှတ်၊ မကြည်နိုင်လျှင် အသုဘ သဘော မတင့်တယ် ဟူ၍ မှတ်၊ ဤကား လိုရင်း သဘောကို ဝေဘန်၍ ပြဆိုလိုက်ခြင်းဖြစ် ပေ၏။

ထို ဂံရိပ်ကို မဂ်ဉာဏ်က ပယ်သတ်ပုံမှာ ပုံစံတွင် ပြထား သည့်အတိုင်း ဒဿနဋ္ဌာဟု ဆိုထားသောကြောင့် မြင် ခြင်း အနက်သဘောဟု ဆိုလို၏၊ မြင်ခြင်း အရ ဝေဘန် လျှင် ချုပ်ငြိမ်းခြင်းခေါ် အသင်္ခတ ဓမ္မသို့ ဆိုက်ရောက်ခြင်း ပင် ဖြစ်၏။

လိုရင်း သဘောမှာ အဝိဇ္ဇာ တဏှာ အရိပ် ၂-ပါးတို့၏ ဆက်စပ်ခြင်းကြောင့် ဖြစ်သော အနာဂတ် သဘော ဂံ ရိပ် သည် အရင်း မူလဖြစ်သော အဝိဇ္ဇာ တဏှာ ၂-ပါးတို့ ချုပ် ငြိမ်း ကြသည်ရှိသော် ၎င်းဂံရိပ်သည် အဘယ်မှာလျှင် ရှိနိုင် ပါအံ့နည်း၊ ဆိုက်ႇဟု ပြထားသည့်အတိုင်း နိရောဓ သဘော သို့ ဦးခေါင်း ကျရောက် ရလေသည်၊ ထို နိရောဓ သဘောကို သောတာပန် ပုဂ္ဂိုလ်တို့ မျက်မှောက် အပိုင် ပြုနိုင်ကြလေ သည်။

နိရောဓအရ ဝေဘန်လျှင် ပဖြစ်သဘော မျှသာ ရှိ သေး၏။

မဖြစ် သဘောခေါ် နိရောဓ မျိုးသည်ကား သင်္ခတ ချုပ် သဘောကို ဆိုလို၏၊ ဤကားကံအရိပ်၏ နိရောဓ ဝင်ပုံကို ဒဿနဋ္ဌေခေါ် မဂ်ကိစ္စနှင့် ဝေဘန် သိမ်းဆည်း ပြခြင်း ပင်တည်း။

အာဟာရ ရိပ် ဆိုသည်မှာ အနာဂတ် အကျိုး တရား ငါးပါးပင်တည်း။

၁။ ဝိညာဏ်၊ ၃။ သဠာယတန၊

၂။ နာမ်-ရုပ်၊ ၄။ ဖဿ၊ ၅။ ဝေဒနာ၊

ဤ ငါးပါးတို့ကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ အနာဂတ် အကျိုး တရား ငါးပါးဟု ပြထားလေသည်။

ထို အာဟာရ အရိပ်သည် သာရ ၄-လုံးတို့တွင် အတ္တ သာရ နိမိတ် မည်၏၊ အတ္တသာရ ဆိုသည်မှာ အနှစ် အသား ရှိ၏ဟု စွဲယူနေသော အစွဲအယူပင် ဖြစ်၏။

ထို အတ္တသာရ နိမိတ်ကို ပညာမြင် အနတ္တဉာဏ်ဖြင့် ဝေဘန် သိမ်းဆည်း နိုင်လေသည်၊ အနတ္တ ဉာဏ် သဘောကို ကုန်, ပျက်, ကင်း, ချုပ်, ဟူသော သဘော ၄-ချက်၌ သွင်း သော် ချုပ်သဘော မည်၏။

ချုပ်ခြင်း ဆိုသည်မှာလည်း အနာဂတ် အကျိုး တရား၏ သုဉ်းဆိတ်ခြင်းပင် ဖြစ်ပေ၏၊မြင်အောင် ဆင်ခြင်ပါ၊အလွန် သိမ်မွေ့လှ၏။

ဓမ္မ ၄-ချက်တို့တွင်လည်း အာဟာရ အရိပ်သည် အဆင်း ရိပ် သန္တတိ သဘော မည်၏၊ အပြင် ဗဟိဒ္ဓမှာ ရှိသော

အဆင်း သဘောသည် အာရုံ၏ ကိစ္စကို ဆောင်ရွက်နိုင်ခြင်း ရှိသောကြောင့် ၎င်းကို အာဟာရ အရိပ်သဘော၌ သွင်း နိုင်လေသည်။

မဂ် ပယ်ပုံသို့ တင်၍ ဝေဘန်လျှင် ပုံစံတွင် ပြဆိုထား သည့်အတိုင်း အမိပ္ပတေယျဋ္ဌော-ဟူသော မဂ်ကိစ္စနှင့် ဝေ ဘန် သိမ်းဆည်းရမည်။

အမိပ္ပတေယျဋ္ဌောကို မြန်မာပြန်လျှင် ကြီးမှူးစိုးရသော သဘောတရားကို ဆိုလို၏၊ ကြီးမှူး စိုးရဆိုသည်မှာ မဂ္ဂင် ၈-ပါး အပြည့် အစုံနှင့် တကွ ဖြစ်ပေါ်လာသော ဝါ ကိစ္စ ၄-ချက် တပြိုင်နက် ဖြစ်ပေါ်နိုင်သော သောတာပတ္တိ မဂ် ဉာဏ်ကြီးကို ဆိုလိုရင်းဖြစ်သည်။

လုပ်ငန်းစဉ်နှင့် ဝေဘန်လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော ကာလ ၃-ပါးလုံးဆိတ်သုဉ်း၍ မဂ် ၄-ချက်ပြာကျ ပြီးလျှင် အဝိဇ္ဇာ ကံရိပ် အလုံးစုံတို့သည် ဆက်စပ်ခြင်းခေါ် အာဟာရ အရိပ် မထွက်နိုင်တော့ဘဲ သုဉ်းဆိတ်ခြင်း သဘောသို့ ဦးခေါင်း ကျရောက်ခြင်းကို အမိပ္ပတေယျဋ္ဌော ဟု ဆိုလိုရင်း ဖြစ်ပေ၏။

၎င်း ကြီးမှူး စိုးရခြင်း သဘောကို ပွား့ဟု ပုံစံတွင် ပြထားသောကြောင့် ပွား့ အရကို ပြီးပြည့်စုံခြင်း သဘော ဟု ဝေဘန် ဆင်ခြင်ပါ သမထ အပွားမျိုး ပုတီးစိတ်တဲ့ အပွားမျိုးကို မယူပါနှင့်၊ ပြီးပြည့်စုံခြင်း ဆိုသည်မှာလည်း

အလုံးစုံ သဘောတရားတို့၏ ဦးခေါင်းသည် အနတ္တဓမ္မပင် ဖြစ်ပေသည်။

ထို အနတ္တဓမ္မသို့ ကာလ ၃-ပါး ဓမ္မ ၄-ချက် အရိပ် ၄-ပါး နိမိတ် ၄-ချက်တို့သည် အညီ အညွတ် တပြိုင်တည်း ဦးခေါင်း ဆိုက်ရောက်ကြခြင်းပင် ဖြစ်ပေ၏။

ဤဘော်ပြအပ်သော စကား အစဉ်ဖြင့် အနတ္တ ဝိပဿနာ အဖွင့်ကျမ်းသည် ပုံစံပေါင်း ၇-ကဏ္ဍတို့ဖြင့် တန်ဆာဆင်၍ ယောဂီ ပုဂ္ဂိုလ်များအတွက် ကြေးမုံပြင် အသွင် အထင် အရှား သဘာဝ ဉာဏ်ကို အရင်းမူလ ထား၍ အနုံစိတ် ဝေဘန်ပြအပ်သော လုပ်ငန်းစဉ်သည် ပြီးပြည့်စုံပြီဖြစ်ပေ၏။

ဤအနတ္တ ဝိပဿနာအဖွင့်ကျမ်းတွင် ဘော်ပြထားသော ဓမ္မအဆီ တရား အရသာတို့ကို မြိန်ရှက်စွာ ခံစား သုံးဆောင် နိုင်ကြပြီးလျှင် ယောဂီ ပုဂ္ဂိုလ် အပေါင်းတို့သည် ဝိပဿနာ ဉာဏ် ၉-ဉာဏ်နှင့် ဓမ္မစကြာ အလင်းဓာတ် ပေါက်ကြကုန်၍ အနတ္တလက္ခဏာသုတ် လုပ်ငန်းစဉ် စခန်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် အနာဂါမိက ဝိမုတ္တိ ပန်းတိုင်သို့ လှမ်းကိုင်တော် မူနိုင်ကြပါစေသတည်း။

၁၄၉. စာကြည့်တိုက် ဓမ္မစကြာ သာသနာပြုအဖွဲ့၊
ပိဋကဘာသာပြန်စာပေ ရန်ကုန်မြို့။
ပြန်ကြားရေးအဖွဲ့
၁၃၁၄ ခု ဝါခေါင်လဆန်း ၁၁ ရက် သောကြာနေ့၊
ဤကျမ်းကို တိုင်းပြည်သို့ တင်ဆက်ခဲ့သည်။

ဤကျမ်းပါ စကားများသည် အလွန်သိမ်မွေ့လှ ပါသဖြင့် အဓိပ္ပါယ်ကို မဝေဘန် မသိမ်းဆည်းနိုင်ပါက အောက်ပါ ဌာနများသို့ တရား သင်တန်း သော်၎င်း၊ တရား အားထုတ်၍သော်၎င်း၊ ခံယူ တော်မူကြပါ။

မန္တလေးမြို့၊ အရှေ့ပြင် မင်္ဂလာ ဥယျာဉ်ရပ်၊ ဓမ္မ စကြာ ပဋိပတ် ရိပ်သာနှင့်၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ဓမ္မ စကြာ သာသနာပြု အဖွဲ့ချုပ်တွင် လာရောက် အားထုတ်နိုင်ပါကြောင်း။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၄၄၄)

ထုတ်ဝေသူ။ ။အရှင်ကာဝိဓဇသီရိ ကင်းလွတ်ခွင့် အမှတ်(၀၃၉၂) မဓ္ဓစကြာ သာသနာပြု အဖွဲ့ချုပ်၊ ကမ္ဘာအေး ဘုရားလမ်း ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးစိန်လင်း၊ (၀၇၂၀) ရတနာသီရိစာပုံနှိပ်တိုက်၊ အမှတ် ၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ။

စာအုပ်ရေ။ ။၃၀၀၀ ဒုတိယ အကြိမ်

အဘိုး။ ။ဒိ

၁၃၂၉ ခု၊ တန်ခူးလဆန်း ၁၂ ရက်။

ရတနာ သီရိ

ရတနာသီရိ စာပုံနှိပ်တိုက်၊

၁၀-၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။